The Mirror Daily

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်း ဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့။ | Wednesday, 22 January 2020 | ၉၉၀၂


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# နန်းယွန်းမြို့နယ်နှင့် ပင်လည်ဘူးမြို့နယ်တို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

ဟုမ္မလင်း ဇန်နဝါရီ ၂၁

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဦးအုန်းဝင်းနှင့် ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူနှင့် ဦးလှမော်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့သို့ ရောက်ရှိကြသည်။**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ခန္တီးမြို့လေဆိပ်တွင် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ခန္တီးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ရောက်ရှိ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ခန္တီးမြို့မှတစ်ဆင့် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ စစ်ကိုင်းတိုင်းဒေသကြီး နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းနှင့် တာဝန်ရှိသူများ၊ နာဂတိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နန်းယွန်းမြို့နယ် စုပေါင်းရုံးခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

**အထူးအလေးထား**

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အဓိက အရေးကြီးတဲ့ကိစ္စတစ်ခုက လမ်းပန်းဆက်သွယ်ရေးပဲ ဖြစ်ပါတယ်။ တစ်နေရာနဲ့တစ်နေရာ ချောချောမွေ့မွေ့ လွယ်လွယ်ကူကူ သွားနိုင်လာနိုင်မှသာလျှင် ကျွန်မတို့နိုင်ငံတစ်နိုင်ငံလုံးဟာ ဖွံ့ဖြိုးတိုးတက်နိုင်မှာပါ။ ဒါကြောင့် ကျွန်မတို့အနေနဲ့ ဒီလိုဝေးလံခေါင်သီတဲ့ ဒေသတွေရဲ့ လမ်းပန်းဆက်သွယ်ရေးကို အထူးအလေးထားပါတယ်။ ကျွန်မနားလည်သလောက်က ဒီဒေသကို မိုးတွင်းမှာ လာမယ်ဆိုရင် အခက်အခဲတွေ အများကြီးရှိပါတယ်။ ဒါကြောင့်မို့ ရာသီစုံလမ်းတွေဟာ အဓိကကျတယ်ဆိုတာကို နားလည်ပါတယ်။

ဒါပေမယ့် ဒါဟာ ဒီဒေသတင်မဟုတ်ပါဘူး၊ တစ်နိုင်ငံလုံးမှာ ဖြစ်နေတာကို ကျွန်မတို့တွေ့ခဲ့ရပါတယ်။ ဘယ်နေရာသွားသွား လမ်းပန်းဆက်သွယ်ရေးဟာ အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့လို မုတ်သုံရာသီကို ရင်ဆိုင်နေရတဲ့ နိုင်ငံအတွက်ဆိုရင် အထူးသဖြင့် မိုးတွင်းမှာ မိုးဒဏ်ခံနိုင်မယ့် လမ်းတွေရှိဖို့ဟာ ကျွန်မတို့ ပြည်သူပြည်သားတွေအတွက် အဓိကလိုအပ်ချက်တစ်ခု ဖြစ်ပါတယ်။ အဲဒီလိုအပ်ချက်ကိုလည်း ကျွန်မတို့အနေနဲ့ ဖြည့်ဆည်းပေးဖို့ အတတ်နိုင်ဆုံး ကြိုးစားနေပါတယ်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ○


**နိုင်ငံတစ်နိုင်ငံ တိုးတက်ဖို့ဆိုတာ ပြည်သူလူထုတွေက အဓိကပါပဲ။ ပြည်သူလူထုတွေရဲ့ စိတ်ဓာတ်ခိုင်မာမှုမရှိရင်၊ ပြည်သူလူထုတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုမရှိရင် ဘယ်နိုင်ငံမှ ရေရှည်တည်တံ့ခိုင်မြဲတဲ့ တိုးတက်မှုကို ရနိုင်မှာမဟုတ်ပါဘူး။**


KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

# ကြေးမုံ

## ပြည်ထောင်စုစိတ်ဓာတ် နိုးကြားရှင်သန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ရည်မှန်းချက်သည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ ပေါ်ပေါက်လာရေးဖြစ်သည်။ တိုင်းရင်းသားပြည်သူအားလုံး ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာမှုမရှိဘဲ၊ ပြည်ထောင်စုစိတ်ဓာတ် နိုးကြားရှင်သန်ထက်သန်မှုမရှိဘဲ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်မည်မဟုတ်ပါ။ ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမ ပြည်သူများအားလုံး ပြည်ထောင်စုစိတ်ဓာတ် မြဲမြံခိုင်ကျည်ထက်သန်ခိုင်မာအောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံ၊ ယဉ်ကျေးမှုဓလေ့ပေါင်းစုံ၊ ကိုးကွယ်ယုံကြည်မှုပေါင်းစုံတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသောနိုင်ငံဖြစ်သည်။ မတူကွဲပြားသော ပထဝီဝင် ဒေသအသီးသီးတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအပေါင်းတို့သည် မိမိတို့၏ ဘာသာဓလေ့ ထုံးတမ်းစဉ်လာများကို အမြတ်တနိုးတန်ဖိုးထားရင်း မတူကွဲပြားသော တိုင်းရင်းသားညီအစ်ကို မောင်နှမအချင်းချင်း ချစ်ခင်ရင်းနှီးစွာဖြင့် လက်တွဲနေထိုင်ခဲ့ကြသည်။

ထိုသို့ တိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးသော စိတ်ဓာတ်အရင်းခံ၊ အေးအတူပူအမျှ လက်တွဲနေထိုင်ကြမည်ဆိုသော ခံယူချက်ဖြင့် စည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်ကာ လွတ်လပ်ရေးကို အရယူခဲ့ကြသည်။ သို့သော် လွတ်လပ်ရေးရပြီးသည်နှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ယုံကြည်ချက်၊ ခံယူချက်ကွဲပြားခြားနားပြီး လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားလာခဲ့ရာ ယနေ့ထက်တိုင်ဖြစ်သည်။ အကျိုးဆက်မှာ တိုင်းပြည်နှင့် တိုင်းရင်းသားပြည်သူများပင် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသည်။

ထိုပြဿနာကို အဖြေရှာနိုင်ရန်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးကို တည်ဆောက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား သင့်မြတ်အောင် ဆောင်ရွက်ရေးသာမက တိုင်းရင်းသားအချင်းချင်းအကြားတွင်လည်း သင့်မြတ်ရေးကိုပါ ဆောင်ရွက်ကြရမည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်ကြာစွာ တည်တံ့ခိုင်မြဲရေးကို ဆောင်ရွက်ရာတွင် တိုင်းရင်းသားအားလုံး တန်းတူရည်တူ ပါဝင်ဖော်ဆောင်နိုင်မှုသည် အလွန်အရေးကြီးလှပါသည်။ တန်းတူရည်တူပါဝင်မှ ဒီမိုကရေစီဖက်ဒရယ်စနစ်အတွင်း တိုင်းရင်းသားများ လိုလားတောင့်တနေသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် တိုင်းရင်းသားအားလုံး တန်းတူရည်တူဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံတွင် ပါဝင်ကြဖို့ တိုက်တွန်းအပ်ပါသည်။ ပြည်ထောင်စုကြီးတစ်ခု၏ အကျိုးစီးပွားဖြစ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အဓိကလိုအပ်ချက်သည် ယုံကြည်မှုပင်ဖြစ်သည်။ သို့ဖြစ်၍ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား သံသယစိတ်များကင်းစင်ပြီး ခိုင်မာသည့် ယုံကြည်မှုကို ရရှိနိုင်ရန်အတွက် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်သည်။ တိုင်းရင်းသားသွေးစည်းညီညွတ်မှုနှင့် အမျိုးသား ပြန်လည်သင့်မြတ်မှုတို့ကို ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်နိုင်သည်နှင့်အမျှ ငြိမ်းချမ်းသာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး မလွဲမသွေတည်ဆောက်နိုင်မည်ဖြစ်သည်။

(၂၀)ရာစု ပင်လုံညီလာခံ၏ အနှစ်သာရသည် တိုင်းရင်းသားအားလုံး တစည်းတလုံးတည်း အတူတကွ လွတ်လပ်ရေးရရှိရေးဖြစ်သည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ သွေးစည်းညီညွတ်မှုကို အခိုင်အမာဖော်ကျူးပြသပြီး ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုပင်လုံစာချုပ်၏ သက်သေအထောက်အထားဖြင့် လွတ်လပ်ရေးအောင်ပန်းကို ဆွတ်ခူးနိုင်ခဲ့သည်။ (၂၁)ရာစု ပင်လုံညီလာခံ၏ အနှစ်သာရသည် တိုင်းရင်းသားပြည်သူအားလုံး တစုတစည်းတည်းဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းလာရေးဖြစ်သည်။ နှစ်ပေါင်းများစွာ သက်တမ်းရှည်ကြာလာခဲ့သည့် လက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ဖြေရှင်းချက်သည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေးပင်ဖြစ်သည်။

သို့ဖြစ်ရာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၏ အရင်းအမြစ်သည် ပြည်ထောင်စုစိတ်ဓာတ်ဖြစ်သည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ညီညီညွတ်ညွတ်နှင့် အချင်းချင်း အပြန်အလှန်ညှိနှိုင်းတိုင်ပင်ကာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မည်ဟူသည့် သန္နိဋ္ဌာန်သည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်၍ တိုင်းရင်းသားညီအစ်ကိုမောင်နှမ ပြည်သူများအားလုံး ကိုယ်စီကိုယ်စီ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်ကျည်အောင် ကြိုးပမ်း တည်ဆောက်ကြဖို့ တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၃) တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့်တရားစီရင်ရေးနှင့် နိုင်ငံသားများ ဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၄) မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်းတိုးတက်မြင့်မားစေရေး။

(၅) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။

## (၁၀၂)ကြိမ်မြောက် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟစာအောင် ဆုနှင်းသဘင်အခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၁**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၁၀၂) ကြိမ်မြောက် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာအောင်ဆုနှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရွှေတိဂုံစေတီရင်ပြင်တော် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။



**ငါးပါးသီလ ခံယူ**

ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ရန်ကင်းမြို့နယ် ဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက်ကျိုက်ပိကျောင်းဆရာတော် ဘဒ္ဒန္တဂုဏောသနထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဒေါ့ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးထွန်းထွန်းဦးက ပူဇော်ပွဲကျင်းပရခြင်းအကြောင်း ဂုဏပူဇာမင်္ဂလာ လျှောက်ထားလွှာကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် (၁၀၂)ကြိမ်မြောက် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲတွင် သီးခြားစာချတန်းအောင် သံဃာတော်နှစ်ပါးဖြစ်သည့် စစ်ကိုင်းမြို့ သောတာပန်ရပ် မြစကြာကျောင်းတိုက်မှ အရှင်ကဝိန္ဒာလင်္ကာရာဘိဝံသနှင့် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက် သစ်စည်ရှင်ကျောင်းမှ အရှင်ဇယဒိသာလင်္ကာရာဘိဝံသတို့အား စေတိယင်္ဂဏ ပရိယတ္တိဓမ္မာစရိယ ဂဏဝါစကဘွဲ့ကို လည်းကောင်း၊ သီးခြားစာသင်တန်းအောင် သံဃာတော် ရှစ်ပါးဖြစ်ကြသည့် စစ်ကိုင်းမြို့ သောတာပန်ရပ် မြစကြာကျောင်းတိုက်မှ အရှင်ဆေကိန္ဒာလင်္ကာရ၊ အရှင်ဆေကိဿရာလင်္ကာရ၊ အရှင် နေပုညာလင်္ကာရ၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဓမ္မဝိနယရုံသီကျောင်းမှ အရှင်နန္ဒဝံသ လင်္ကာရ၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက်မှ အရှင်စက္ကိန္ဒာလင်္ကာရ၊ စစ်ကိုင်းမြို့ ကနားတော်ရပ် မဟာသိမ်တော်ကျောင်းမှ အရှင် အဂ္ဂဝေဒါလင်္ကာရ၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဓမ္မဘာဏကကျောင်းမှ အရှင် အရိန္ဒမနှင့် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဓမ္မသုဝဏ္ဏမေတ္တာကျောင်းမှ အရှင်ဝိစာရတို့အား စေတိယင်္ဂဏအဘိဝံသဘွဲ့ကို လည်းကောင်း ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူး ဦးစိန်မော်နှင့် ဂေါပကအဖွဲ့ဝင်များက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်ကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ စေတိယင်္ဂဏနာယက ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စာထောက်စာမ ဆရာတော်များအား ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

သတင်း-ကိုကိုဇော်
ဓာတ်ပုံ-ဇော်မင်းလတ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၁-၁-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၁,၅၀၀ | ၁,၅၂၀ | ၁၇,၄၈၀,၀၀၀ |
| MTSH | ၃,၈၅၀ | ၃,၉၀၀ | ၄,၄၉၁ | ၁၇,၂၉၀,၄၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၁၅၀ | ၁,၂၁၅,၀၀၀ |
| FPB | ၂၃,၀၀၀ | ၂၃,၀၀၀ | ၄ | ၉၂,၀၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၇၅ | ၂၁၇,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဇန်နဝါရီ ၂၁**

ရန်ကုန်(ရွှေဈေး) ၁၂၁၅၀၀၀ မန္တလေး(ရွှေဈေး) ၁၂၁၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀/၉၄၀ ကျပ် | ၉၄၅/၉၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၂၀/၉၅၅ ကျပ် | ၉၉၅/၁၀၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၀၀/၈၆၀ ကျပ် | ၈၉၅/၉၀၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၀/၉၅၅ ကျပ် | ၉၆၀/၉၇၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၄၀/၈၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၅၅/၈၆၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၅၅/၇၆၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၆၅.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၂၄.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၂.၁၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၈.၂၁၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၅၉.၆၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၅၇၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၃၂.၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅.၄၇ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၀၃.၆ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၈၅.၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နန်းယွန်းမြို့နယ် စုပေါင်းရုံးခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

○ ရှေ့ဖုံးမှ

အခု သုံး၊ လေးနှစ်အတွင်းမှာဆိုရင် လမ်းပန်းဆက်သွယ်ရေးဟာ အင်မတန် တိုးတက်လာတယ်ဆိုပေမယ့်လည်း လိုအပ်တာတွေလည်း အများကြီးရှိပါသေးတယ်။ ကျွန်မတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်တာနဲ့အမျှ ကျွန်မတို့ ပြည်သူလူထုရဲ့ဘဝတွေ ပိုပြီးအေးချမ်းအောင်၊ ပိုပြီးသာယာအောင် လုပ်သွားဖို့က အင်မတန်မှ အရေးကြီးပါတယ်။

**ဖွံ့ဖြိုးတိုးတက်တယ်ဆိုတာ**

နိုင်ငံတစ်နိုင်ငံ တိုးတက်ဖို့ဆိုတာ ပြည်သူလူထုတွေက အဓိကပါပဲ။ ပြည်သူလူထုတွေရဲ့ စိတ်ဓာတ်ခိုင်မာမှုမရှိရင်၊ ပြည်သူလူထုတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုမရှိရင် ဘယ်နိုင်ငံမှ ရေရှည်တည်တံ့ခိုင်မြဲတဲ့တိုးတက်မှုကို ရနိုင်မှာ မဟုတ်ပါဘူး။ ဖွံ့ဖြိုးတိုးတက်တယ်ဆိုတာကို ကျွန်မတို့က ဘာကိုကြည့်ပြီး တိုင်းတာသလဲဆိုတော့ နိုင်ငံတစ်နိုင်ငံမှာ အားအနည်းဆုံး၊ အဆင်းရဲဆုံး၊ ဖွံ့ဖြိုးမှုအနည်းဆုံး ပုဂ္ဂိုလ်တွေရဲ့အဆင့်ကိုကြည့်ပြီး နိုင်ငံတစ်နိုင်ငံဟာ ချမ်းသာသလား၊ ဆင်းရဲသလားဆိုတာကို ဆုံးဖြတ်ရပါတယ်။ နိုင်ငံမှာ အကြွယ်ဝဆုံး၊ အခြေအနေအကောင်းဆုံး၊ အင်အားအများဆုံး၊ အခွင့်အရေးအများဆုံး လူတွေကိုကြည့်ပြီး နိုင်ငံက ချမ်းသာသလား၊ ဆင်းရဲသလားဆိုတာကို သုံးသပ်လို့မရပါဘူး။

ကျွန်မတို့နိုင်ငံရဲ့ ဒေသအခြေအနေတွေနဲ့ကြည့်လိုက်မယ်ဆိုရင် ဝေးလံခေါင်သီတဲ့ဒေသတွေမှာ နန်းယွန်းလို အင်မတန်မှ သွားလာရေးခက်ခဲတဲ့ ဒေသတွေမှာ ပြည်သူတွေရဲ့ဘဝတွေဟာ ဘယ်လောက်တိုးတက်သလဲဆိုတာကြည့်ပြီးမှ ကျွန်မတို့နိုင်ငံ ဘယ်လောက်တိုးတက်သလဲဆိုတာကို ကျွန်မတို့ ဆုံးဖြတ်နိုင်မှာပါ။ ဒီလိုနေရာတွေမှာ တိုးတက်ဖို့ အများကြီးလိုသေးတယ်ဆိုတာကို ကျွန်မတို့ရဲ့ ဒေသခံပြည်သူတွေ အသိဆုံးဖြစ်ပါလိမ့်မယ်။

ကျွန်မဒီကိုလာတဲ့အချိန်တိုအတွင်းမှာ ကျွန်မသတိပြုမိတာက လမ်းမှာ ကျောင်းသားတွေအများကြီး တွေ့ခဲ့ရပါတယ်။ ဒါကျွန်မတို့နိုင်ငံအတွက် အင်မတန်မှကောင်းတဲ့ လက္ခဏာပါ။ ကျောင်းသား ကျောင်းသူတွေဆိုတာ ကျွန်မတို့နိုင်ငံပညာရေးရဲ့ အနာဂတ်ကို လမ်းညွှန်ပြနေတာ ဖြစ်ပါတယ်။ ကျွန်မတို့ကျောင်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ လိုပါတယ်။ ဒီကျောင်းတွေရှိရုံတင်မကဘူး၊ ကျောင်းတွေမှာ ကျောင်းသား ကျောင်းသူတွေ ရှိဖို့လိုတယ်။ ကျောင်းသား ကျောင်းသူတွေရှိရုံတင်မကဘူး၊ ဒီကျောင်းသား ကျောင်းသူတွေကို အဆင့်မြင့်တဲ့ပညာပေးနိုင်ဖို့ လိုပါတယ်။

အဲဒီတော့ အဆင့်မြင့်တဲ့ပညာဆိုတာဘာလဲလို့မေးရင်၊ ကျွန်မအမြဲပဲ ရိုးရိုးသားသား ရှင်းပြပါတယ်။ ပညာဆိုတာက ကျွန်မတို့ဘဝမှာ တွေ့ကြုံရမယ့် အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်တဲ့ အရည်အချင်းရှိဖို့အတွက် သင်ပေးတာဖြစ်ပါတယ်။ စာအုပ်ကြီးထဲမှာပဲ စာအုပ်ထဲကနေ အချက်အလက်တွေသိပြီး တကယ့်ဘဝမှာကြုံတွေ့ရတဲ့ အခက်အခဲတွေကို ကျော်လွှားနိုင်တဲ့ အရည်အချင်းမရှိဘူးဆိုရင် ပညာတတ်လို့ခေါ်ဖို့ အင်မတန်မှ ခက်ပါလိမ့်မယ်။

**ပညာတတ်တွေဖြစ်စေချင်**

ဒါကြောင့် ကျွန်မတို့နိုင်ငံမှာ ပညာတတ်တွေ ပေါများစေချင်ပါတယ်။ ကျွန်မတို့ရဲ့ ပြည်သူပြည်သားတွေကို ပညာတတ်တွေ ဖြစ်စေချင်တယ်။ ပညာတတ်တွေဆိုတာ တချို့တွေမြင်သလို ဘွဲ့ရထားတဲ့သူတွေကို ဆိုလိုတာ မဟုတ်ပါဘူး။ တက္ကသိုလ်က ဘွဲ့ရထားပြီး ကိုယ့်ဘဝကို ကိုယ်မကျောင်းနိုင်တဲ့သူတွေလည်း အများကြီးရှိပါတယ်။ ဒါဟာ ပညာရေးစနစ်ရဲ့ အားနည်းချက်တွေက အဓိကပါ။ ပညာရေးစနစ်ဆိုတာ ပထမဦးဆုံး ကျွန်မတို့နိုင်ငံတစ်နိုင်ငံရဲ့ လိုအပ်ချက်ကို ကြည့်ရပါတယ်။ တစ်နိုင်ငံနဲ့တစ်နိုင်ငံ လိုအပ်ချက်မတူပါဘူး။ အင်မတန်မှ ဖွံ့ဖြိုးတိုးတက်ပါတယ်ဆိုတဲ့ နိုင်ငံတွေကိုကြည့်ပြီး အဲဒီနိုင်ငံတွေအတိုင်း ဖြစ်စေချင်တယ်ဆိုရင် ကျွန်မတို့နိုင်ငံအတွက် သင့်တော်ချင်မှ သင့်တော်မှာပါ။ နောက်တစ်ခုက ကျွန်မခဏခဏ ပြည်သူတွေ စိတ်ဓာတ်တက်ကြွအောင်၊ စိတ်အားမငယ်အောင်လို့ သတိပေးပါတယ်။ ကျွန်မတို့နိုင်ငံလို ဖွံ့ဖြိုးတိုးတက်မှု နောက်ကျတဲ့နိုင်ငံတွေ၊ အခုမှစပြီး ဖွံ့ဖြိုးတိုးတက်ဖို့ ရုန်းကန်နေရတဲ့နိုင်ငံတွေ၊ ဒီနိုင်ငံတွေမှာ အားသာချက်တစ်ခုရှိပါတယ်။ ရှေ့ကသွားတဲ့နိုင်ငံကြီးတွေက ဘာအမှားတွေဖြစ်ခဲ့သလဲဆိုတာ လေ့လာလို့ရတယ်။ ဒီမှားယွင်းမှုတွေကို ကျွန်မတို့ရှောင်ကြဉ်လို့ရတယ်။ ကျွန်မတို့မှာ အဲဒီအခွင့်အရေးရပါတယ်။

ရှေ့ကတက်သွားတဲ့သူတွေက သူတို့ အမှားတွေကို ရှောင်ကြဉ်ပိုင်ခွင့်မရှိခဲ့ဘူး။ ဥပမာ ရေရှည်စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ခြင်းဖြင့် ရေရှည်မှာ ဘယ်လိုအကျိုးသက်ရောက်မှုရှိမလဲဆိုတာကို ရှေ့ကသွားတဲ့သူတွေက မသိကြဘူး။ ကျွန်မတို့ ခရီးတစ်ခုသွားသလိုပေါ့။ အရှေ့က ခရီးသွားတဲ့သူတွေက ခလုတ်တိုက်မယ်၊ လမ်းတွေပိတ်နေတာနဲ့ကြုံတွေ့ရမယ်၊ သဘာဝဘေးအန္တရာယ်တွေ စသည်ဖြင့် ကြုံတွေ့ရမယ်။ နောက်ကလာတဲ့သူတွေက ရှေ့ကသူတွေဘယ်လို အန္တရာယ်တွေကြုံတွေ့ရလဲဆိုတာ တွေ့တဲ့အခါကျတော့ ကျွန်မတို့ကိုယ် ကျွန်မတို့ ကာကွယ်နိုင်တဲ့နည်းတွေကို စဉ်းစားလို့ရပါတယ်။

> **ပညာဆိုတာက ကျွန်မတို့ဘဝမှာ တွေ့ကြုံရမယ့် အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်တဲ့အရည်အချင်းရှိဖို့အတွက် သင်ပေးတာဖြစ်ပါတယ်။ စာအုပ်ကြီးထဲမှာပဲ စာအုပ်ထဲကနေ အချက်အလက်တွေသိပြီး တကယ့်ဘဝမှာကြုံတွေ့ရတဲ့ အခက်အခဲတွေကို ကျော်လွှားနိုင်တဲ့ အရည်အချင်းမရှိဘူးဆိုရင် ပညာတတ်လို့ခေါ်ဖို့ အင်မတန်မှ ခက်ပါလိမ့်မယ်**

ဒီအတိုင်းပါပဲ ကျွန်မတို့ နန်းယွန်းကို ရဟတ်ယာဉ်နဲ့ လာတဲ့အခါမှာ အောက်ကိုကြည့်လိုက်တဲ့အခါ ရွှေတူးနေတဲ့နေရာတွေကို တွေ့ရပါတယ်။ ဒီလိုရွှေတူးတဲ့နေရာတွေမှာ တချို့တွေက ဥပဒေဘောင်အတွင်းက မဟုတ်ဘဲ စည်းကမ်းမဲ့ ရွှေတူးတဲ့အခါ သဘာဝပတ်ဝန်းကျင်ကို ဘယ်လောက်အထိ ထိခိုက်သွားလဲဆိုတာကို ကျွန်မတို့ မျက်ဝါးထင်ထင် မြင်ရပါတယ်။ မြေပြင်ကနေကြည့်တာထက် အပေါ်ကနေကြည့်လိုက်ရင် ကျွန်မတို့နိုင်ငံရဲ့ အခြေအနေကို အင်မတန်မှ ရှင်းရှင်းလင်းလင်း မြင်ရပါတယ်။ ဒီလိုအပေါ်ကနေကြည့်ပိုင်ခွင့်က လူတိုင်းရှိတာ မဟုတ်ဘူး။ အဲဒီတော့ ကျွန်မ နည်းနည်းလေး မျှဝေပြီးပြောပါရစေ။

**သွားရေး၊ လာရေး ခက်ခဲ**

ကျွန်မတို့ အပေါ်ကနေကြည့်လိုက်လို့ရှိရင် ဒီဒေသဟာ တောတောင်တွေ အင်မတန်မှ ထူထပ်ပါတယ်။ ဟိုးတုန်းက တောတောင်ကြီးတွေဟာ မပျက်မစီး အခုထက်ထိရှိနေတာကို ကျွန်မတို့ တွေ့ရပါတယ်။ ဒီဟာက တစ်ဖက်ကနေကြည့်လို့ရှိရင် ဒါအားနည်းချက်လို့ ကျွန်မတို့မြင်လို့ရပါတယ်။ ကျွန်မတို့ရဲ့ သဘာဝသယံဇာတကြွယ်ဝမှု တစ်ခုလို့မြင်လို့ရပေမယ့် တစ်ဖက်ကနေကြည့်လိုက်လို့ရှိရင် ဒီလို တောတောင်တွေ ထူထပ်တာကြောင့်မို့လို့ ကျွန်မတို့ရဲ့ပြည်သူလူထုအတွက် သွားရေး၊ လာရေး ခက်ခဲပါတယ်။ အသက်မွေးဝမ်းကျောင်းဖို့ ခက်ခဲမှုတွေရှိမယ်လို့ ကျွန်မတို့ ခန့်မှန်းလို့ရပါတယ်။

တစ်ဖက်ကနေပြီး ဒီလိုတရားမဝင် ရွှေတူးထားလို့ ပတ်ဝန်းကျင် ပျက်စီးနေတာကို ကြည့်လိုက်တဲ့အခါ တရားမဝင်ရွှေတူးတဲ့သူတွေက ဥပဒေကို ချိုးဖောက်လို့ ကျွန်မတို့အနေနဲ့ ဒါကို ဘယ်လိုမှ အားမပေးနိုင်ဘူး။ သို့သော်ငြားလည်း ကျွန်မတို့ရဲ့ ပြည်သူများဟာ ချို့တဲ့လို့ ဒီလိုအလုပ်တွေ လုပ်ရတယ်ဆိုတာကို ကျွန်မတို့ နားလည်ပါတယ်။ ဒါကြောင့်မို့ ဒီလိုတရားမဝင်တဲ့အလုပ်တွေ လုပ်ဖို့မလိုအောင်လို့ ကျွန်မတို့ရဲ့နိုင်ငံကို ဖန်တီးပေးရပါမယ်။

ဖန်တီးပေးတယ်ဆိုတာ အစိုးရတစ်ခုတည်းက ဖန်တီးလို့မရပါဘူး။ ဒါကို ကျွန်မသတိပေးပါရစေ။ အခု နန်းယွန်းလို နေရာမျိုးမှာတောင်မှ မြို့ကြီးတွေဖြစ်တဲ့ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့နဲ့ အင်မတန်မှဝေးတဲ့နေရာမှာရှိတဲ့ ပြည်သူ ပြည်သားတွေတောင်မှ ကျွန်မတို့နိုင်ငံရဲ့ကံကြမ္မာကို ဖန်တီးတဲ့နေရာမှာ အရေးပါတယ်ဆိုတာ ကျွန်မသတိပေးချင်ပါတယ်။ တစ်ယောက်ချင်း၊ တစ်ယောက်ချင်းဟာ နိုင်ငံအတွက် အရေးပါပါတယ်။ နိုင်ငံရဲ့အင်အားဆိုတာဟာတစ်ယောက်ချင်း၊တစ်ယောက်ချင်းရဲ့အင်အားနဲ့စုထားတာပါ။

ကျွန်မတို့နိုင်ငံမှာ ပြည်သူသန်း ၅၀ ကျော် ရှိပါတယ်။ သန်း ၅၀ ကျော်က ဘယ်ကစသလဲ၊ တစ်ယောက်ကပဲ စရတာပဲ။ စပြီးရေရင် တစ်ကပဲစပြီး ရေရတာပဲ။ တစ်ကစပြီးမရေဘဲနဲ့ ဘယ်လိုလုပ်မှ ကျွန်မတို့ ဆက်ပြီးသွားလို့မရဘူး။ ဒါကြောင့်မို့လို့ ကျွန်မတို့ နန်းယွန်းကပြည်သူပြည်သားတွေဟာ ကျွန်မတို့နိုင်ငံအတွက် အရေးပါတယ်ဆိုတာကို နှလုံးသွင်းစေချင်တယ်။ ဒါကြောင့်မို့လို့ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားစေချင်တယ်။ ကျွန်မတို့က တန်ဖိုးထားတယ်။ ပြည်သူ ပြည်သားတွေ တစ်ယောက်ချင်း၊ တစ်ယောက်ချင်းကို ကျွန်မတို့ တန်ဖိုးထားပါတယ်။ ဒီလိုတစ်ယောက်ချင်း၊ တစ်ယောက်ချင်းကို တန်ဖိုးထားလို့ ကျွန်မတို့ ကျန်းမာရေးနဲ့ ပညာရေးကို အဓိကဦးစားပေးပြီးလုပ်နေတာ ဖြစ်ပါတယ်။

**မိခင်တွေကို သတိပေးချင်**

ကျန်းမာရေးဆိုတာက ရုပ်ပိုင်းဆိုင်ရာ ကျွန်မတို့ပြည်သူ ပြည်သားများအားလုံး ကျန်းကျန်းမာမာ ခိုင်ခိုင်ခံ့ခံ့ရှိအောင်လို့၊ ကျန်းမာရေး မကောင်းလို့ရှိရင် ဘာမှလုပ်လို့မလွယ်ပါဘူး။ ကိုယ်က အိပ်ရာပေါ်မှာ လဲနေမယ်ဆိုရင် ဘယ်လောက်ပဲ ပညာရှိရှိ၊ ဘယ်လောက်ပဲ အရည်အချင်းရှိရှိ ဒီအရည်အချင်းတွေကို သုံးလို့မရပါဘူး။ အဲဒါက ရုပ်ပိုင်းဆိုင်ရာပါ။ ရုပ်ပိုင်းဆိုင်ရာနဲ့ ပတ်သက်ပြီး ကြုံတုန်း ကျွန်မတို့ရဲ့ မိခင်တွေကို သတိပေးချင်ပါတယ်။ ကိုယ့်သားသမီးတွေရဲ့ ရှေ့အနာဂတ်အတွက် ကျန်းမာရေးဆိုတာဟာ မိခင်ဝမ်းထဲမှာ ရှိကတည်းက စတယ်ဆိုတာကို သတိပေးချင်ပါတယ်။

ဒါကြောင့်မို့ ကျွန်မတို့ကနေပြီး ကျွန်မတို့ရဲ့ ပြည်သူပြည်သား မိခင်တွေကို ကိုယ်ဝန်ဆောင်ကနေပြီး ကလေးအသက် နှစ်နှစ်ရှိတဲ့အထိ အထူးပံ့ပိုးမှုတွေ လုပ်ပေးနေတာပါ။ ဘာဖြစ်လို့ ကျွန်မ ဒါကိုပြောရလဲဆိုရင် ကိုယ်ဝန်ဆောင်ထားတဲ့ အချိန်မှာ ကလေးရဲ့ ကျန်းမာရေးအတွက် ရုပ်ပိုင်းဆိုင်ရာရော၊ ဦးနှောက်ပိုင်းဆိုင်ရာရော ဖွံ့ဖြိုးရေးအတွက် မိခင်ကိုစောင့်ရှောက်ရပါတယ်။ ဒီကလေးကို ဖွားမြင်ပြီးတဲ့အခါမှာလည်း အသက်နှစ်နှစ်အထိ ကျွန်မတို့ စောင့်ရှောက်ဖို့ သိပ်အရေးကြီးပါတယ်။

**ကျန်းမာရေးအရစောင့်ရှောက်ဖို့**

ဘာဖြစ်လို့လဲဆိုတော့ ကလေးရဲ့ ပထမဦးဆုံး အသက်နှစ်နှစ်အတွင်းမှာဆိုရင် ဦးနှောက်ဖွံ့ဖြိုးမှုအတွက် အင်မတန်မှ အရေးကြီးတဲ့အချိန်ဖြစ်ပါတယ်။ ဒီအသက်နှစ်နှစ်အောက် ကလေးတွေဟာ အာဟာရသိပ်ပြီး ချို့တဲ့တယ်ဆိုရင် ဦးနှောက်ဟာ ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးပါဘူး။ ဒါကြောင့် ကျွန်မတို့က ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နှစ်ခုစလုံးကို စဉ်းစားပြီး ကျွန်မတို့ကလေးတွေကို မိခင်ဝမ်းထဲကနေစပြီး အသက်နှစ်နှစ်ပြည့်တဲ့အထိ အထူးပံ့ပိုးဖို့၊ ထောက်ပံ့ဖို့၊ ကျန်းမာရေးအရ စောင့်ရှောက်ဖို့ ကျွန်မတို့ စီစဉ်ထားပါတယ်။

ကျွန်မတို့ခရီးစဉ်မှာ ကျွန်မတို့ရဲ့ ကျန်းမာရေးဝန်ကြီး ဒေါက်တာမြင့်ထွေး ကိုယ်တိုင် ပါလာပါတယ်။ ဒီလိုနေရာတွေမှာ ကျန်းမာရေးအခြေအနေ ဘယ်လိုရှိသလဲ၊ ကျွန်မတို့ ဘာတွေလုပ်ပေးဖို့လိုသလဲဆိုတာကို ကျွန်မတို့ သိချင်လို့ဖြစ်ပါတယ်။ အဲဒီတော့ ကျန်းမာတဲ့ကလေးတွေဖြစ်ပြီဆိုရင် ဒီကလေးတွေကို ပညာတတ်အောင်လို့ ကျွန်မတို့သင်ပေးရပါမယ်။ နိုင်ငံတစ်နိုင်ငံမှာ ပညာရှိများတယ်ဆိုရင် ဒီနိုင်ငံရဲ့ ခံနိုင်ရည်စွမ်းအားဟာ အင်မတန်မှများပါတယ်။ ကျွန်မ မကြာခဏကြုံတဲ့အခါ ပြောရပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ကာကွယ်ရေး ပထမဆုံး ရှေ့တန်းဆိုတာ သံတမန်ရေးရာပဲလို့ ကျွန်မပြောပါတယ်။ သံတမန်ရေးရာဆိုတာ ဘာလဲဆိုတော့ ကမ္ဘာကြီးနဲ့ ဆက်ဆံတဲ့အခါမှာ ပညာအရည်အချင်းကိုသုံးပြီး ကျွန်မတို့နိုင်ငံကို ကာကွယ်တာပါ။ ဒါကြောင့် ကျွန်မတို့ပညာတတ်တွေ အများကြီးလိုတယ်။ အတွေးအခေါ်ရှိတဲ့သူတွေလိုတယ်။ အတွေးအခေါ်နဲ့အတူတူ တစ်ချိန်တည်းမှာပဲ လုပ်တတ်ကိုင်တတ်တဲ့ လူတွေလည်း လိုပါတယ်။

စာမျက်နှာ ၄ သို့ ○

○ စာမျက်နှာ ၃ မှ

ဒါကြောင့် ကျွန်မတို့ပညာရေးဘက်မှာဆိုရင် အသက်မွေးဝမ်းကျောင်းပညာကို အင်မတန်မှ အားပေးပါတယ်။ အဲဒီဟာကလည်း ကျွန်မတို့နိုင်ငံမှာ ဒီလို ခေတ်မီတဲ့အတွေးတွေ တွေးနိုင်ဖို့အတွက် အခွင့်အရေးရဖို့ဖြစ်ပါတယ်။ ကမ္ဘာကြီးကိုကြည့်လိုက်မယ်ဆိုရင် တော်တော်ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံများမှာဆိုရင် ပညာရေးစနစ် မမှန်ကန်ခဲ့လို့ အခုပြဿနာတွေရှိနေပါတယ်။ မမှန်ကန်ခဲ့တာတစ်ခုက ဘာလဲဆိုတော့ တက္ကသိုလ်ပညာရေးကို ဦးစားပေးပြီး အသက်မွေးဝမ်းကျောင်းပညာရေးကို အရေးမကြီးဘူးဆိုပြီး ဘေးဖယ်ထားတဲ့နိုင်ငံတွေဟာ အခုမှ ပြဿနာဖြစ်နေမှန်း သိရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တက္ကသိုလ်ဘွဲ့ရတွေ၊ အလုပ်လက်မဲ့ဘွဲ့ရတွေဆိုတာ ကျွန်မတို့နိုင်ငံမှာတင် ရှိတာမဟုတ်ပါဘူး။ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တော်များများမှာရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တက္ကသိုလ်ဘွဲ့တွေနဲ့ အခုခေတ်ကမ္ဘာကြီးရဲ့ လိုအပ်ချက်တွေနဲ့က မကိုက်ညီပါဘူး။ ဒါကြောင့် ဒီကမ္ဘာကြီးမှာ တကယ်ဖွံ့ဖြိုးတိုးတက်မှုကို ထိန်းသိမ်းထားနိုင်တဲ့နိုင်ငံတွေက အသက်မွေးဝမ်းကျောင်းပညာ၊ နည်းပညာဘက်ကို အားပေးတဲ့နိုင်ငံတွေ ဖြစ်ပါတယ်။

### အစဉ်အလာဖြစ်

ကျွန်မတို့နိုင်ငံမှာလည်း မူအရကို ပညာရေးဘက်မှာ နည်းပညာနဲ့ အသက်မွေးဝမ်းကျောင်းပညာကို အားပေးပါတယ်။ ကျွန်မတို့ နိုင်ငံသူနိုင်ငံသားတွေ၊ ပြည်သူပြည်သားတွေက မိဘတွေရော၊ ကျောင်းသား ကျောင်းသူတွေရော နည်းပညာနဲ့အသက်မွေးဝမ်းကျောင်းပညာကို စိတ်ဝင်စားကြတယ်။ အားသန်ကြတယ်။ တချို့နိုင်ငံတွေမှာ သူတို့ အစဉ်အလာက ဘယ်လိုဖြစ်သွားလဲဆိုတော့ တက္ကသိုလ်ဘွဲ့ရမှ ပညာတတ်လို့ သတ်မှတ်တဲ့အစဉ်အလာဖြစ်သွားတယ်။ အဲဒီလို အစဉ်အလာဖြစ်သွားတဲ့အခါ နိုင်ငံဟာ နစ်နာပါတယ်။ အားလုံးက တက္ကသိုလ်ဘွဲ့ရချင်တယ်။ တကယ်နိုင်ငံမှာ လိုအပ်နေတဲ့ နည်းပညာတွေကို သင်ယူချင်တဲ့စိတ်က နည်းသွားတယ်။

ကျွန်မတို့ လူငယ်တွေရော၊ ကျောင်းသား ကျောင်းသူတွေရော၊ ကျောင်းသား ကျောင်းသူမိဘများကပါ အသက်မွေးဝမ်းကျောင်း ပညာဘက်ကိုသွားဖို့အားပေးကြပါ။ တက္ကသိုလ်ပညာဆိုတာလည်း သူ့တန်ဖိုးနဲ့သူရှိတယ်။ ဒါပေမယ့် အသက်မွေးဝမ်းကျောင်းပညာဆိုတာ သူ့တန်ဖိုးနဲ့သူရှိတယ်။ ကမ္ဘာပေါ်မှာ အချမ်းသာဆုံး၊ အတိုးတက်ဆုံးနိုင်ငံတွေဖြစ်တဲ့ ဂျာမနီ၊ ဆွီဒင်နဲ့ ဆွစ်ဇာလန်တို့မှာ နည်းပညာနဲ့ အသက်မွေးဝမ်းကျောင်းပညာကို လိုက်တဲ့ကလေးများဟာ တက္ကသိုလ်ပညာဆည်းပူးသင်ကြားတဲ့ ကလေးများနဲ့ တန်းတူညီတူလည်းဖြစ်တယ်။ ဘဝမှာလည်း အခွင့်အရေး အတူတူရတယ်။ တချို့ဆိုရင် တက္ကသိုလ်ဘွဲ့ရတာထက် နည်းပညာသင်ယူထားတဲ့သူတွေ၊ အသက်မွေးဝမ်းကျောင်းပညာသင်ယူထားတဲ့ ပုဂ္ဂိုလ်တွေက ပိုပြီးဝင်ငွေကောင်းပါတယ်။ အဲဒီတော့ လူမှုရေးအရ တန်းတူညီတူဖြစ်တယ်။ တက္ကသိုလ်ဘွဲ့ရတွေမှ သာတယ်ဆိုတဲ့ ကိစ္စဟာ အခုဆိုရင် ဒီလိုဖွံ့ဖြိုးတဲ့နိုင်ငံတွေမှာ မရှိတော့ပါဘူး။ ဒါကြောင့် ကျွန်မတို့ရဲ့ အခွင့်အရေးတွေကို မှန်မှန်ကန်ကန်သုံးဖို့ ကျွန်မအနေနဲ့ အားပေးပါရစေ။

ကျွန်မ ဒီကိုလာတဲ့အဓိကအကြောင်းရင်းတစ်ခုက ကျွန်မတို့နိုင်ငံပဲဖြစ်ဖြစ်၊ ဘယ်နိုင်ငံပဲဖြစ်ဖြစ် နေရာတိုင်း နေရာတိုင်းမှာ သူ့ပြဿနာနဲ့သူရှိတယ်။ သူ့အခက်အခဲနဲ့သူရှိတယ်။ ဒီလိုအခက်အခဲတွေကို စာရွက်ပေါ်မှာ ကြည့်မယ့်အစား ကိုယ်တိုင်ဆင်းပြီး ကြည့်တာနဲ့ ဘယ်တော့မှ မတူပါဘူး။ ကိုယ်တိုင်ဆင်းပြီး လေ့လာမှ ပိုပြီး ကွက်ကွက်ကွင်းကွင်း မြင်နိုင်ပါတယ်။ ဒါကြောင့် ကျွန်မ ဒီလိုပြည်သူလူထုတွေနဲ့ တွေ့ဆုံပွဲလုပ်တယ်ဆိုတာ ပြည်သူတွေရဲ့အသံကို တိုက်ရိုက်ကြားချင်လို့ပဲ။ တစ်ဆင့်တင်ပြတာမဟုတ်ဘဲနဲ့ အစိုးရအဖွဲ့တွေကတစ်ဆင့် တင်ပြတာ၊ လွှတ်တော် ကိုယ်စားလှယ်တွေက တစ်ဆင့်တင်ပြတာမဟုတ်ဘဲ ပြည်သူများကိုယ်တိုင် ကိုယ့်ရဲ့ရင်ထဲမှာရှိတဲ့ အတိုင်း တင်ပြတာကို ကြားချင်လို့ ဒီလိုလူထုတွေ့ဆုံပွဲလုပ်တာပါ။

ဒါပေမယ့်လည်း ဒီလို လူထုတွေ့ဆုံပွဲတွေလုပ်တဲ့အခါမှာ လူတိုင်းနဲ့စကားပြောဖို့ဆိုတာက လက်တွေ့ကျကျ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ကျွန်မတို့က တချို့မေးခွန်းတွေကို ကြိုတင်ပြီး တင်ထားတာတွေရှိပါတယ်။ ကြိုတင်ပြီး တင်ထားတဲ့မေးခွန်းတွေမဟုတ်ရင် ကျွန်မတို့ အချိန်ပေါ်မှာမူတည်ပြီး မေးခွင့်ပေးပါတယ်။ ပထမအနေနဲ့ စာရေးပြီးတင်ထားတဲ့ မေးခွန်းတွေကို ဖြေပါ့မယ်။ ဖြေတဲ့အခါ တချို့မေးခွန်းတွေကို ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များက ဖြေပါ့မယ်။ တချို့မေးခွန်းတွေကို တိုင်းအစိုးရအဖွဲ့ဝင်များက ဖြေပါ့မယ်။ အချိန်ပေါ်မှာမူတည်ပြီး ကျွန်မအနေနဲ့ ပြည်သူလူထုတွေကို မေးပိုင်ခွင့်ပေးပါမယ်"ဟု ပြောကြားသည်။

### မေးမြန်းတင်ပြ

ထို့နောက် တွေ့ဆုံပွဲသို့ ကြိုတင်တင်ပြမေးမြန်းထားသည့် နန်းယွန်းမြို့မှ မြို့မိမြို့ဖ ဦးကျော်သန်းက နန်းယွန်းမြို့မှာ ဟူးကောင်းဘေးမဲ့တောတွင် ပါဝင်နေခြင်းကို ပယ်ဖျက်ပေးရန်နှင့် လိုအပ်သော ဘေးမဲ့တောအား ဒေသခံပြည်သူများဆန္ဒဖြင့် သတ်မှတ်ပေးရန်၊ ပန်ဆောင်မြို့မှ သိက္ခာတော်ရ ဦးယောဆက်က ပန်ဆောင်နယ်စပ်ဈေးအား မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ညှိနှိုင်း၍ တရားဝင်ဖွင့်လှစ်ပေးရန်နှင့် ပန်ဆောင်မြို့ နောင်ယန်းချောင်း၌ အသေးစား ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပေးရန်၊ ပန်ဆောင်မြို့မှ ဦးဇင်းဝမ်းက နန်းယွန်းမြို့တွင် ခုတင်(၅၀)ဆံ့ဆေးရုံ တည်ဆောက်ပေးရန်နှင့် နန်းယွန်းမြို့နယ်မှ ဟရိုက်၊ နုတ်ညို၊ ကဲဆန်နုတ်ညို၊ တကား၊ လုံလောင်း၊ ယောင်ကွန်ကျေးရွာများမှ ကျန်းမာရေးဌာနခွဲများအား ကျန်းမာရေးဌာနအဆင့်တိုးမြှင့်ပေးရန်၊ နန်းယွန်းမြို့မှ ဦးယောင်ရန်က နန်းယွန်းအခြေခံပညာ အထက်တန်းကျောင်းအတွက် ပေ ၁၂၀ RC နှစ်ထပ်ဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန်၊ နန်းယွန်းမြို့မှ သိက္ခာတော်ရ ဦးတီးရဲက တကားခွင်ရှိ ကျေးရွာ ခုနစ်ရွာသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများ၊ ပြည်သူများ လွပ်လပ်စွာသွားလာခွင့်ပြုရန်၊ နန်းယွန်းမြို့မှ ဒေါ်ကျဖြန်းက နန်းယွန်းမြို့သို့ မြစ်ကြီးနား၊ တနိုင်းမှ ဆန်၊ စက်သုံးဆီ၊ တည်ဆောက်ရေးပစ္စည်းများ လွတ်လပ်စွာသယ်ယူခွင့်ပြုရန်နှင့် အညိုရောင်နယ်မြေအဖြစ် ကန့်သတ်ထားခြင်းမှ ကင်းလွတ်ခွင့်ပြုရန်၊ နန်းယွန်းမြို့မှ ဦးယောင်းလန်းက ရှင်ဘွေယန်-နန်းယွန်း- ပန်ဆောင်လမ်းပိုင်းကို အဆင့်မြှင့်တင်ပေးရန်၊ နန်းယွန်းမြို့မှ ဒေါ်ဖုန်လန်က နေ့စဉ်ဝင်ငွေရရှိနိုင်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဖြစ်သည့်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နန်းယွန်းမြို့၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲတွင် တိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ကော်ဖီ၊ လက်ဖက်၊ ဝဥ၊ အာလာဂျီ စိုက်ပျိုးရေးစီမံကိန်းများ ဆောင်ရွက်ပေးရန်၊ နန်းယွန်းမြို့မှ ဦးယောင်ရန်က နန်းယွန်းမြို့ မူလတန်းကျောင်း ၄၃ ကျောင်းအတွက် လိုအပ်နေသည့် ကျောင်းအုပ်ဆရာ ဆရာမများ လိုအပ်နေမှုကို ဒေသခံပညာရေးဝန်ထမ်းများအား တိုးမြှင့်ပေးရေး၊ နန်းယွန်းမြို့မှ ဒေါ်ယမ်နင်က နန်းယွန်းမြို့၊ ဒုံဟီးမြို့၊ ပန်ဆောင်မြို့တို့မှ မြို့တွင်းလမ်းများအား ကွန်ကရစ်လမ်းများအဖြစ် ဆောင်ရွက်ပေးရန်၊ နန်းယွန်းမြို့ မြို့နယ်နာဂရိုးရာ စာပေယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌဦးနောက်တွန်းက မြို့နယ်ခန်းမနှင့် နာဂရိုးရာခန်းမတည်ဆောက်ပေးရန်တို့နှင့်စပ်လျဉ်းသည့် မေးမြန်းတင်ပြချက်များကိုလည်းကောင်း။

### ရှင်းလင်းပြောကြား

ခန်းမအတွင်းမှ မေးမြန်းတင်ပြလိုသည့်နန်းယွန်းမြို့မှ ဦးစိုးသန်းက နန်းယွန်းမြို့တွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် နောင်ယန်းအင်း၌ ငါးမျိုးသစ်မွေးမြူနိုင်ရေး ဆောင်ရွက်ပေးရန်နှင့် ခန်းမအပြင်မှ မေးမြန်းတင်ပြလိုသည့် ဦးအေးမင်းစိုးက နာဂဒေသ လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်း ဖွင့်လှစ်ပေးရန်တို့ကို မေးမြန်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ဒေါက်တာမြင့်ထွေး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်ဦးကိုလေးဝင်းတို့က ချက်ချင်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ ရေရှည်ဆောင်ရွက်ပေးရမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တင်ပြချက်များကို ကြည့်ပါက တိုင်းဒေသကြီးအစိုးရအနေဖြင့် ပြည်သူနှင့်ထိတွေ့ရန် လိုအပ်နေပါကြောင်း၊ တချို့ဒေသများသို့ သွားရောက်ရန် လုံခြုံရေးအရ ခွင့်ပြုချက်ရယူရန် လိုအပ်သည်ကို လက်ခံပါကြောင်း၊ သို့သော်လည်း ခွင့်ပြုချက်ရယူနိုင်ရန်အတွက် သက်ဆိုင်ရာနှင့် လွယ်ကူစွာဆက်သွယ်နိုင်ရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအနေဖြင့် ပြည်သူ့အသံကို အမြဲနားထောင်စေလိုကြောင်း၊ ပြည်သူများအနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများအား ဒေသခံများက မိသားစုအသွင်ဖြင့် ဆက်ဆံရန်လိုအပ်ပါကြောင်း၊ မိမိတို့မှာ ပြည်ထောင်စုဖွား တိုင်းရင်းသားများ ဖြစ်ပါကြောင်း၊ မတူညီသည့်ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာများကို လေးစားရမည်ဖြစ်ပါကြောင်း၊ ဒေသခံများအနေဖြင့် မိမိဒေသအတွက် ဂုဏ်ယူချင်သည့်စိတ်ဓာတ်ရှိရန် လိုအပ်ပါကြောင်း၊ ပြည်သူများအနေဖြင့် တာဝန်ယူသည့်စိတ်ဖြင့် ရှင်သန်စေလိုပါကြောင်း၊ သို့မှသာ တန်ဖိုးရှိမည်ဖြစ်ကြောင်း၊ ဒေသတင်ပြချက်များကို အလေးထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တိုင်းရင်းသား တိုင်းရင်းသူများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် နန်းယွန်းမြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြရာ ခန္တီးမြို့သို့ ပြန်လည်ရောက်ရှိကြပြီး ထိုမှတစ်ဆင့် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြရာ ဟုမ္မလင်းမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့အား တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ပင်လည်ဘူးမြို့သို့ ရောက်ရှိကြရာ မြို့တွင်းလမ်းမတစ်လျှောက်၌ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပင်လည်ဘူးမြို့ အားကစားခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကျွန်မ ပင်လည်ဘူးကို လာရတဲ့အဓိကအကြောင်းက ကျွန်မကို ပင်လည်ဘူးကိုယ်စားလှယ်က သတိပေးပါတယ်။ ကျွန်မ နှစ်ပေါင်းများစွာ ပင်လည်ဘူးကို လာမယ်ဆိုပြီး ကတိပြုခဲ့ပါတယ်တဲ့။ အဲဒါ အခုထက်ထိ မရောက်သေးဘူးဆိုတော့ ဒီကတိတည်ဖို့အတွက် ကျွန်မလာခဲ့တာပါ။ ပြည်သူလူထုကို ပေးတဲ့ကတိတွေတည်ဖို့ ကျွန်မအတွက် အင်မတန်မှ အရေးကြီးပါတယ်။ ဘယ်တော့မှ ကျွန်မ ပေါ့ပေါ့တန်တန်နဲ့ ကတိမပေးပါဘူး။ စကားတစ်ခွန်းပြောရင် ဒါကို အလေးအနက်ထားရမယ်ဆိုတာကို ကျွန်မ မှတ်ယူထားပါတယ်။ အထူးသဖြင့် ကျွန်မတို့ ပြည်သူလူထုနဲ့ပတ်သက်ရင် နှစ်သိမ့်တဲ့သဘောနဲ့၊ ပြဿနာရှင်းတဲ့သဘောနဲ့ လုပ်နိုင်တာ၊ မလုပ်နိုင်တာကို မဆင်ခြင်ဘဲနဲ့ ကတိကဝတ်တွေကို လွယ်လွယ်ပေးတဲ့အလုပ်ကို ကျွန်မ ဘယ်တုန်းကမှ မလုပ်ခဲ့ပါဘူး။

### အဓိကအရေးကြီး

ကျွန်မတို့အဖွဲ့ချုပ်က အဖွဲ့ဝင်တွေကိုလည်း ကျွန်မ အမြဲတမ်းမှာပါတယ်။ လက်ရှိ အစိုးရအဖွဲ့ဝင်တွေကိုလည်း မှာပါတယ်။ မတည်နိုင်တဲ့ ကတိတွေကို ပြည်သူလူထုကို မပေးပါနဲ့၊ မတည်နိုင်တဲ့ကတိတွေ ပေးလိုက်ရင် ဒီကတိတွေ မတည်နိုင်တာကြောင့်မို့ ပြည်သူလူထုရဲ့ ယုံကြည်မှုဆုံးရှုံးသွားပါလိမ့်မယ်။ ပြည်သူလူထုရဲ့ ယုံကြည်မှုဆုံးရှုံးသွားရင် ပြန်ပြီးတည်ဆောက်ရတာ အင်မတန်မှ ခက်ပါတယ်။ ကျွန်မတို့အတွက် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ချင်တယ်ဆိုတဲ့ လူတိုင်း လူတိုင်းအတွက် ပြည်သူလူထုရဲ့ ယုံကြည်မှုရဖို့ဆိုတာ အဓိကအရေးကြီးတဲ့အချက် ဖြစ်ပါတယ်။

ပြည်သူရဲ့ ယုံကြည်မှုမရှိဘဲနဲ့ ဘယ်အစိုးရအဖွဲ့မှ၊ ဘယ်နိုင်ငံရေးအဖွဲ့အစည်းမှ နိုင်ငံကို အကျိုးပြုနိုင်မှာ မဟုတ်ပါဘူး။ တချို့က ပြည်သူတွေကို လျှော့ပြီးတွက်တယ်။ ပြောရမယ်ဆိုရင် ပြည်သူတွေကို အထင်သေးတယ်။ တောင်းတာကိုပေးမယ်လို့ ပြောရင် ငါတို့ကို ထောက်ခံမှာပဲဆိုပြီး ထင်တဲ့လူတွေ ရှိပါတယ်။ ကျွန်မက ကျွန်မတို့ရဲ့ ပြည်သူလူထုကို ဒီလို အထင်မသေးပါဘူး။ ကျွန်မတန်ဖိုးထားတယ်၊ လေးစားတယ်၊ မှန်မှန်ကန်ကန် သုံးသပ်နိုင်တဲ့ အရည်အချင်းရှိတယ်လို့ ကျွန်မ ယူဆပါတယ်။

ကိစ္စတစ်ခုကို ဖြစ်မြောက်အောင် လုပ်ပေးနိုင်တယ်ဆိုရင် ကျွန်မတို့ လုပ်ပေးမယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူစိတ်ချမ်းသာမှ ကျွန်မတို့နိုင်ငံက စိတ်ချမ်းသာမှာပါ။ ဒါပေမယ့် ကိုယ်မလုပ်ပေးနိုင်တဲ့ကိစ္စကို ချွေးသိပ်တဲ့သဘောနဲ့ လုပ်ပေးမယ်၊ အဲဒီလို ပြောလိုက်ရင် ပြည်သူက ကျေနပ်သွားမှာပဲဆိုပြီး ဒီလိုစော်ကားချင်တဲ့ စိတ်ဓာတ်မရှိပါဘူး။ ပြည်သူကို မလေးစားတာက စော်ကားရာရောက်ပါတယ်။

ကျွန်မက ပင်လည်ဘူးကို လာတယ်ဆိုတာကလည်း ပင်လည်ဘူးရဲ့ မြို့သူမြို့သားတွေ၊ ပင်လည်ဘူးမှာရှိတဲ့ကျွန်မတို့ ပြည်သူများကို လေးစားသောအားဖြင့်လာတာပါ။ ဒါက ပထမအချက်ပါ။

ဒုတိယအချက်က ကျွန်မတို့အနေနဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူပြည်သားတွေနဲ့ တရင်းတနှီး ထိတွေ့မှုကို လိုချင်ပါတယ်။ သို့သော်လည်း လက်တွေ့ကျကျတော့ ဒါမဖြစ်နိုင်ပါဘူး။ ပြည်သူ သန်းငါးဆယ်ကျော်နဲ့ အားလုံးတရင်းတနှီး ရှိဖို့ဆိုတာက လက်တွေ့ကျကျ ဖြစ်နိုင်တဲ့အလုပ်မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်မတို့ တတ်နိုင်သမျှ ကြိုးစားပါတယ်။ မနက်ကဆိုရင် ကျွန်မတို့ရောက်ခဲ့တဲ့ နန်းယွန်းဒေသဟာ အင်မတန်မှ ဝေးလံခေါင်သီတဲ့ဒေသပါ။ ပင်လည်ဘူးက ဒီလောက်မဝေးပါဘူး။ ဒီလောက်လည်း ခေါင်တာမဟုတ်ဘူး။ သို့သော်ငြားလည်း ကျွန်မတို့ နေပြည်တော်ဘက်၊ မန္တလေးဘက်၊ ရန်ကုန်ဘက် မြို့ကြီးတွေဘက်ကနေ ဒီကို ရောက်တယ်ဆိုတာ ခဲယဉ်းပါတယ်။ ရောက်ဖို့ ခဲယဉ်းပါတယ်။ ခဲယဉ်းလို့ကို ကျွန်မတို့က အသေအချာဂရုစိုက်ပြီး ရောက်အောင်လာခဲ့တာပါ။

### အားလုံးအတူဖြေရှင်း

ကျွန်မတို့က ပြည်သူပြည်သားတွေနဲ့ တွေ့တဲ့အခါ ကျွန်မတို့ပြည်သူတွေရဲ့ အဓိကပြဿနာတွေ ဘာရှိသလဲဆိုတာကို သိချင်ပါတယ်။ ဒါမှလည်း ကျွန်မတို့အနေနဲ့ ကြိုးစားပြီး ဖြေရှင်းပေးနိုင်မှာ ဖြစ်ပါတယ်။ ကြိုးစားပြီး ဖြေရှင်းပေးတယ် ဆိုပေမယ့်လည်း အားလုံးကို ချက်ချင်းဖြေရှင်းလို့ရမှာ မဟုတ်ပါဘူး။ ကျွန်မတို့နိုင်ငံရဲ့ စိန်ခေါ်မှုတွေကို ကျွန်မတို့အားလုံး အတူဖြေရှင်းချင်တယ်ဆိုရင် အားလုံးအတူလုပ်ဖို့ လိုပါတယ်။

ဒါကြောင့် ကျွန်မတို့ ပြည်သူပြည်သားတွေကို အမြဲသတိပေးပါတယ်။ ကိုယ်က အဓိကပါ။ တစ်ဦးချင်း၊ တစ်ဦးချင်း လုပ်ဆောင်မှု၊ စွမ်းဆောင်မှုဟာ ကျွန်မတို့နိုင်ငံအတွက် အင်မတန်မှ အရေးကြီးပါတယ်။ ဒါဟာ အသက်အရွယ်နဲ့လည်း မဆိုင်ပါဘူး။ လူကြီးဖြစ်စေ၊ လူငယ်ဖြစ်စေ နိုင်ငံရဲ့အကျိုးကို ထမ်းဆောင်နိုင်တဲ့ အရည်အချင်းရှိပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ ကလေးတွေ၊ ကျောင်းသား ကျောင်းသူတွေကအစ လူကြီးမိဘတွေဟာ နိုင်ငံ့အကျိုးကို ဘယ်လိုထမ်းဆောင်နိုင်မလဲဆိုတာကို စဉ်းစားကြစေချင်ပါတယ်။

စာမျက်နှာ ၅ သို့ ○



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပင်လည်ဘူးမြို့ အားကစားခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

❍ စာမျက်နှာ ၄ မှ

ပထမဦးဆုံးက ညီညွတ်မှုနဲ့ ထမ်းဆောင်စေချင်ပါတယ်။ ကျွန်မတို့ အားလုံးညီညွတ်မှ တိုးတက်နိုင်မှာပါ။ အားလုံးညီညွတ်ဖို့ဆိုတာ စိတ်ရင်းစေတနာမှန်ဖို့က အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့တစ်ယောက်နဲ့ တစ်ယောက်အပေါ်မှာ စိတ်ရင်းစေတနာထားပြီး ငါတို့ အတူလက်တွဲပြီး ငါတို့နိုင်ငံကြီးတိုးတက်အောင် လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်အပြည့်အဝရှိရင် ကျွန်မတို့နိုင်ငံဟာ မြန်မြန်ဆန်ဆန် တိုးတက်လာမှာပါ။ အခု ပင်လည်ဘူးလို ဝေးလံခေါင်သီတဲ့ နေရာတွေမှာဆိုရင် တိုးတက်မှုဟာ ရှိသင့်သလောက်မရှိပါဘူး။ တိုးတက်မှုကို ကျွန်မတို့ ဘယ်လိုတိုင်းတာသလဲဆိုတော့ ကျွန်မတို့အနေနဲ့ ပြည်သူပြည်သားတွေ စိတ်လုံခြုံမှု ဘယ်လောက်ရှိသလဲဆိုတာနဲ့ ပထမတိုင်းတာရပါတယ်။ စိတ်လုံခြုံမှုရှိဖို့ ကိုယ်ရဲ့လုံခြုံမှုလည်း ရှိရပါမယ်။ စိတ်လုံခြုံမှုရှိဖို့ဆိုတာ ကိုယ်က ကိုယ့်အိမ်ထဲမှာလည်း လုံခြုံတယ်၊ ကိုယ့်အိမ်ပြင်ပ ထွက်သွားတဲ့အခါမှာလည်း လုံခြုံတယ်ဆိုတဲ့ လုံခြုံမှုရှိရပါမယ်။

**အင်မတန်မှအရေးကြီး**

နောက်တစ်ခုက လုံခြုံမှုဆိုတာ မနက်မိုးလင်းတာနဲ့ ကိုယ့်ရဲ့ဘဝအတွက် ပူပန်သောကမဖြစ်ရတဲ့ အနေအထားမှာရှိရမယ်။ မနက်ကျရင် ဝဝလင်လင်စားရမယ်၊ နေစရာရှိတယ်၊ ဝတ်စရာရှိတယ်၊ စားစရာရှိတယ်၊ သားသမီးရှိတဲ့ မိသားစုတွေဟာ သားသမီးကို ပညာသင်ပေးနိုင်မယ် အဲဒီလို စိတ်လုံခြုံမှုတွေရှိဖို့ရာ အင်မတန်မှ အရေးကြီးပါတယ်။ နောက်တစ်ခုက အလုပ်နဲ့ပတ်သက်လို့ လုံခြုံမှု။ ကျွန်မတို့ရဲ့ နိုင်ငံသူနိုင်ငံသားတွေထဲမှာဆိုရင် အလုပ်လက်မဲ့တွေက အင်မတန်မှ များပါတယ်။

ကျွန်မ ပင်လည်ဘူးကိုလာတဲ့ လမ်းမှာ ကျောင်းသား ကျောင်းသူတွေ အများကြီးတွေ့ရပါတယ်။ လမ်းမှာ ကျောင်းသား ကျောင်းသူတွေ တွေ့ရတယ်ဆိုရင် အမြဲတမ်းစိတ်ချမ်းသာတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီနိုင်ငံမှာ ကလေးတွေက ပညာသင်ချင်တဲ့ စိတ်ရှိတယ်။ မိဘတွေကလည်း ကလေးတွေကို ပညာသင်ပေးချင်တဲ့ ဆန္ဒရှိတာပြလို့ပဲ။ နိုင်ငံ့အတွက် ပညာဟာ အင်မတန်မှ အရေးကြီးတယ်ဆိုတာကို ကလေးတွေ သေသေချာချာ မှတ်ထားစေချင်တယ်။ လူကြီးတွေအနေနဲ့လည်း မှတ်သားစေချင်တယ်။ ပညာဆိုတာ ကျွန်မတို့နိုင်ငံအတွက် အနာဂတ်ပဲ။ ပညာရှိတွေ မွေးထုတ်နိုင်မှ ဒီနိုင်ငံရဲ့အနာဂတ်အတွက် စိတ်ချရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ပညာရှိဆိုတာ တက္ကသိုလ်ဘွဲ့ရတွေကိုပြောတာ မဟုတ်ဘူးဆိုတာကို သဘောပေါက်စေချင်တယ်။ ပညာရှိဆိုတာဟာ ကိုယ့်ဘဝမှာ ရင်ဆိုင်ရမယ့် ပြဿနာတွေကို ဖြေရှင်းတတ်တဲ့ သူတွေကို ပညာရှိလို့ ဒီလိုပဲ သတ်မှတ်ပါတယ်။

**အကောင်းဆုံးရင်ဆိုင်**

တက္ကသိုလ်ကဘွဲ့တွေ ဘယ်လောက်များများပဲရရ ကိုယ်ရင်ဆိုင်ရတဲ့ ပြဿနာတွေကို ဖြေရှင်းဖို့ မတတ်ဘူးဆိုရင်၊ ဖြေရှင်းနိုင်တဲ့အစွမ်း မရှိဘူးဆိုရင် ဒါတကယ့်ပညာရှိမဟုတ်ပါဘူး။ ဒါသင်ထားတာတွေပဲ ဖြစ်တယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ ပြည်သူ ပြည်သားတွေကို ပညာရှိဖြစ်စေချင်ပါတယ်။ ကိုယ့်ဘဝကို ကိုယ်ဘယ်လို မှန်မှန်ကန်ကန်နဲ့ အကောင်းဆုံးရင်ဆိုင်နိုင်မလဲဆိုတဲ့ နည်းလမ်းတွေကို ရှာတတ်တဲ့ ပြည်သူတွေဖြစ်စေချင်တယ်။

နိုင်ငံတစ်နိုင်ငံဟာ ခေတ်ပေါင်းများစွာ ကျော်လွှားရပါတယ်။ ဒီနိုင်ငံဟာ ကမ္ဘာကြီးတည်သရွေ့ တည်ရှိနေမှာပဲ။ ကမ္ဘာကြီးတည်သရွေ့ တည်ရှိနေတဲ့အချိန်မှာ ကျွန်မတို့ဘယ်လောက် ပြဿနာတွေ ရင်ဆိုင်ရမယ်ဆိုတာ ဘယ်သူမှ ပြောလို့မရဘူး။ ဒီကမ္ဘာကြီးမှာဆိုရင် အချမ်းသာဆုံးနိုင်ငံကြီးတောင်မှ ပြဿနာတွေ မကင်းပါဘူး။ တစ်ခုပြီးတစ်ခု ဖြစ်နေတာပဲ။ အဲဒီတော့ ကျွန်မတို့လို ဖွံ့ဖြိုးစနိုင်ငံတစ်ခုမှာ ကိုယ့်ပြဿနာတွေနဲ့ကိုယ်ရှိတယ်။ ဒါကြောင့် ကျွန်မတို့ အားငယ်စရာမလိုပါဘူး။

ကျွန်မ ကမ္ဘာတစ်ဝန်းကို ရောက်ဖူးပါတယ်။ ကမ္ဘာပေါ်မှာ အကြီးဆုံး၊ အချမ်းသာဆုံးဆိုတဲ့ မြို့ကြီးတွေကိုလည်း ရောက်ဖူးပါတယ်။ သို့သော်ငြားလည်း ဒီမြို့ကြီးတွေမှာ၊ ဒီနိုင်ငံကြီးတွေမှာရှိတဲ့ ပြည်သူပြည်သားတွေမှာမရှိတဲ့ အရည်အချင်းတွေ ကျွန်မတို့ ပြည်သူတွေမှာရှိတယ်။ ဒီလိုကောင်းတဲ့ အရည်အချင်းတွေကို ထိန်းသိမ်းထားရမယ်။ သူတို့သာတာတွေလည်းရှိတယ်။ ကျွန်မတို့သာတာတွေလည်းရှိတယ်။ ကိုယ်သာတဲ့ အချက်တွေကို ကိုယ်ထိန်းသိမ်းထားရမယ်။

ဥပမာဆိုရင် ကမ္ဘာတစ်ဝန်းမှာ စစ်တမ်းကောက်လိုက်တဲ့အခါ သူတို့ ဘာတွေ့သလဲဆိုတော့ ဒီမြန်မာနိုင်ငံက ပြည်သူလူထုတွေလောက် ရက်ရောတာ၊ ပေးကမ်းဝေမျှတဲ့ လူမျိုးမရှိဘူးဆိုပြီး သူတို့ သတ်မှတ်ပါတယ်။ ဒါတောင်မှ ကျွန်မတို့နိုင်ငံဟာ ကမ္ဘာပေါ်မှာ အဆင်းရဲဆုံးနိုင်ငံတွေထဲမှာ ပါတယ်လို့ ပြောရမှာပဲ။ ဖွံ့ဖြိုးမှုအနည်းဆုံး၊ အဆင်းရဲဆုံးနိုင်ငံတွေထဲမှာ ပါတယ်ဆိုပေမယ့် ကျွန်မတို့ရဲ့ ပြည်သူလူထုဟာ ကမ္ဘာပေါ်မှာ အရက်ရောဆုံး၊ ပေးကမ်းလှူဒါန်းမှုမှာ စိတ်ပါဝင်စားဆုံး၊ အင်အားအများဆုံး ပြည်သူတွေဆိုပြီး သူတို့သတ်မှတ်ပါတယ်။ ဒါဟာ ကျွန်မတို့ရဲ့ မေတ္တာ၊ စေတနာရဲ့ အကျိုးပေးလို့ ထင်မိပါတယ်။

အဲဒီတော့ ကျွန်မတို့ တစ်ယောက်နဲ့တစ်ယောက် မျှတချင်တဲ့စိတ်၊ နောက်ဆုံးမှာ မျှဝေချင်တဲ့စိတ်ပါ။ မျှဝေချင်တဲ့စိတ်လောက် ကျွန်မတို့ လူ့အသိုက်အဝန်းမှာ အရေးကြီးတဲ့ စိတ်ဓာတ်မရှိဘူး။ ကိုယ့်မှာကောင်းတာတွေကို မျှဝေရမယ်။ အဲဒီလိုဆိုရင် ကိုယ်က စိတ်ဆင်းရဲမှုရှိရင်လည်း ကိုယ့်ရဲ့ စိတ်ဆင်းရဲမှုတွေကို မျှဝေပေးမယ့်လူတွေပေါ်လာမှာပါ။ ကမ္ဘာကြီးမှာ၊ လောကမှာ အပေးအယူက အမြဲရှိပါတယ်။ ဒီအတိုင်း ကျွန်မတို့ အချင်းချင်းကြားမှာ မေတ္တာတွေမျှဝေမယ်ဆိုရင် ကျွန်မတို့နိုင်ငံဟာ ဖွံ့ဖြိုးမယ်၊ တိုးတက်မယ်၊ ပြဿနာတွေကို ကြံ့ကြံ့ခံနိုင်မယ်။

**မိတ်ဆွေများရှိ**

ကျွန်မနိုင်ငံရေးလုပ်တဲ့ သက်တမ်းတစ်လျှောက်မှာ တချို့က မေးပါတယ်။ အခက်အခဲတွေရှိရင် ဘယ်လိုရင်ဆိုင်သလဲ၊ ဒီအခက်အခဲတွေကြောင့် စိုးရိမ်ကြောင့်ကျမှုတွေ မပိုသွားအောင် ဘယ်လိုလုပ်သလဲ၊ တကယ်တော့ အကောင်းဆုံးက ကိုယ့်အပေါ်မှာ မေတ္တာထားမယ့် ရဲဘော်ရဲဘက်များ၊ မိတ်ဆွေများရှိခြင်းပါ။ ကိုယ်နဲ့အတူ ခံမယ်ဆိုတဲ့ ရဲဘော်ရဲဘက်တွေ၊ မိတ်ဆွေတွေရှိတယ်ဆိုရင် ဘယ်ပြဿနာကိုမဆို ကျွန်မတို့ ရင်ဆိုင်ဖို့ဟာ ခက်ခဲတယ်လို့ မရှိတော့ပါဘူး။

ကျွန်မ အမြဲဥပမာပေးပါတယ်။ တစ်ယောက်တည်း တောနက်ကြီးထဲမှာ လျှောက်သွားရရင် စိုးရိမ်စိတ်ရှိတယ်။ ကိုယ်နဲ့ နောက်တစ်ယောက်ပါတယ်ဆိုရင် ဒီစိုးရိမ်စိတ်က နည်းနည်းကျသွားတယ်။ ဒါဟာ ဓမ္မတာပဲ။ ညမှောင်မှောင်ကြီးထဲမှာ၊ လူခေါင်တဲ့လမ်းမှာ ကိုယ်တစ်ယောက်တည်း လျှောက်ရတာနဲ့၊ ကိုယ့်မိတ်ဆွေတစ်ယောက်နဲ့ အတူလျှောက်ရတာနဲ့ မတူပါဘူး။ သူစိမ်းတစ်ယောက်နဲ့ လျှောက်ရတယ်ဆိုရင်တောင် နောက်တစ်ယောက်ရှိနေတယ်ဆိုရင် ကိုယ့်မှာ အင်အားပြည့်တယ်။ ဒါပေမယ့် ကိုယ့်ရဲ့မိတ်ဆွေ၊ ကိုယ့်လက်တွဲပြီး ကိုယ်ခလုတ်တိုက်ရင် ဖေးမပေးမယ့် မိတ်ဆွေတစ်ယောက် ပါတယ်ဆိုရင် ဘယ်လိုပဲ လမ်းက မှောင်နေပါစေ၊ ဘယ်လိုပဲ လမ်းက ခက်ခဲနေပါစေ ဆက်ပြီးလျှောက်ဖို့ဟာ ပိုပြီးလွယ်လာပါတယ်။

**အချင်းချင်းကူညီ**

အထူးသဖြင့် ကလေးတွေ၊ လူငယ်တွေဟာ ငယ်ငယ်ကတည်းက ဒီလိုစိတ်တွေကို မွေးကြပါ။ အချင်းချင်းစာနာတဲ့စိတ်၊ အချင်းချင်း ကူညီချင်တဲ့စိတ်၊ အချင်းချင်းမေတ္တာနဲ့ ကိုယ့်ရဲ့အကောင်းတွေ၊ ကိုယ့်မှာရှိတဲ့ ကောင်းနိုးရာရာတွေကို မျှဝေပြီး ပေးချင်တဲ့စိတ်၊ အဲဒီလို စိတ်တွေကို ကျွန်မတို့ရဲ့ လူငယ်တွေက မွေးကြမယ်ဆိုရင် ကျွန်မတို့နိုင်ငံ တည်သရွေ့ အမြဲတိုးတက်ပြီး သာယာသွားမယ့်နိုင်ငံတစ်ခုဖြစ်လာမှာပါ။ အချင်းချင်းအပေါ်မှာ စေတနာမရှိဘူး။ တစ်ယောက်နဲ့တစ်ယောက်အပေါ်မှာ စိတ်ဓာတ်က မကောင်းဘူးဆိုရင် ဘယ်လောက်ပဲ ဒီနိုင်ငံကြီးချမ်းသာပါစေ ကျွန်မတို့ရဲ့ ပြည်သူတွေ ချမ်းသာနိုင်မှာ မဟုတ်ပါဘူး။

နိုင်ငံရေးနဲ့ပတ်သက်လို့ ကျွန်မ နည်းနည်းပြောချင်ပါတယ်။ နိုင်ငံရေးဆိုတာ တချို့တွေက ဘာထင်သလဲဆိုတော့ နိုင်ငံရေးဆိုတာ နိုင်ငံရေးပါတီတစ်ခုထဲမှာ ဝင်ပြီးလုပ်မှ နိုင်ငံရေးလို့ ထင်ပါတယ်။ တကယ်တော့ မဟုတ်ပါဘူး။ နိုင်ငံရေးဆိုတာ လူတိုင်းလူတိုင်းနဲ့ ဆိုင်တယ်။ နိုင်ငံရေးဆိုတာ နိုင်ငံ့ရဲ့အရေးပါ။ ကိုယ့်နိုင်ငံရဲ့အရေးဆိုတာ ဒီနိုင်ငံမှာနေတဲ့ လူတိုင်းနဲ့ဆိုင်တယ်။ ဒီနိုင်ငံမှာ မနေတော့တဲ့ လူတွေနဲ့တောင်ဆိုင်တယ်။ ကိုယ့်မှာ မေတ္တာရှိသေးတယ်၊ သံယောဇဉ်ရှိသေးတယ်ဆိုရင် ဒီနိုင်ငံမှာဘာဖြစ်နေသလဲဆိုတာကို ပြင်ပကနေ လှေ့လာပြီး အတူတူခံစားမယ်၊ အတူတူ စံစားမယ်ဆိုတဲ့ စိတ်ဓာတ်တွေ ရှိတတ်ပါတယ်။

ကျွန်မ အရင်လက နိုင်ငံခြားမှာ သွားပြီး အပြည်ပြည်ဆိုင်ရာတရားရုံးမှာ အမှုရင်ဆိုင်တဲ့အခါ နိုင်ငံခြားမှာနေတဲ့ ကျွန်မတို့ရဲ့ ပြည်သူပြည်သားတွေ တော်တော်များများက ရောက်လာတယ်။ ရောက်လာပြီး ကျွန်မတို့ကို အားပေးချင်လို့၊ ပံ့ပိုးချင်လို့၊ ကျွန်မတို့ဘက်ကနေ ရပ်တည်ပေးချင်လို့ပါ။ ဒီပြည်သူတွေ တော်တော်များများဟာ တကယ်တော့ ကျွန်မတို့နိုင်ငံသားတွေ မဟုတ်တော့ပါဘူး။ နိုင်ငံခြားမှာနေပြီး တခြားနိုင်ငံသားခံယူထားတဲ့ သူတွေဖြစ်ပါတယ်။ သို့သော် သူတို့ရဲ့ စိတ်တွေ၊ သူတို့ရဲ့ နှလုံးသားတွေ၊ သူတို့ရဲ့ သံယောဇဉ်တွေဟာ ကျွန်မတို့နဲ့ပဲရှိပါတယ်။

အရေးကြီးပြီဆိုတော့ တစ်ခါတည်း သွေးနီးတယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ ရောက်လာကြပါတယ်။ အဲဒီလိုဖြစ်ဖို့ အင်မတန်မှ ခဲယဉ်းပါတယ်။ ဒီဝန်းရံကြတဲ့သူတွေက သူဌေးသူကြွယ်တွေ မဟုတ်ပါဘူး။ သူတို့ရဲ့ချွေးနဲ့စာလေးနဲ့ အကုန်အကျခံပြီး စရိတ်စကခံပြီး ရောက်အောင်လာပြီး ကျွန်မတို့ကို အားပေးတာ၊ ဝန်းရံတာဖြစ်ပါတယ်။ ဒါကျွန်မတို့နိုင်ငံအပေါ်မှာ မေတ္တာထားတယ်၊ စေတနာထားတယ်၊ သံယောဇဉ်မပြတ်ဘူးဆိုတာ ပြတာပါ။ ကျွန်မတို့ ဒီလို စိတ်ဓာတ်တွေနဲ့သာ ဆက်သွားမယ်ဆိုရင် ကျွန်မတို့ နိုင်ငံဟာ တစ်နေ့နေ့၊ တစ်ချိန်ချိန်မှာ ကမ္ဘာကနေပြီး အသိအမှတ်ပြုရတဲ့၊ လေးစားရတဲ့၊ ကြည်ညိုရတဲ့ နိုင်ငံတစ်ခု ဖြစ်လာနိုင်ပါတယ်။ ဒီလိုဖြစ်လာဖို့ လူတိုင်းလူတိုင်း၊ တစ်ယောက်ချင်း၊ တစ်ယောက်ချင်း ကြိုးစားရမယ်။

အခု ပင်လည်ဘူးမြို့က ပြည်သူပြည်သားတွေလည်း ကြိုးစားရမယ်။ ငါတို့မြို့လေးက အရေးပါတဲ့မြို့ မဟုတ်ဘူးဆိုတဲ့စိတ် ဘယ်တော့မှ မထားပါနဲ့။ မြို့တိုင်း၊ မြို့တိုင်းဟာ ရွာတိုင်း၊ ရွာတိုင်း ဒီလိုပဲ ဒီနိုင်ငံမှာ အရေးကြီးပါတယ်။ ရွာတိုင်း၊ မြို့တိုင်းမှာရှိတဲ့ ပြည်သူတွေ တစ်ဦးချင်း၊ တစ်ဦးချင်းကလည်း အရေးကြီးပါတယ်။ အဲဒီတော့ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားပါ။ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားသောအားဖြင့် လမ်းမှန်ကို လျှောက်ပါ။ သိပ်ပြီးတန်ဖိုးရှိတဲ့ပစ္စည်းတစ်ခုဆိုရင် ဘယ်သူကမှ ဖုန်ထဲ၊ သဲထဲမှာ ပစ်ထားမှာ မဟုတ်ပါဘူး။ တန်ဖိုးမရှိတဲ့ ကျောက်ခဲလေးတစ်လုံးဆိုရင် ဖုန်ထဲ၊ သဲထဲ ပစ်ချလိုက်လို့ရတယ်။ တန်ဖိုးရှိတဲ့ စိန်တုံးကို ဘယ်သူကမှ ဖုန်ထဲ၊ သဲထဲမှာ ပစ်ချထားမှာ မဟုတ်ပါဘူး။

ဒီလိုပဲ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားရင် ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ရမယ်။ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးရှိအောင် နေရမယ်။ ပထမဦးဆုံး ကိုယ်ကျင့်သီလကို ထိန်းရမယ်။ ကိုယ်ကျင့်သီလကို ထိန်းခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ် တန်ဖိုးရှိအောင် လုပ်ထားရမယ်။ အဲဒီလို လုပ်တဲ့အခါမှာ တစ်ခါတလေ ကျွန်မတို့ မှားတာတွေရှိပါတယ်။ ကိုယ်ဖြစ်စေချင်သလို မဖြစ်တာ၊ ကိုယ်ထင်သလို၊ ကိုယ်မျှော်မှန်းသလို မတိုးတက်တာ၊ မအောင်မြင်နိုင်တာ၊ အဲဒီလိုဖြစ်တဲ့အခါကျရင် စိတ်ဓာတ်မကျပါနဲ့။ လူတိုင်းလူတိုင်း ဆက်လက်ပြီး မျှော်လင့်ချက်နဲ့ ကြိုးစားနိုင်တဲ့ အခွင့်အရေးရှိပါတယ်။ အဓိကဟာ ကြိုးစားခြင်းပါပဲ။ ဝီရိယစိုက်ထုတ်ခြင်းဖြစ်ပါတယ်။ ဒီတစ်ခါ မအောင်မြင်ရင် နောက်တစ်ခါ အောင်မြင်နိုင်တယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ဆက်ပြီးလုပ်စေချင်ပါတယ်။

**တိုးတက်ဖို့လိုအပ်**

ဒီလိုလုပ်မှသာလျှင် ကျွန်မတို့ရဲ့ နိုင်ငံဟာ တိုးတက်နိုင်မှာပါ။ ကျွန်မတို့ နိုင်ငံကို တိုးတက်စေချင်တယ်ဆိုပြီး အတန်တန်ပြောနေရတဲ့ အကြောင်းရင်းက ကျွန်မတို့နိုင်ငံဟာ တိုးတက်ဖို့ လိုလို့ပါ။ ဒီလိုဒေသတွေကို လာလို့ရှိရင်၊ နန်းယွန်းလိုဒေသတွေကို သွားလို့ရှိရင် ပိုပြီး ဒါဟာ ထင်ရှားပါတယ်။ ကျွန်မတို့ နိုင်ငံမှာ တိုးတက်ဖို့ လိုအပ်နေတဲ့ ဒေသတွေ အများကြီးရှိပါတယ်။ တိုးတက်ဖို့ လိုအပ်နေတဲ့ ပြည်သူတွေ အများကြီးရှိပါတယ်။ အဲဒါကြောင့် ကျွန်မတို့အားလုံး တစ်ယောက်နဲ့ တစ်ယောက် ကူညီကြပါ။ အစိုးရတစ်ခုတည်း ဘယ်တော့မှ လုပ်ပေးနိုင်တာ မဟုတ်ပါဘူး။ တချို့တွေက အမျိုးမျိုး ကတိတွေပေးကြပါတယ်။ အကောင်းဆုံးဖြစ်အောင် လုပ်မယ်၊ အားလုံးပြဿနာတွေ ပြေလည်သွားအောင်လုပ်မယ်၊ ပြဿနာတွေ ပျောက်ကင်းသွားအောင် လုပ်မယ်ဆိုပြီး ပြောပါတယ်။ ဒါတကယ်တော့ မလုပ်နိုင်ပါဘူး။

ပြည်သူလူထုပါမှ တစ်ခုချင်း တစ်ခုချင်း၊ တစ်ထစ်ချင်း တစ်ထစ်ချင်း ကျွန်မတို့နိုင်ငံ တိုးတက်အောင်လို့ လုပ်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ပြည်သူတွေက လှိုက်လှိုက်လှဲလှဲ ကြိုဆိုတယ်ဆိုရင် ကျွန်မတို့အတွက် ဘာအားတက်ရသလဲဆိုတော့ ပြည်သူတွေမှာ စည်းလုံးညီညွတ်တဲ့ အင်အားတစ်ခုရှိတယ်။

စာမျက်နှာ ၆ သို့ ❍

○ စာမျက်နှာ ၅ မှ

စည်းလုံးပြီး ဒီလိုအခမ်းအနားတစ်ခုမှာ စုရုံးပြီးတက်သလို၊ စည်းလုံးပြီး ကျွန်မတို့ နိုင်ငံရင်ဆိုင်ရမယ့် ပြဿနာတွေကို ရင်ဆိုင်ဖြေရှင်းနိုင်တဲ့ အရည်အချင်းရှိတယ်ဆိုတဲ့ ယုံကြည်ချက်ဖြစ်လာလို့ ကျွန်မတို့အင်မတန်မှ ဝမ်းသာအားရ ဖြစ်ပါတယ်။

**စာရေးပြီးမေးလို့ရ**

ကျွန်မတို့ ဒီလိုလာတဲ့အခါမှာ ပြည်သူတွေရဲ့အသံကို နားထောင်ချင်တယ်ဆိုပြီး ကျွန်မတို့အမြဲတမ်း မေးခွန်းတွေမေးဖို့ အားပေးပါတယ်။ ပင်လည်ဘူးမှာ ကျွန်မတို့လာတာ နောက်ကျတဲ့အတွက် တင်ထားတဲ့ မေးခွန်းတွေ အားလုံးကိုဖတ်ပြပြီး ဒီမှာ အကုန်ဖြေဖို့ အချိန်မရှိပါဘူး။ ဒါပေမယ့် မေးထားတဲ့ ပုဂ္ဂိုလ်တွေအားလုံးကို အဖြေတွေပေးပါမယ်။ နောက်ထပ် မေးချင်တာတွေရှိရင်လည်း ကျွန်မတို့ဆီကို စာရေးပြီးမေးလို့ရပါတယ်။ ဒီမှာ တိုင်စာဌာန ဖွင့်ထားပါတယ်။

ကျွန်မဘယ်သွားသွား တိုင်စာဌာန ဖွင့်ပါတယ်။ ပြည်သူလူထုကတိုင်ဖို့ ရယ်လို့မဟုတ်ပါဘူး။ တိုင်ချင်ရင်လည်း တိုင်လို့ရပါတယ်။ မေးချင်တာရှိရင်လည်းမေးဖို့၊ ပြောချင်တာရှိရင် လည်းပြောဖို့၊ ဘာလို့လဲဆိုရင် တိုင်စာဌာနကို ပေးလိုက်တဲ့စာတွေအားလုံးက ကျွန်မတို့ရုံးကို ရောက်ပါတယ်။ ဘယ်သူပဲဖြစ်ဖြစ် တိုင်စာဌာနကို စာရေးတယ်ဆိုလို့ရှိရင် ကိုယ့်ရဲ့စာကို ဖတ်မယ့်သူရှိတယ်၊ သေသေချာချာ လေ့လာပြီး အဖြေပေးစရာရှိတာပေးမယ့်သူရှိတယ်ဆိုတာကို ယုံကြည်စေချင်ပါတယ်။ ဒီလိုတစ်ယောက်နဲ့ တစ်ယောက် ယုံကြည်မှုရှိမှလည်း ဆက်ပြီးလက်တွဲနိုင်မှာပါ။

**ပညာရှိတွေဖြစ်အောင်လုပ်**

ဒီမှာပြောနေတုန်း အရှေ့မှာကလေးတွေက များနေတဲ့အခါကျတော့ ကလေးတွေကို ဦးတည်ပြီးပြောချင်တဲ့ စိတ်ကဖြစ်လာတယ်။ လူကြီးတွေက နောက်မှာဆိုတော့ နောက်ကစောင့်ကြပါ။ ကလေးတွေကို ပညာရှိတွေဖြစ်အောင်လုပ်ကြပါ။ တစ်ယောက်တည်းအတွက်မဟုတ်ဘူး။ ကိုယ့်မိသားစုအတွက်၊ ကိုယ့်ရပ်ရွာအတွက်၊ ကိုယ့်နိုင်ငံအတွက်။ နောက်တစ်ခုက ကျန်းမာရေးကို ဂရုစိုက်ကြပါလို့ ပြောချင်ပါတယ်။ ကလေးတွေက ကျန်းမာရေးကို ဂရုစိုက်နိုင်ဖို့ဆိုတာ မိဘတွေရဲ့ အခြေအနေအပေါ်မှာ မူတည်ပါတယ်။ ပထမဦးဆုံး ကလေးတွေ အာဟာရပြည့်ဝအောင် စားဖို့လိုပါတယ်။ ဒါကလည်း မိဘက ဘယ်လောက်အထိ တတ်နိုင်သလဲအပေါ်မှာ မူတည်ပါတယ်။ ဒါပေမယ့် မိဘတွေကလည်း ကလေးတွေကို ကျွေးတဲ့အခါမှာ အာဟာရပြည့်ဝတဲ့ အစားအစာတွေကို ကျွေးပါ။ အာဟာရမရှိတဲ့ သရေစာတွေ ကျွေးမယ့်အစား၊ ဥပမာ-ဖီးကြမ်းငှက်ပျောသီးဆိုရင် အင်မတန်မှ အာဟာရရှိပါတယ်။ ပဲဆိုရင်လည်း အာဟာရရှိပါတယ်။ အာဟာရရှိတဲ့ အစားအစာတွေကို ကျွေးပါလို့ ပြောချင်ပါတယ်။

ကလေးတွေ ငယ်ငယ်ကတည်းက အစားအစာ စားသောက်တဲ့နေရာမှာ ကောင်းတဲ့ အလေ့အကျင့်တွေရှိစေချင်ပါတယ်။ တစ်ခုသတိပေးမယ်။ ကွမ်းယာရောင်းတဲ့သူတွေက စိတ်မဆိုးကြပါနဲ့၊ ကွမ်းမစားကြပါနဲ့လို့ တိုက်တွန်းချင်တယ်။ ဒါက ပထမပါ။ ဒါကလည်း ကွမ်းယာရောင်းတဲ့ ပြည်သူပြည်သားတွေရဲ့အနေအထားကို မသိလို့ ပြောတာမဟုတ်ပါဘူး။ ဒါကို ဘယ်လိုလုပ်ပေးရမလဲဆိုတာ ကျွန်မတို့ အမြဲစဉ်းစားပါတယ်။ ဒါကိုသာ မစဉ်းစားရင် ကွမ်းယာရောင်းခွင့် ဘယ်ပေးမလဲ။ ဒါပေမယ့် ကွမ်းယာရောင်းခွင့်မပေးရင်လည်း ကွမ်းယာရောင်းတဲ့သူတွေ၊ ကွမ်းစိုက်တဲ့သူတွေအတွက် ဒါဟာအခက်အခဲဖြစ်မယ်ဆိုတာသိလို့၊ ဒီလိုတော့လည်း မလုပ်ပါဘူး။ ကွမ်းစားခြင်းဟာ ကိုယ့်ရဲ့ ကျန်းမာရေးကို ထိခိုက်ပါတယ်။ အလှပျက်လိမ့်မယ်။ အဲဒါကို ရှောင်ကြပါလို့ တိုက်တွန်းချင်ပါတယ်။ ပတ်ဝန်းကျင်ညစ်ညမ်းတယ်။ ကွမ်းတံတွေးထွေးတယ်ဆိုတာ ကိုယ့်ပတ်ဝန်းကျင်ကို ညစ်နွမ်းစေတယ်။ အဲဒါတွေလည်း မလုပ်ပါနဲ့လို့ ပြောချင်ပါတယ်။

**သောက်စားခြင်းကို ရှောင်ကြ**

နောက်တစ်ဆင့်ပြောရမယ်ဆိုရင် အရက်သေစာ သောက်စားခြင်းကို ရှောင်ကြပါ။ အထူးသဖြင့် ယောကျ်ားလေးတွေပါ။ ယောကျ်ားလေးတွေ နည်းနည်းလေးကြီးလာပြီဆိုရင်အရက်သောက်ချင်ကြတယ်။ အရက်က သောက်ချင်စရာအကြောင်းကို မရှိဘူး။ အရက်သောက်တယ်ဆိုတာ ပိုက်ဆံလည်းကုန်တယ်။ ကျန်းမာရေးလည်း ထိခိုက်တယ်။ ထိုနည်းလည်းကောင်းပဲ ဆေးလိပ်သောက်တယ်ဆိုတာ ပိုက်ဆံလည်း ကုန်တယ်။ ကျန်းမာရေးလည်း ထိခိုက်တယ်။ ကျွန်မအမြဲပြောပါတယ်။ ဆေးလိပ်သောက်တယ်ဆိုတာ ကိုယ့်ပိုက်ဆံကိုယ် မီးရှို့သလိုပဲ။ ကိုယ့်ပိုက်ဆံကို မီးရှို့လိုက်တာကမှ ပိုကောင်းပါတယ်။ ပိုက်ဆံမီးရှို့တာက ပိုက်ဆံကုန်ပေမယ့် ကျန်းမာရေးမထိခိုက်ဘူး။ ဆေးလိပ်ဝယ်ပြီး သောက်ရင် ပိုက်ဆံလည်း ကုန်ပါတယ်။ ကျန်းမာရေးလည်း ထိခိုက်ပါတယ်။ ဆေးလိပ်သောက်ခြင်းကို ရှောင်ကြပါလို့ တိုက်တွန်းချင်ပါတယ်။

နောက်တစ်ခုက မူးယစ်ဆေးဝါးပါ။ အထူးသဖြင့် ကျွန်မတို့လူငယ်တွေအတွက် အရေးကြီးပါတယ်။ မူးယစ်ဆေးဝါးက တစ်ခါစွဲရင်ဖြတ်လို့ရရင်တောင်မှ ကိုယ့်ရဲ့ကျန်းမာရေးကို ထိခိုက်နိုင်ပါတယ်။ ဒီတော့ကျွန်မတို့ လူငယ်များဟာ အခြေခံကျတဲ့ ကျန်းမာရေးကောင်းဖို့ အလေ့အကျင့်တွေကို မွေးမြူရမှာပါ။ ဂိမ်းကစားတာတွေလည်း တတ်နိုင်သမျှထိန်းပါလို့ တိုက်တွန်းချင်ပါတယ်။ ဂိမ်းကစားတာက နောက်တော့စွဲသွားရော၊ စွဲသွားတော့ ဒါကလည်း လောင်းကစားကို စွဲသလိုပဲ။ ဖွံ့ဖြိုးတဲ့နိုင်ငံတွေမှာ လူငယ်တွေ ဂိမ်းကစားတာများလို့ စိတ်ပိုင်းဆိုင်ရာဆရာဝန်နဲ့ကို ဖြတ်ယူရပါတယ်။

**ပညာတွေကို တိုးတက်အောင်လုပ်**

ကိစ္စတစ်ခုကို ဒီလောက်တောင် စွဲသွားပြီဆိုရင် ဒါဟာရောဂါပါပဲ။ ကလေးတွေအနေနဲ့ ဂိမ်းကစားတာကို တော်ရုံတန်ရုံဆော့ကြပါလို့ တိုက်တွန်းချင်ပါတယ်။ ကျွန်မတို့ရဲ့ကလေးတွေ ပညာလည်းရမယ်၊ ကျန်းမာရေးလည်း ကောင်းမယ်ဆိုရင် စိတ်ချလက်ချနဲ့ ဒီနိုင်ငံကြီးကို အနာဂတ်မျိုးဆက်တွေရဲ့လက်ထဲမှာထားပစ်ခဲ့နိုင်မယ်။ အနာဂတ်မျိုးဆက်တွေရဲ့ လက်ထဲမှာ နိုင်ငံတစ်နိုင်ငံကို စိတ်ချလက်ချထားခဲ့နိုင်တယ်ဆိုတဲ့ ဆုနဲ့ တူညီတဲ့ဆု ဘာဆုမှမရှိပါဘူး။

ကျွန်မတို့နိုင်ငံကို စိတ်ချလက်ချနဲ့ နောင်မျိုးဆက်တွေ လက်ထဲအပ်ပြီး ဒီလောကကြီးကနေ ထွက်သွားနိုင်တယ်ဆိုရင် ဘယ်လောက်ထိ စိတ်အေးချမ်းနိုင်မလဲ။ နောင်မျိုးဆက်တွေကလည်း ဒီလိုပဲစိတ်အေးလက်အေးနဲ့ ဆက်ပြီး ဒီဘဝကိုဖြတ်သန်းသွားနိုင်မှာပါ။ ဒါကြောင့် လူငယ်များ ကျန်းမာရေးကို ဂရုစိုက်ပါ။ တတ်နိုင်သမျှ ကိုယ့်ရဲ့စွမ်းနိုင်သမျှ ပညာတွေကို တိုးတက်အောင်လို့လုပ်ပါ။ အရေးကြီးဆုံးက အချင်းချင်းကူညီပါ။ အချင်းချင်း ချစ်ခင်ပါ။ လူကြီးများကလည်း ထိုနည်းလည်းကောင်းပဲ အချင်းချင်းချစ်ခင်ခြင်း၊ ကူညီခြင်းဖြင့် ကျွန်မတို့ရဲ့လူငယ်တွေကို ကောင်းတဲ့ဥပမာတွေ၊ ကောင်းတဲ့ နမူနာတွေပြပါလို့ ကျွန်မက မေတ္တာရပ်ခံချင်ပါတယ်။

**အများကြီးတူညီ**

ကျွန်မအခုလို ခရီးသွားတဲ့အခါ လိုအပ်ချက်တွေက တစ်နေရာနဲ့ တစ်နေရာက အများကြီး တူညီနေတာကို တွေ့ရပါတယ်။ ဥပမာ-လမ်း၊ လျှပ်စစ်ဓာတ်အား၊ ကျန်းမာရေးပံ့ပိုးမှု၊ ပညာရေးပံ့ပိုးမှု၊ တစ်ခါတလေယဉ်ကျေးမှုနဲ့ ပတ်သက်လို့ အကူအညီလေးတွေလိုတာ၊ ဒါတွေက ကျွန်မတို့ ထပ်တလဲလဲ တွေ့နေရတဲ့ကိစ္စပါ။ ဒါတွေကို ကျွန်မတို့ အမြန်ဆုံးဖြေရှင်းပေးပါမယ်။ အတတ်နိုင်ဆုံးလုပ်ပေးပါမယ်။

နောက်တစ်ခုက အုပ်ချုပ်ရေးပိုင်းဆိုင်ရာနဲ့ပတ်သက်ပြီး တိုင်တာတွေလည်း တွေ့ရပါတယ်။ အုပ်ချုပ်ရေးပိုင်းက မတရားလုပ်တယ်၊ ကူညီမစမှုမှာ အားနည်းတယ်ဆိုပြီး တိုင်တာတွေနဲ့လည်း ရင်ဆိုင်ရပါတယ်။ ဒီအတွက် ကျွန်မတို့ တာဝန်ယူပါတယ်။ ဒါဟာ အစိုးရရဲ့တာဝန်ပါ။ အုပ်ချုပ်ရေးဘက်က တာဝန်ရှိသူများဟာ ပြည်သူလူထုအပေါ်မှာ မေတ္တာ၊ စေတနာထားပြီး တာဝန်ကျေအောင်လုပ်ဖို့ကို ကျွန်မ ထပ်တလဲလဲပြောနေတဲ့ ကိစ္စဖြစ်ပါတယ်။

**ကြိုးစားရင် ဘာမဆိုဖြစ်နိုင်**

ပင်လည်ဘူးဘက်မှာ တိုင်းရင်းသားအချင်းချင်းကြားမှာ အေးအေးချမ်းချမ်းနဲ့နေတာတွေ့ရတဲ့အတွက် ကျွန်မ သိပ်ဝမ်းသာပါတယ်။ အင်မတန်မှ အားတက်စရာပါ။ ကျွန်မတို့နိုင်ငံရဲ့ တချို့နေရာတွေမှာ အားလုံးသိကြတဲ့ အတိုင်း ငြိမ်းချမ်းရေးဆိုတာ မရသေးဘူး။ ပြည်တွင်းငြိမ်းချမ်းရေး မရသေးဘူး။ တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်နေကြတယ်။ လက်နက်ကိုင်ပြီး တိုက်ခိုက်ကြပါတယ်။

ကျွန်မတစ်ခု သတိပေးချင်ပါတယ်။ တကယ်ကိုယ့်မှာ အရည်အချင်းရှိရင် ကိုယ်လိုချင်တဲ့ပန်းတိုင်ကို လက်နက်မကိုင်ဘဲနဲ့ ရောက်အောင်သွားနိုင်ရမယ်။ ကိုယ်လိုချင်တဲ့ပန်းတိုင်ကို လက်နက်မပါဘဲ ရောက်အောင်မသွားနိုင်လို့ရှိရင် ကိုယ့်မှာအရည်အချင်း တစ်ခုခုလိုနေလို့ပါ။ ဒါကြောင့် ကိုယ် တစ်ခုခုလိုချင်တယ်ဆိုရင် ဒီဟာကို ပညာရှိတစ်ယောက်ရဲ့ နည်းလမ်းနဲ့ ကိုယ့်ရဲ့ပတ်ဝန်းကျင်ကို မထိခိုက်အောင်၊ အကြမ်းဖက်ဖို့ မလိုအောင် လုပ်ရပါမယ်။ လက်နက်ကိုင်တယ်ဆိုတာ အကြမ်းဖက်မှုတစ်ခုပါပဲ။ အကြမ်းဖက်ဖို့ မလိုတဲ့နည်းတွေနဲ့ ကိုယ့်ပန်းတိုင်ကို ရောက်နိုင်အောင် ကြိုးစားနိုင်တဲ့သတ္တိတွေ၊ အစွမ်းအစတွေကို ကျွန်မတို့ ပြည်သူလူထုတွေမှာရှိစေချင်ပါတယ်။ ကြိုးစားကြပါ၊ ကြိုးစားရင် ဘာမဆိုဖြစ်နိုင်ပါတယ်။

**ပြည်သူတွေနဲ့ ထိတွေ့မှုရှိဖို့လို**

ကျွန်မ ကမ္ဘာ့နိုင်ငံအများကြီးကို ရောက်ဖူးပါတယ်။ အချမ်းသာဆုံးဆိုတဲ့မြို့ကြီးတွေကို ရောက်ဖူးပါတယ်။ အဲဒီကိုရောက်လို့ ကျွန်မတစ်ခါမှ အားမငယ်ခဲ့ဘူး။ ငါတို့နိုင်ငံက ဆင်းရဲလို့၊ ဖွံ့ဖြိုးမှုနည်းလို့ ရှက်စရာလို့ စိတ်ထဲမှာမရှိခဲ့ဘူး။ ဒို့နိုင်ငံက အများကြီးလုပ်ဖို့ လိုသေးတယ်ဆိုတဲ့ အတွေးဝင်လာပါတယ်။ ဒါကခဏခဏ ဝင်လာပါတယ်။ ကျွန်မတို့တွေ တိုးတက်ဖို့လိုသေးတယ်။ တိုးတက်ဖို့ လိုသလို တိုးတက်အောင်လည်း လုပ်နိုင်မယ်ဆိုတာကို ကျွန်မအမြဲက ယုံကြည်ပါတယ်။ ဒါကြောင့် အားမငယ်ကြပါနဲ့၊ ငါတို့တွေဟာ ပင်လည်ဘူးဆိုတဲ့မြို့လေးက ပြည်သူတွေဆိုပြီး အားငယ်တဲ့စိတ်တွေ လုံးဝမရှိပါနဲ့။ ကျွန်မတို့နိုင်ငံသူ နိုင်ငံသား တစ်ယောက်ချင်း တစ်ယောက်ချင်းဟာ ကျွန်မတို့နိုင်ငံအတွက် တန်ဖိုးရှိပါတယ်။ တစ်ဦးချင်း တစ်ဦးချင်းဟာ ကျွန်မတို့နိုင်ငံအတွက် မျှော်လင့်ချက်တွေပါ။

ဘယ်သူက ဘယ်လိုအချိန်မှာ ဒီနိုင်ငံကို ဘယ်လိုပံ့ပိုးမလဲဆိုတာ ဘယ်သူမှသိတာ မဟုတ်ပါဘူး။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ်ယုံကြည်ပါ။ ကျွန်မတို့တန်ဖိုးထားသလို ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားပါ။ ကျွန်မတို့ရဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်တွေ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို ကျွန်မသတိပေးချင်တာက ပြည်သူတွေနဲ့ထိတွေ့မှုက အင်မတန်မှ အရေးကြီးပါတယ်။ ဒါက ကျွန်မထပ်တလဲလဲပြောနေတဲ့ကိစ္စပါ။ ပြည်သူတွေနဲ့ ထိတွေ့မှုရှိဖို့လိုပါတယ်။ မြို့တင်မကဘူး၊ ရွာတွေအထိဆင်းရပါမယ်၊ ပြည်သူတွေရဲ့အသံကို နားထောင်ရမယ်၊ ပြည်သူတွေရဲ့ လိုအပ်ချက်က ဘာတွေလဲဆိုတာကြည့်ပြီး ကိုယ်အစွမ်းရှိသမျှ ဒါတွေကိုဖြည့်ဆည်းပေးရပါမယ်။ ဒီလိုလုပ်မှသာလျှင် ပြည်သူတွေက အုပ်ချုပ်ရေးယန္တရားအပေါ်မှာ ယုံကြည်မှုနဲ့ လေးစားမှုရှိမှာပါ။ အဲဒီတော့ ဆက်ပြီးကျွန်မတို့အနေနဲ့ ကြိုးစားရသလို ပြည်သူတွေအနေနဲ့လည်းကြိုးစားကြပါဟု ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူ သုံးဦးက ကျေးလက်လမ်းများ ကောင်းမွန်အောင်ဆောင်ရွက်ပေးရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ အမှိုက်သိမ်းရန်အချိန်မှန်လာရောက်သိမ်းဆည်းပေးရေးတို့နှင့် စပ်လျဉ်း၍ တင်ပြမေးမြန်းကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးလက်လမ်းများ ကောင်းမွန်စေရေးအတွက် မြို့နယ်တစ်ခုအလိုက် ဆောင်ရွက်ပေးနေမှုများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိစ္စကို ပြည်သူများပိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း၊ အုပ်ချုပ်ရေးပိုင်းဝန်ထမ်းများအနေဖြင့် ပြည်သူအပေါ်တာဝန်အရမဟုတ်ဘဲ စေတနာထား လုပ်ဆောင်ပေးရန်လိုကြောင်း ပြောကြားသည်။

**မေးမြန်း**

တွေ့ဆုံပွဲတွင် ကြိုတင်တင်ပြမေးမြန်းထားသည့် ပင်လည်ဘူးမြို့နယ် ချောင်းကွေ့ရွာမှ ဦးသိန်းလွင်က ငါးကြေးအင်း-ချောင်းကွေ့ကျေးရွာချင်းဆက်လမ်းအား မြေသားလမ်းဖောက်လုပ်ပေးရေး၊ ချင်းကုန်းကျေးရွာမှ ဦးတင်လှိုင်က ချင်းကုန်းရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးရေး၊ မြို့မရပ်ကွက်မှ ဦးမောင်ကိုက မြို့မ(၂)ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးရေးနှင့် ဖွံ့ဖြိုးရေးသိပ္ပံကျောင်းခွင့်ပြုပေးရေး၊ မိုးကောင်းရပ်ကွက်မှ ဦးမောင်ရွှေက မြို့မ(၁)ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးရေး၊ ကဘာကျေးရွာမှ ဦးအောင်ဒွေးက ကဘာကျေးရွာ ကျန်းမာရေးဌာနခွဲတစ်ခုခွင့်ပြုပေးရေး၊ တောင်မော်ကျေးရွာမှ ဦးမောင်စိန်က တောင်မော်ကျေးရွာ၌ ကျန်းမာရေးဌာနခွဲတစ်ခု ခွင့်ပြုပေးရေး၊ တုံမွန်းကျေးရွာမှ ဦးမြင့်ဇော်က တုံမွန်းကျေးရွာတွင် ၁၆ ခုတင်ဆံ့ဆေးရုံတည်ဆောက်ပေးရေး၊ မိုးကောင်းကျေးရွာမှ ဦးမောင်ဝင်းက ပင်လည်ဘူးမြို့တွင် မူးယစ်ဖြတ်စခန်း တည်ထောင်ပေးရေးနှင့် ပင်လည်ဘူးမြို့နယ် မြောက်ပိုင်း (၁၆)အုပ်စုတွင် နယ်မြေရဲကင်းချထားပေးရေး၊ မြို့မရပ်ကွက်မှ ဦးတင်ဦးက ဝန်ထမ်းများအတွက် ဒေသစရိတ်ခွင့်ပြုပေးရေး၊ မြို့မရပ်ကွက်မှ ဦးချစ်ဦးက ကောလင်း-ပင်လည်ဘူးကားလမ်းအား အဆင့်မြှင့်တင်ပေးရေး၊ မြို့မကျေးရွာမှ ဦးချစ်ဝင်းက ဝါးယောချောင်းတံတားအား အသစ်တည်ဆောက်ပေးရေး၊ ကဘာကျေးရွာမှ ဦးစင်းမောင်က မကျီးပင်-ကဘာ ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းဆောင်ရွက်ပေးရေး၊ ငွေးချိုကျေးရွာမှ ဦးသိန်းဇော်က ငွေးချိုကျေးရွာချင်းဆက်လမ်းအား ပြုပြင်ပေးရေးနှင့် မြေကုလား-သာယာကုန်းကျေးရွာ အထွက် တံတားနှစ်စင်းအား ပြုပြင်ပေးရေး၊ နွယ်လိမ်ကျေးရွာမှ ဦးမြင့်ရွှေက နွယ်လိမ်ကျေးရွာအဝင် မူးမြစ်ကူးဘေလီတံတားတစ်စင်း ဆောင်ရွက်ပေးရေး၊ တောင်မော်ကျေးရွာမှ ဦးမောင်စိန်က တောင်မော်-မြောက်မော်ကျေးရွာကြားရှိ မြောက်မော်ချောင်းတံတား ဆောက်လုပ်ပေးရေး၊ တုံမွန်းကျေးရွာမှ ဦးဝင်းမြင့်ဇော်က ထမံမောက်ဒေသ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်ပေးရေး၊ စာမျက်နှာ ၇ သို့ ○



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပင်လည်ဘူးမြို့နယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် ကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

○ စာမျက်နှာ ၆ မှ

သင်ပေါင်းကျင်းကျေးရွာမှ ဦးစိုးလွင်က သင်ပေါင်းကျင်း- မိချောင်းအင်းမူး မြစ်ကူးတံတား ဆောင်ရွက်ပေးရေး၊ သိမ်ဇင်ကျေးရွာမှ ဦးဘိုးချင်းက ပေကုန်း-သိမ်ဇင်ကျေးရွာ မြေသားလမ်းအား ကတ္တရာလမ်းအဆင့်တိုးမြှင့်ပေးရေးနှင့် အဂ္ဂရွာချောင်းကူးတံတား၊ မှန်ကင်းချောင်းကူးတံတား၊ ရေရှင်ငယ် ချောင်းကူးတံတားတို့အား သံကူကွန်ကရစ်တံတား ဆောက်လုပ်ပေးရေး၊ မော်လင်ကျေးရွာမှ ဦးအောင်ဖြူက မော်လင်-တောင်ခြေရင်း ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းဆောင်ရွက်ပေးရေး၊ ကိုးယောက်ကျေးရွာမှ ဦးထွန်းဝေက ကိုးယောက်ကျေးရွာ၏ တောင်ဘက်မူးမြစ်ကမ်းပါးရေတိုက်စားနေသည့် နှစ်ဖာလုံအား ကမ်းထိန်းနံရံ ဆောင်ရွက်ပေးရေး၊ မြို့မရပ်ကွက်မှ ဦးချစ်ဦးက မူးမြစ်ကမ်းပါးထိန်းနံရံဆောင်ရွက်ပေးရေး၊ စေတီဦးကျေးရွာမှ ဦးမြင့်ရွှေက စေတီဦးကျေးရွာ ကိုယ်ထူကိုယ်ထကျောင်း ဆောက်လုပ်နေသဖြင့် ပံ့ပိုးကူညီပေးရေး၊ မြို့မရပ်ကွက်မှ ဦးတင်ဦးက ပင်လည်ဘူးမြို့တွင် တက္ကသိုလ်တစ်ခု ဖွင့်လှစ်ပေးရေး၊ ကဘာကျေးရွာမှ ဦးအောင်ခွေးက ကဘာကျေးရွာတွင် ဆက်သွယ်ရေးတာဝါတိုင်တစ်ခု စိုက်ထူပေးရေးတို့နှင့် စပ်လျဉ်းသည့် တင်ပြမေးမြန်းချက်များအပေါ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သက်ဆိုင်ရာကဏ္ဍအလိုက် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ကိစ္စတစ်ခုချင်းအလိုက် တွေ့ဆုံရှင်းလင်းဆွေးနွေးရန် လမ်းညွှန်မှာကြားခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျောင်းသားကျောင်းသူများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ပင်လည်ဘူးမြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ဟုမ္မလင်းမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါအကြံပြုချက်များကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပြည်ထောင်စုရှေ့နေချုပ်ရုံး**
**သတင်းထုတ်ပြန်ချက်**
၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၂ ရက်)

**လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း**

၁။ နိုင်ငံတော်သမ္မတရုံးသည် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် မြန်မာ့တပ်မတော်နှင့် ARSA အကြမ်းဖက်အဖွဲ့တို့အကြား ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုဖြစ်စဉ်များအတွင်း ရခိုင်ပြည်နယ်၌ လူ့အခွင့်အရေးချိုးဖောက်မှုများရှိကြောင်း စွပ်စွဲချက်များအပေါ် စုံစမ်းစစ်ဆေးရန် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့တွင် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် (Independent Commission of Enquiry – ICOE) ကို ဖွဲ့စည်းခဲ့ပါသည်။

၂။ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်သည် အဆိုပါတိုက်ခိုက်မှုဖြစ်စဉ်များအတွင်း လူ့အခွင့်အရေးချိုးဖောက်ကြောင်း စွပ်စွဲချက်များ၊ ကိစ္စရပ်များကို စုံစမ်းစစ်ဆေးခဲ့ပြီး နိုင်ငံတော်သမ္မတထံ တင်ပြသည့် နောက်ဆက်တွဲ ၃၁ ခု အပါအဝင် စာမျက်နှာ ၄၅၀ ကျော်ပါ ကျယ်ကျယ်ပြန့်ပြန့်ပြုစုထားသော အပြီးသတ်အစီရင်ခံစာကို နိုင်ငံတော်သမ္မတထံမှ လက်ခံရရှိခဲ့ပါသည်။

၃။ ယင်းကော်မရှင်သည် တိုက်ခိုက်မှုဖြစ်စဉ်များအတွင်း အရပ်သားများကို သတ်ဖြတ်ခြင်း၊ အင်အားမမျှမတ သုံးစွဲခြင်း၊ လုယက်မှုကျူးလွန်ခြင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် မူဆလင်များ စွန့်ခွာသွားသောနေအိမ်များဖျက်ဆီးခြင်း စသည့်ရာဇဝတ်မှုများကို ARSA အဖွဲ့ဝင်များနှင့် ၎င်းတို့၏ အလိုတူပူးပေါင်းပါဝင်ခဲ့သူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အရပ်သားများက ကျူးလွန်ခဲ့ကြကြောင်း၊ ကျေးရွာများ၊ အထူးသဖြင့် မင်းကြီးရွာ (တူလာတိုလီ)၊ ချွတ်ပြင်ရွာနှင့် မောင်နုရွာတို့တွင် အသက်ဆုံးရှုံးမှုများပြားခဲ့ကြောင်းတို့နှင့်စပ်လျဉ်းသည့် သက်သေခံချက်များအပေါ် အခြေခံ၍ အစီရင်ခံစာကို ပြုစုထားပါသည်။

၄။ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါ အကြံပြုချက်များနှင့်အညီ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်ရေးနှင့် အထောက်အထားများခိုင်လုံပါက တရားစွဲဆိုမှုများပြုလုပ်နိုင်ရေးတို့အတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၅။ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် အစီရင်ခံစာပါ ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ဖြစ်မှုကျူးလွန်သူများအား စုံစမ်းစစ်ဆေး တရားစွဲဆိုအရေးယူမှုအခြေအနေကို ဆက်လက်ထုတ်ပြန်မည်ဖြစ်ပါသည်။

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

# လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာနှင့်စပ်လျဉ်း၍ တပ်မတော်၏ သဘောထားထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၂၁**

လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) ၏ အပြီးသတ်အစီရင်ခံစာနှင့်စပ်လျဉ်း၍ တပ်မတော်၏ သဘောထားထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့တွင် ထုတ်ပြန်လိုက်ကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါထုတ်ပြန်ချက်၌ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် ARSA က ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လုံခြုံရေးရဲကင်းများနှင့် တပ်ဌာနချုပ်တစ်ခုတို့ကို ဝင်ရောက်တိုက်ခိုက်မှုများ ပေါ်ပေါက်ခဲ့ပြီးနောက် တပ်မတော်က နယ်မြေတည်ငြိမ်မှုစစ်ဆင်ရေးဆောင်ရွက်ခဲ့ရကြောင်း၊ နယ်မြေတည်ငြိမ်မှုစစ်ဆင်ရေး၏ နောက်ဆက်တွဲဖြစ်စဉ်များကို စုံစမ်းစစ်ဆေးရန်အတွက် နိုင်ငံတော်သမ္မတရုံးက လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် (Independent Commission of Enquiry – ICOE) ကို ဖွဲ့စည်းခဲ့ကြောင်း။

ICOE ၏ အပြီးသတ်အစီရင်ခံစာအား ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၀ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း၊ ICOE က သက်သေခံအချက်အလက်များ စုဆောင်းရာတွင် တပ်မတော်သားများက လိုအပ်သောထွက်ဆိုချက်များကို ပေးခဲ့ကြောင်း။

ICOE ၏ အစီရင်ခံစာမထုတ်ပြန်မီ ၂၀၁၉ ခုနှစ် နိုဝင်ဘာလနှောင်းပိုင်းကာလမှစတင်၍ ဂူတာပြင်ဖြစ်စဉ်နှင့်စပ်လျဉ်းသည့် စစ်တရားရုံးကို ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင်မြို့နယ်ရှိ နယ်မြေခံတပ်၌ ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး စစ်တရားရုံးစစ်ဆေးစီရင်ခြင်းအား စုံစမ်းစစ်ဆေးရေးခုံရုံး၏ အစီရင်ခံတင်ပြမှုအရ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် ICOE ၏ အစီရင်ခံစာပါ တပ်မတော်နှင့်စပ်လျဉ်းသည့် အကြံပြုချက်များကို လေ့လာသွားမည့်အပြင် စစ်ဥပဒေချုပ်ရုံးကလည်း အစီရင်ခံစာတစ်ခုလုံးကို အသေးစိတ်လေ့လာသွားမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ကြိုတင်ကြံရွယ်ချက်မရှိဘဲ ARSA အဖွဲ့များနှင့် ဒေသရှိသူများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နိုင်ငံတော်အချုပ်အခြာအာဏာနှင့် ဒေသခံတိုင်းရင်းသားများ၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရန်အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်သော်လည်း ကွပ်ကဲမှုအဆင့်ဆင့်တွင် မှားယွင်းစွာလုပ်ဆောင်သူများကို စုံစမ်းစစ်ဆေးရေးခုံရုံးက ဆက်လက်စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း။

စုံစမ်းစစ်ဆေးရေးခုံရုံး၏ တွေ့ရှိချက်အရ ပြစ်မှုတစ်စုံတစ်ရာကျူးလွန်ကြောင်း ခိုင်လုံသည့်သက်သေအထောက်အထားတွေ့ရှိခဲ့ပါက စစ်ဘက်တရားစီရင်ရေး၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ဥပဒေချုပ်ရုံးမှ သတင်းရရှိသည်ဟု ဖော်ပြထားသည်။

**သတင်းစဉ်**

# ထရန်စဖော်မာဝယ်ယူရေး တင်ဒါအောင်မြင်ခဲ့သော ကုမ္ပဏီနှင့် စာချုပ်လက်မှတ်ရေးထိုး



**နေပြည်တော် ဇန်နဝါရီ ၂၁**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း ဒုတိယအဆင့် ကျေးရွာများအတွက် ထရန်စဖော်မာ ဝယ်ယူနိုင်ရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တင်ဒါအောင်မြင်ခဲ့သော Hitachi Soe Electric and Machinery Co., Ltd.တို့အကြား စာချုပ်လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက နေပြည်တော်ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**၁၀၉၁ ရွာတွင် ဓာတ်အားဖြန့်ဖြူးပေးနေ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာသန်း ၃၁၀ ရယူပြီး အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP)ပထမအဆင့်အနေဖြင့် ဓာတ်အားစနစ်မှ နှစ်မိုင်အတွင်း ကျေးရွာ ၅၀၈၀ ကို ဓာတ်အားရရှိရန် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၇ ရက်အထိ စုစုပေါင်း ၁၈၉၁ ရွာတွင် တည်ဆောက်ရေးလုပ်ငန်းများပြီးစီး၍ ၁၀၉၁ ရွာတွင် ဓာတ်အားဖြန့်ဖြူးပေးနေပြီဖြစ်ကြောင်း၊ ပထမအဆင့်စီမံကိန်းပြီးစီးပါက ကျေးရွာပေါင်း ၅၀၈၀ ရှိ အိမ်ထောင်စုပေါင်း ၆၂၆၇၅၇ ခန့်အား ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိနိုင်မည်ဖြစ်ကြောင်း။

တစ်ဆက်တည်း ဒုတိယအဆင့်အနေဖြင့် ဓာတ်အားစနစ်မှ ငါးမိုင်အတွင်း ကျေးရွာ ၄၇၀၀ ကိုလည်း ဓာတ်အားရရှိရန် တစ်ပြိုင်တည်းစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါဒုတိယအဆင့်စာရင်းပါ ကျေးရွာ ၄၇၀၀ ရွာအတွက် လိုအပ်သောထရန်စဖော်မာ၊ ကွန်ကရစ်တိုင်၊ ကြေးသီး၊ ကြိုး၊ လက်တန်းနှင့် ဆက်စပ်ပစ္စည်းများကို ကမ္ဘာ့ဘဏ်၏ လုပ်ထုံးလုပ်နည်းများအတိုင်း (International Competitive Bidding–ICB) ခေါ်ဆိုရန် တင်ဒါစိစစ်ရေးအဖွဲ့ ဖွဲ့စည်း၍ ကမ္ဘာ့ဘဏ်၏လုပ်ထုံးလုပ်နည်းများနှင့်အညီ NEP ဒုတိယအဆင့်အတွက် ပစ္စည်းဝယ်ယူရေးတင်ဒါများအနက် ပထမဆုံးဖြစ်ပါကြောင်း၊ NEP ဒုတိယအဆင့်အတွက် ကျေးရွာများအနေဖြင့် ချင်းပြည်နယ်တွင် ၁၁၃ ရွာ၊ မွန်ပြည်နယ်တွင် ၄၂ ရွာ၊ ရခိုင်ပြည်နယ်တွင် ၁၇ ရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ၂၀၁ ရွာ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ၂၀၄ ရွာ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ၁၅ ရွာ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၅၅၉ ရွာ၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)တွင် ၅၇၆ ရွာ၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)တွင် ၇၈၅ ရွာ၊ မကွေးတိုင်းဒေသကြီးတွင် ၃၈၆ ရွာ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၄၃၄ ရွာ၊ မန္တလေးတိုင်းဒေသကြီးတွင် ၃၅၅ ရွာနှင့် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)တွင် ၁၃ ရွာ စုစုပေါင်းကျေးရွာ ၄၇၀၀ ကို ဓာတ်အားရရှိနိုင်ရန် ဆောင်ရွက်မည်ဖြစ်ပြီး ၎င်းစီမံကိန်းပြီးမြောက်သွားပါက အိမ်ထောင်စုအရေအတွက် ၅၃၉၆၇၄ စုအား လျှပ်စစ်ဓာတ်အား ရရှိသွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ယခုတင်ဒါအောင်မြင်သည့် ကုမ္ပဏီအနေဖြင့် ထရန်စဖော်မာများအား စာချုပ်ပါသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ပြီး ပေးပို့ရမည့်နေရာများသို့လည်း အချိန်မီပေးပို့နိုင်ရေးအတွက် ထုတ်လုပ်ရေးလုပ်ငန်းများကို ဆောလျင်စွာ စတင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဝယ်ယူမည့်နိုင်ငံတော်အဆင့်လုပ်ငန်းဖြစ်ပါ၍ စာချုပ်ပါစည်းမျဉ်းစည်းကမ်းများအတိုင်း ထုတ်လုပ်ပြီး ထရန်စဖော်မာများကိုလည်း သတ်မှတ်ကာလအတွင်း သက်ဆိုင်ရာနေရာများသို့ ပေးပို့နိုင်ရေးနှင့် အရည်အသွေးကောင်းမွန်စေရေးတို့ကို အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အင်ဂျင်နီယာချုပ် ဦးစိုးမင်းထွန်းက NEP စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးကျော်နှင့် Hitachi Soe Electric and Machinery Co., Ltd. မှ ဥက္ကဋ္ဌ ဦးကျော်မင်းထွန်းတို့က စာချုပ်ကိုလက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ကြသည်။

**အိမ်ထောင်စုပေါင်း ၁၁၆၆၄၃၁**

အဆိုပါကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသော အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP) ပထမအဆင့် နှစ်မိုင်အတွင်းကျေးရွာများနှင့် ဒုတိယအဆင့် ငါးမိုင်အတွင်းကျေးရွာများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာပေါင်း ၉၇၈၀၊ အိမ်ထောင်စုပေါင်း ၁၁၆၆၄၃၁စုရှိ လူဦးရေ ၅ ဒသမ ၅ သန်းခန့်တို့မှ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မည်ဖြစ်ပြီး တစ်နိုင်ငံလုံး နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုရာခိုင်နှုန်း ၁၀ ဒသမ ၇၂ ခန့်အထိ တိုးတက်သုံးစွဲလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ ကျောဖုံးမှ

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ယနေ့မျက်မှောက်ခေတ် လူမှုဆက်ဆံရေးနယ်ပယ်၌ ဆိုရှယ်မီဒီယာသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ ဆိုရှယ်မီဒီယာအသုံးပြုခြင်းသည် အကျိုးကျေးဇူးများရှိသကဲ့သို့ စိန်ခေါ်မှုများလည်းရှိပါကြောင်း၊ စိန်ခေါ်မှုများတွင် အမုန်းစကားများ၊ သတင်းအတု၊ သတင်းအမှားများပျံ့နှံ့မှုမှတစ်ဆင့် ရွေးကောက်ပွဲနှင့်ဆက်စပ်သော အထင်အမြင်လွဲမှားမှုများ မဖြစ်စေရေး မည်ကဲ့သို့ ကာကွယ်တားဆီးနိုင်မည်ဆိုသည့် ကိစ္စရပ်များလည်း ပါဝင်ပါကြောင်း၊ မျက်မှောက်ခေတ်တွင် သတင်းအမှန်နှင့် သတင်းအမှားများကို ပြည်သူများ ခွဲခြားနိုင်ရန်ခက်ခဲလာခြင်းသည် အန္တရာယ်ကို ဆပွားတိုးသလိုဖြစ်စေပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဆိုရှယ်မီဒီယာအသုံးပြုမှုသည် ၂၀၁၅ ခုနှစ်က ခုနစ်သန်းခန့်သာရှိခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်တွင် ၂၁ သန်းအထိရှိလာပြီဖြစ်ပါကြောင်း၊ အမုန်းစကားနှင့် သတင်းအတု၊ သတင်းအမှားများကို ကာကွယ်တားဆီးရန်နည်းလမ်းများအတွက် အစီအမံများကို ထည့်သွင်းစဉ်းစားရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကဲ့သို့ ဒီမိုကရေစီအသွင်ကူးပြောင်းဆဲနိုင်ငံအနေဖြင့် အဆိုပါပြဿနာများကို အထူးသတိထားရမည်ဖြစ်ပြီး ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ချမှတ်ထားသည့် စံ (၅) ချက်နှင့်အညီဖြစ်စေရေးကိုလည်း ထိခိုက်နိုင်ပါကြောင်း၊ အမုန်းစကားများ၊ သတင်းအတုများနှင့်စပ်လျဉ်း၍ သဘောထားကွဲလွဲမှုများမဖြစ်စေရန် ရွေးကောက်ပွဲဆိုင်ရာကဏ္ဍစုံမှပါဝင်ပတ်သက်သူများနှင့် ယခုတက်ရောက်လာကြသည့်ပုဂ္ဂိုလ်များအားလုံးဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်း။

**ထုတ်လွှင့်ဖော်ပြပေးလျက်ရှိ**

အမုန်းစကားများ လျော့နည်းပပျောက်စေရေးအတွက် သဘောတူရေးဆွဲထားသည့် ကျင့်ဝတ်များရှိသော်လည်း အားလုံးလိုက်နာမှသာ ထိရောက်မှုရှိမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ကျင့်သုံးလိုက်နာနိုင်ရန် လူတစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရားသည်သာ အဓိကဖြစ်ပါကြောင်း၊ ကော်မရှင်၏လုပ်ဆောင်ချက်များ၊ ကော်မရှင်မှ ထုတ်ပြန်သည့်ညွှန်ကြားချက်များ၊ ကြေညာချက်များကို နိုင်ငံပိုင်သတင်းစာများ၊ ရုပ်မြင်သံကြားနှင့် UEC Website တို့မှတစ်ဆင့် ပြည်သူလူထုသိရှိစေရန် ထုတ်လွှင့်ဖော်ပြပေးလျက်ရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပြည်သူလူထုအသိပညာပေးလုပ်ငန်းများနှင့် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူလူထုထံ သတင်းအချက်အလက်များ အမြန်ဆုံးရောက်ရှိနိုင်မည့် UEC Facebook Page ကိုလည်း အသုံးပြုသွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အမုန်းစကားများ၊ သတင်းအတု၊ သတင်းအမှားများတားဆီးကာကွယ်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ Facebook Team တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် သတင်းအမှန်ထုတ်ပြန်ရေးအစီအစဉ်ကို ကော်မရှင်ရုံးတွင် အပတ်စဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ USIP အဖွဲ့မှ Mr. Jason Tower က အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၃ ရက်အထိ သုံးရက်တာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၁**

မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

အစည်းအဝေးသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ မြန်မာသမိုင်းအဖွဲ့၊ မြန်မာစာအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အရှိန်အဟုန်ရနေပြီ**

အစည်းအဝေးတွင် မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက UNESCO ၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးကွန်ဗင်းရှင်း ၂၀၀၃ အပေါ် မြန်မာနိုင်ငံအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ရန်နှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ပါကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် ယခင်ကျင်းပပြီးစီးခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်များအရ မိမိတို့၏ဒြပ်မဲ့ယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်လာခဲ့သည်မှာ အတိုင်းအတာပမာဏတစ်ခုအထိ အရှိန်အဟုန်ရနေပြီဖြစ်ပါကြောင်း၊ လိုအပ်သည့် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စိစစ်ရေးပညာရှင်အဖွဲ့ ဖွဲ့စည်းခြင်း၊ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ဆောင်းပါးများဖော်ပြခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် မှီတင်းနေထိုင်သော ပြည်ထောင်စုဖြစ်သည်နှင့်အညီ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် အမျိုးအစားများနှင့် ပညာရှင်များ စုံလင်စွာရှိပါကြောင်း၊ မိမိတို့နိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များအနက်မှ စံသတ်မှတ်ချက်များနှင့်ကိုက်ညီသည့် အမွေအနှစ်များကို နိုင်ငံတကာအဆင့် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရန်အတွက် UNESCO သို့ အမည်စာရင်းတင်သွင်းရန်လည်း စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ဆက်လက်၍ မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ရောက်နိုင်ရေးအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဦးဆောင်ပြီး ဆက်စပ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

**မြန်မာ့သနပ်ခါး**

မိမိတို့အနေဖြင့် မိမိတို့နိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအနက်မှ စံသတ်မှတ်ချက်များကိုက်ညီသည့် အမွေအနှစ်များကို နိုင်ငံတကာအဆင့် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လာပါကြောင်း၊ ယခု UNESCO ၏ လူသားအမျိုးအနွယ်ကို ကိုယ်စားပြုစာရင်း (Representative List of the Intangible Cultural Heritage of Humanity)သို့ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ထုံးစံကို အမည်စာရင်းတင်သွင်းရန် စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ မြန်မာ့သနပ်ခါးသည် UNESCO 2003 ကွန်ဗင်းရှင်းပါ သတ်မှတ်ချက် Domain ငါးခုလုံးနှင့်လည်း အကျုံးဝင်ခြင်း၊ မိမိတို့တစ်မျိုးသားလုံး၏ ယဉ်ကျေးမှုလက္ခဏာတစ်ရပ်အဖြစ် ကိုယ်စားပြုခြင်း၊ မိမိတို့လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို ကိုယ်စားပြုတန်ဖိုးထား၊ မြတ်နိုးထိန်းသိမ်းထားရှိလျက်ရှိသောကြောင့် မိမိတို့တစ်မျိုးသားလုံး၏ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး စသည့် နေ့စဉ်လူနေမှုဘဝတွင် အရေးပါသောနေရာ၌ ပါဝင်နေသည့်အပြင် သတ်မှတ်စံနှုန်းများနှင့်လည်း ကိုက်ညီနေခြင်းကြောင့် မြန်မာ့သနပ်ခါးကို UNESCO သို့ အမည်စာရင်းတင်သွင်းရန် လျာထားခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် မှတ်ပုံတင်စာရင်း National Register of the Intangible Cultural Heritage of Myanmar ကို ပြုစုပြီးဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးသို့တက်ရောက်လာကြသည့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပညာရှင်များက မိမိတို့ဆောင်ရွက်လျက်ရှိသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေး လုပ်ငန်းစဉ်ကြီးကို အောင်မြင်စေရန်အတွက် တာဝန်ကျနေရာအသီးသီးကနေ ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများ၊ ပညာရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲများက မိမိတို့ဒေသအလိုက် ဆောင်ရွက်နေသည့် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကိစ္စများနှင့် သက်ဆိုင်သည့် အချက်အလက်များအား ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စိစစ်ရေးပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာတိုးလှ၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးညွန့်ဟန်၊ ဒေါက်တာဒေါ်နုမြဖံနှင့် ပါမောက္ခ ဒေါက်တာကြင်စွမ်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသံလွင်ထွန်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်တို့က အထွေထွေဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**

# နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန် ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၁**

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး မစ္စတာမန်ဂျူရူလ်ကရင်ခမ်ချောင်ဒရီအား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ယင်းသို့တွေ့ဆုံစဉ် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆိုင်ရာ မြန်မာ-ဘင်္ဂလားဒေ့ရှ် ပဉ္စမအကြိမ် ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးကို ဒါကာမြို့၌ အိမ်ရှင်အဖြစ် ကျင်းပရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံရာတွင် အမြဲတမ်းအတွင်းဝန်က မြန်မာနိုင်ငံအနေဖြင့် စိစစ်ပြီးနေရပ်စွန့်ခွာသူများအား မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား ရရှိထားသည့် သဘောတူညီချက်များနှင့်အညီ ပြန်လည်လက်ခံရန်အဆင်သင့်ရှိကြောင်း ထပ်လောင်းပြောကြားခဲ့ပြီး နေရပ်ပြန်လာသူများအတွက် ပြန်လည်နေရာချထားရေးကိစ္စများနှင့် ကောင်းမွန်သည့်ပတ်ဝန်းကျင်ဖန်တီးရာ၌ မိတ်ဖက်နိုင်ငံများ၊ ASEAN-ERAT Team တို့နှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**သတင်းစဉ်**

❃ ထိုင်းလက်ရွေးစင်အသင်းမှ

မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ထိုင်းအသင်းနှင့် ခြေစမ်းပွဲပြီးမှ အပြီးသတ်ကစားသမားများ ရွေးချယ်မည်ဖြစ်သည်။ အိုလံပစ်တတိယအဆင့်ခြေစစ်ပွဲကို ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (က) တွင် တောင်ကိုရီးယား၊ ဗီယက်နမ်အသင်းတို့နှင့် ကျရောက်နေသည်။ မြန်မာအမျိုးသမီးအသင်းသည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် စတင်လေ့ကျင့်ခဲ့သော်လည်း ရွေးချယ်ထားသည့် ကစားသမားအချို့ နောက်ကျခြင်း၊ မရောက်ရှိလာခြင်းတို့ကြောင့် ကစားသမားအပြောင်းအလဲများခဲ့ပြီး ဇန်နဝါရီလ ပထမပတ်မှ လူစုံလေ့ကျင့်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ရှိုင်းထက်ဇော်**

❍ မြန်မာနိုင်ငံတိုင်းရင်းသူမှ

သွေးချင်းတွေ ဒီထက်ပိုပြီး ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးရှိဖို့ ရည်ရွယ်ပါတယ်''ဟု သွေးချင်းတို့ရဲ့ပွဲတော်ဆီ ကျင်းပရေးကော်မတီ၊ ဖျော်ဖြေရေးနှင့် အနုပညာဆပ်ကော်မတီဥက္ကဋ္ဌ ဦးဟက်ကက်က ပြောသည်။

အဆိုပါ Miss Ethnic Myanmar 2020 ပြိုင်ပွဲအတွက် လျှောက်လွှာများကို ဒီဇင်ဘာ ၁၈ ရက်မှ ၃၁ ရက်ထိ ခေါ်ယူခဲ့ခြင်းဖြစ်ပြီး သတ်မှတ်ထားသည့် စည်းကမ်းသတ်မှတ်ချက် ၁၄ ချက်နှင့် ကိုက်ညီသူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသူ ၃၀ ကျော်အား ဆန်ခါတင်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးချယ်ထားသည့်ပြိုင်ပွဲဝင်များအား ယခုအခါ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်ပေးနေကြောင်း Myanmar Model Management မှ ဦးဌေးမင်းထွန်းက ပြောသည်။

ကယားပြည်နယ်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းရင်းသူ မော်ဝတ်ရည်ဖူးက ''ပြိုင်ပွဲဝင်ဖူးတာ ဒါပထမဆုံးဖြစ်ပါတယ်။ ကျွန်မအတွက်တော့ ယှဉ်ပြိုင်ခြင်းဟာ အဓိကမဟုတ်ပါဘူး။ တိုင်းရင်းသူတွေအားလုံး ညီအစ်မရင်းချာလိုဆက်ဆံပြီးတော့ အတွေ့အကြုံအသစ်လေးတွေ၊ သင်ယူစရာလေးတွေကို သင်ယူပြီး တိုင်းရင်းသားအစဉ်အလာယဉ်ကျေးမှုတွေကို မျှဝေရင်းနဲ့ ပျော်ရွှင်မှုနဲ့အတူ ပါဝင်ဆင်နွှဲချင်လို့ဖြစ်ပါတယ်။ မတူတဲ့ဒေသက ညီအစ်ကိုမောင်နှမတွေကို တစုတစည်းတည်း တွေ့ခွင့်ရတဲ့အတွက် တကယ့်ကိုကောင်းတဲ့ပွဲပါလို့ ပြောချင်ပါတယ်'' ဟု ပြောသည်။

အဆိုပါ Miss Ethnic Myanmar 2020 အလှမယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး ပထမဆု ငွေကျပ်သိန်း ၁၀၀၊ သရဖူနှင့် အခြားအကျိုးခံစားခွင့်များ၊ ဒုတိယဆု ငွေကျပ် သိန်း ၅၀၊ တတိယဆု ငွေကျပ် သိန်း ၂၀ နှင့် အခြားဆုများလည်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှဦးဆောင်၍ ကယားပြည်နယ် တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ကျင်းပမည့် အဆိုပါ ''သွေးချင်းတို့ရဲ့ပွဲတော်ဆီ'' ပွဲတော်ကြီးကို ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်းတွင် ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိ တိုင်းရင်းသားရိုးရာအကအလှများ၊ ယဉ်ကျေးမှုပြခန်းများ၊ အမှတ်တရဒေသထွက်ကုန်ရောင်းချသည့် ဆိုင်ခန်းများဖြင့် စည်ကားစွာ ကျင်းပသွားမည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-သီသီမင်း**

# ရခိုင်ပြည်နယ်တွင် ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ စခန်းများပိတ်သိမ်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ရခိုင်ပြည်နယ်အတွင်း ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ စခန်းများကို ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာနှင့်အညီ ပိတ်သိမ်းနိုင်ရန်နှင့် လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်မည့် ကျောက်ဖြူ၊ ကျောက်တစ်လုံး ယာယီခိုလှုံရာစခန်း ပိတ်သိမ်းရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**အလေးထား ဆောင်ရွက်လျက်ရှိ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နိုင်ငံတော်အစိုးရအနေဖြင့် စတင်တာဝန်ယူစဉ်ကပင် တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးပြီး အလေးထားဆောင်ရွက်လျက် ရှိပါကြောင်း၊ အညွှန်းကိန်းများအရ ဖွံ့ဖြိုးမှုနိမ့်ကျသည့် ပြည်နယ်များကို ဦးစားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ကာလကြာရှည်စွာ ဖြစ်ပွားခဲ့သော ပဋိပက္ခများ၏ ဒဏ်များကို ခံစားနေကြရပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရပါကြောင်း၊ ထို့ကြောင့် ၂၀၁၆ ခုနှစ်မှစ၍ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှု၊ တိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီး တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လုပ်ငန်းကော်မတီလေးခုဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း။

ကော်မတီကို စတင်တာဝန်ယူစဉ်ကပင် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းနိုင်ရေးကို စတင်ကြိုးစားခဲ့ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြရာတွင် အားလုံးသာတူညီမျှ ခံစားရရှိရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ မစ္စတာကိုဖီအာနန် ဦးဆောင်သော အကြံပေးကော်မရှင်၏ အကြံပြုချက်ထဲတွင် ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ ခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာပါဝင်၍ စနစ်တကျနှင့် ရေရှည်တည်တံ့နိုင်ရေးအတွက် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာကို ၂၀၁၈ ခုနှစ်တွင် စတင်ရေးဆွဲဖော်ဆောင်ခဲ့ပါကြောင်း၊ မဟာဗျူဟာကို ရေးဆွဲနေစဉ် ကျောက်တော်မြို့နယ်အတွင်းရှိ နိဒင်စခန်း၊ မြေပုံမြို့နယ်အတွင်းရှိ တောင်ပေါ်စခန်းများကို စနစ်တကျပိတ်သိမ်းဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း။

**ညှိနှိုင်းဆွေးနွေးခြင်းဖြစ်**

ယခုဆက်လက်ပိတ်သိမ်းရန်ကျန်ရှိသော ယာယီခိုလှုံရာစခန်းများထဲမှ ကျောက်ဖြူမြို့နယ်ရှိ ကျောက်တစ်လုံး ယာယီခိုလှုံရာစခန်း ပိတ်သိမ်းနိုင်ရေးအတွက် မဟာဗျူဟာပါလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်နိုင်ရန် လာရောက်ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် မဟာဗျူဟာ၏ ရည်ရွယ်ချက်ဖြစ်သော **"ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိပြီး မှီခိုမှုကင်းသောဘဝများကို ပြန်လည်တည်ဆောက်နိုင်ရေး"**အတွက် ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဟာဗျူဟာအရ ပိတ်သိမ်းနိုင်ရန် ရခိုင်ပြည်နယ်တွင် ပြည်နယ်အဆင့်ကော်မတီ၊ စခန်းအလိုက်လုပ်ငန်းကော်မတီများနှင့် ကဏ္ဍအလိုက်ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါအဆင့်များကို ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် စခန်းနေသူများက ပူးပေါင်းဆောင်ရွက်ပါက အောင်မြင်မှု ရနိုင်မည်ဖြစ်ကြောင်း။

ပညာရေး၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်ရရှိရေးသည် ဖွံ့ဖြိုးတိုးတက်မှုများဆောင်ရွက်ရာတွင် အရေးကြီးသည့် အခြေခံအချက်များဖြစ်ကြောင်း၊ အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာငွေရရှိရေးအတွက် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရများက အဓိက ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် မိတ်ဖက်နိုင်ငံများ၏ ပူးပေါင်းကူညီမှုများကို ရယူဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၊ ပြည်သူများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် မိတ်ဖက်နိုင်ငံများ၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ရန် ဖွဲ့စည်းထားသော UEHRD အနေဖြင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုအကူအညီများ၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အရေးကြီးသည့်ကဏ္ဍအနေဖြင့် ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ကျောက်ဖြူမြို့နယ်အတွင်းရှိ ကျောက်တစ်လုံး ပြည်တွင်းနေရပ်စွန့်ခွာသူများ ယာယီခိုလှုံရာစခန်း ပိတ်သိမ်းရေးနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ကျောက်ဖြူမြို့နယ်အတွင်းရှိ ကျောက်တစ်လုံး ပြည်တွင်းနေရပ်စွန့်ခွာသူများ ယာယီခိုလှုံရာစခန်း ပိတ်သိမ်းရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသန်းက စခန်းပိတ်သိမ်းရေးနှင့် စပ်လျဉ်း၍ ပြည်နယ်အဆင့်ကော်မတီများ၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားသည့်အခြေအနေများ၊ ပြန်လည်နေရာချထားပေးရန် ရွေးချယ်ထားသည့် မြေနေရာအခြေအနေများ၊ အသက်မွေးဝမ်းကျောင်းဖော်ဆောင်ပေးနိုင်ရေး အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်ဝန်ကြီးများ၊ UEHRD မှ တာဝန်ရှိသူများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်နေရာချထားရေးနှင့် စခန်းပိတ်သိမ်းရေးအတွက် အခြေခံအဆောက်အဦများ တည်ဆောက်ပေးခြင်း၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးခြင်း၊ ကျန်းမာရေး၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖော်ဆောင်ပေးရေး၊ အများပြည်သူလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လွတ်လပ်စွာသွားလာခွင့်၊ လူမှုသဟဇာတဖြစ်စေရေးနှင့် လူမှုပေါင်းစည်းရေးဖော်ဆောင်မှု၊ ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ် စသည့်တို့ကို ကဏ္ဍအလိုက် တင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ရခိုင်ပြည်နယ်အတွင်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် UEHRD ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် Asian Philanthropy Circle(APC)နှင့် Mainly I love Kids (MILK) တို့က အကောင်အထည်ဖော်ဆောင်ရွက်မည့် Dreams University တည်ဆောက်နိုင်ရေးအတွက် လျာထားမြေနေရာကို ကြည့်ရှုစစ်ဆေးကြသည်။ **သတင်းစဉ်**

# ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်၊ ထုတ်ဝေ၊ ဖြန့်ဖြူးနိုင်ရေးဆောင်ရွက်နေမှု ရှင်းလင်းတင်ပြခြင်း အခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၁**

၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်၊ ထုတ်ဝေ၊ ဖြန့်ဖြူးနိုင်ရေးဆောင်ရွက်နေမှု ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။



**လုပ်ငန်းအပ်နှံထား**

ရှေးဦးစွာ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် မြန်မာတစ်နိုင်ငံလုံးတွင် ရှိသည့် အခြေခံပညာကျောင်းသား ကျောင်းသူ ကိုးသန်းကျော်နှင့် ဆရာ ဆရာမ လေးသိန်းကျော်အတွက် ကျောင်းသုံးစာအုပ် သန်း ၁၁၀ ကျော်ကို ရိုက်နှိပ်ထုတ်ဝေရန် ပညာရေးဝန်ကြီးဌာနက လုပ်ငန်းအပ်နှံထားပါကြောင်း။

လုပ်ငန်းအပ်နှံသည့် ကျောင်းသုံးစာအုပ် သန်း ၁၁၀ ကျော်မှ ကျောင်းသုံးစာအုပ် သန်း ၄၀ ကျော်ကို ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပါကြောင်း၊ ကျန်ရှိသည့် ကျောင်းသုံးစာအုပ် သန်း ၇၀ ကျော်ကို ရိုက်နှိပ်ထုတ်ဝေရန်အတွက် နိုင်ငံတော်သမ္မတရုံးမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်ပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျ ပြင်ပပုံနှိပ်လုပ်ငန်းရှင်များကို တင်ဒါခေါ်ယူရွေးချယ်ပြီး လုပ်ငန်းများ အပ်နှံခဲ့ပါကြောင်း။

**စနစ်တကျစစ်ဆေး**

ယှဉ်ပြိုင်ခွင့်ရှိသည့် လုပ်ငန်းရှင်အားလုံးကိုခွဲခြားမှုမရှိဘဲ သိက္ခာရှိစွာဖြင့် ပါဝင်ယှဉ်ပြိုင်ခွင့်ရအောင် ကြိုးစားဆောင်ရွက်ခဲ့ပါကြောင်း၊ တင်ဒါအောင်မြင်သည့် လုပ်ငန်းရှင်များကို တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ စာချုပ်ပါ ကတိကဝတ်များနှင့်အညီ ဆောင်ရွက်စေခဲ့ပါကြောင်း၊ တစ်ချိန်တည်းမှာပင် ယင်းတို့အနေဖြင့် စည်းမျဉ်းစည်းကမ်း၊ ကတိကဝတ်များနှင့် ညီညွတ်လိုက်နာခြင်း ရှိ၊ မရှိကို ယင်းတို့၏ ပုံနှိပ်စက်ရုံများသို့ သွားရောက်ပြီး စနစ်တကျစစ်ဆေးခဲ့ပါကြောင်း၊ ထိုသို့သွားရောက်စစ်ဆေးရာတွင် တွေ့ရှိရသည့် အခြေအနေများကို ယနေ့အစည်းအဝေးတွင် ရှင်းလင်းဆွေးနွေးသွားမည် ဖြစ်ပါကြောင်း၊ ထပ်မံ၍လည်း ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်ရုံများသို့ ကွင်းဆင်းစစ်ဆေးမည့် အစီအစဉ်များရှိသည်ကို ကြိုတင်အသိပေးလိုပါကြောင်း။

**အချိန်မီရောက်ရှိ**

နိဂုံးချုပ်အားဖြင့်ဆိုရလျှင် နိုင်ငံအတွင်းရှိ ကျောင်းသား ကျောင်းသူ ကိုး သန်းကျော်နှင့် ဆရာ ဆရာမ လေးသိန်းကျော်လက်ဝယ်သို့ ကျောင်းသုံးစာအုပ်များ အချိန်မီရောက်ရှိရေးသည် မိမိတို့၏ ပန်းတိုင်ဖြစ်ပါကြောင်း၊ အလွန်မွန်မြတ်ပြီး အရေးကြီးသည့် အမျိုးသားရေးတာဝန်ကြီး တစ်ခုလည်း ဖြစ်ပါကြောင်း၊ ယင်းကို မိမိတို့ဝန်ကြီးဌာန တစ်ခုတည်းဖြင့် မဆောင်ရွက်နိုင်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လုပ်ငန်းရှင်များအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်၊ ထုတ်ဝေ၊ ဖြန့်ဖြူးနိုင်ရေးအတွက် ကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ ကြိုတင်စည်းကမ်းသတ်မှတ်ချက်ကို အတည်ပြုခဲ့မှု၊ ပြင်ပပုဂ္ဂလိက လုပ်ငန်းရှင်များအား ကြိုတင်ခေါ်ယူရှင်းလင်းမှု၊ တင်ဒါအောင်မြင်သူများစာရင်းနှင့် တင်ဒါအောင်မြင်သူများအား စစ်ဆေးခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး(၁) ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်၊ ထောက်ပံ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ အရည်အသွေးစစ်ဆေးရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်၊ ထောက်ပံ့ခြင်း လုပ်ငန်းများဆောင်ရွက်မည့် ပြင်ပပုံနှိပ်လုပ်ငန်းများသို့ သွားရောက်စစ်ဆေးမှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေး တက်ရောက်သူများက အထွေထွေဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အဆိုပါ အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း(MPPA) နှင့် အထက်မြန်မာပြည် ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (MRPPA) တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ICJ နှင့် မြန်မာနိုင်ငံ စကားဝိုင်းကျင်းပ

**သတင်းအဖွဲ့**

**(ယမန်နေ့မှ အဆက်)**

**ဦးသီဟန်မျိုးညွန့်** ။ ။ ဘာဖြစ်လို့လဲဆိုတော့ အပြင်မှာ မြင်နေရတဲ့ အမြင်က ဒီ FFM Report အပေါ်မှာ အခြေခံပြီး မြင်နေရတဲ့အမြင်။ အရင်တုန်းကရှိခဲ့တဲ့ မြန်မာနိုင်ငံကို ဘယ်လိုသုံးသပ်ခဲ့သလဲဆိုတဲ့ အပေါ်မှာရှိတဲ့ အမြင်တွေနဲ့ အပြင်က ကြည့်ရင် သူတို့က မြန်မာနိုင်ငံအကြောင်း သေချာသိချင်မှ သိမယ်။ ဆိုတော့ အဲဒီလိုမျိုး ဖြစ်နေတဲ့အချိန်မှာ မြန်မာနိုင်ငံအနေနဲ့ ဘာက အမှန်တရားလဲဆိုတာကို ကျွန်တော်တို့က ICJ မှာ Evidence တင်သွင်းပြီး ပြောချင်တဲ့အတွက် ICJ တရားရုံးကို သွားရောက်ခြင်း ဖြစ်ပါတယ်။ အဲဒီလိုပြောပြီး



ပြည်ထောင်စုဝန်ကြီး
ဦးကျော်တင့်ဆွေ

တော့မှပဲ ကျွန်တော်တို့သည် Genocide လုပ်တဲ့ နိုင်ငံမဟုတ်ပါဘူး၊ ဘာကြောင့် မြန်မာနိုင်ငံမှာ Genocide မရှိတာလဲ၊ သေသေချာချာ အောင်အောင်မြင်မြင် ကျွန်တော်တို့လုပ်နိုင်မှာ ဖြစ်ပါတယ်။

**ဦးကျော်တင့်ဆွေ** ။ ။ ဒါနဲ့ ပတ်သက်လို့ ကျွန်တော် ပြောချင်တာက ပြီးခဲ့တဲ့အခါမှာလည်း ပြောခဲ့ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဘာကြောင့် ကိုယ်တိုင် ICJ ကို သွားသလဲ။ ကျွန်တော် အဲဒီတုန်းက ပြောခဲ့သလိုပဲ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် သွားတယ်ဆိုတာမှာ သူ့မှာ အန္တရာယ်ရှိတယ်။ အန္တရာယ်ရှိတယ်ဆိုတာမှာ ICJ ရုံးစိုက်ရာ သည်ဟိတ်ဂ်မြို့နဲ့ ICC ရုံးစိုက်ရာ သည်ဟိတ်ဂ်မြို့က အတူတူပဲ။ ပြီးတော့ ICC အနေနဲ့ကလည်း လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကို ဝရမ်းထုတ်နိုင်ပါတယ်။ ဝရမ်းထုတ်ခဲ့တယ်ဆိုရင်လည်း ကြိုတင်သိစရာမလိုပါဘူး။ သူတို့ အခေါ် အဝေါ် Sealed Warrant လို့ ခေါ်တယ်။ အဲဒီ ဝရမ်းထုတ်ထားပြီး လျှို့ဝှက်ထားလိုက်တယ်။ အဲဒီပုဂ္ဂိုလ် နိုင်ငံတစ်နိုင်ငံကိုသွားရင် အဲဒီ တစ်နိုင်ငံက ICC အဖွဲ့ဝင်ဖြစ်တယ်ဆိုရင် အဲဒီ နိုင်ငံကို ဖမ်းပါဆိုပြီး ပြောလို့ရတယ်။

အဲဒါကြောင့်မို့လို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် သွားရမယ့်ခရီးစဉ်ကို ပြည်ပနိုင်ငံ တချို့က မသွားပါနဲ့၊ အန္တရာယ်ရှိပါတယ်လို့ အဲဒီလိုလာပြီး မေတ္တာရပ်ခံတာရှိပါတယ်။ သို့သော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ရပ်တည်ချက်က သူသွားပြီး အခြေအနေကို ရှင်းပြနိုင်ရင် ကျွန်တော်တို့မှာ ဆယ်စုနှစ်နဲ့ရှိခဲ့တဲ့ ပုံရိပ်ဆိုးကြီးက ရှိတယ်။ မြန်မာနိုင်ငံနဲ့ပတ်သက်ရင် အထင်မှား၊ အမြင်မှား လက်ခံထားတဲ့ အချက်တွေ ရှိတယ်။ Narrative လို့ ခေါ်ပါတယ်။ အဲဒီ Narrative က ဆယ်စုနှစ်နဲ့ချီပြီးရှိနေပြီ၊ အဲဒီဟာကို သူသွားပြောမယ်ဆိုရင် နိုင်ငံတကာက အလေးထားနားထောင်မှာဖြစ်တယ်။ ဒါကြောင့်



ဦးကိုကို
(စက်မှုတက္ကသိုလ်)

မို့လို့ မသွားဘူးဆိုရင် နိုင်ငံအပေါ်မှာ တာဝန်မကျေရာ ရောက်လိမ့်မယ်လို့ ယူဆပြီး သူသွားခြင်းဖြစ်တယ်။

အဲဒီလို သွားလိုက်တာကလည်း ထိရောက်သလား၊ ထိရောက်ပါတယ်။ နိုင်ငံတကာမီဒီယာမှာ သူသွားမယ့်အချက်နဲ့ သူပြောတဲ့အချက်တွေကို အမှန်အတိုင်း မီးမောင်းထိုးထားခြင်း မရှိပါဘူး။ သို့သော် နိုင်ငံတကာမှာရှိတဲ့ Policymaker လို့ ခေါ်တဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနတွေ၊ ဝန်ကြီးချုပ်ရုံးတွေ အဲဒီရုံးတွေက သူဘာပြောသလဲ ဆိုတာကို အသေးစိတ်လေ့လာတယ်။ လေ့လာပြီးတော့ ဒီပြောတဲ့အချက်တွေနဲ့ ပတ်သက်ပြီး ပိုပြီးသိလာတယ်။ ဥပမာဆိုရင် ခုနတုန်းက FFM Report ထဲမှာ ကျွန်တော်တို့အနေနဲ့ ရခိုင်မှာ တိုက်ခိုက်နေတဲ့ AA နဲ့ တိုက်ခိုက်နေတဲ့ကိစ္စ၊ လုံခြုံရေးအခြေအနေတွေ ဘယ်လိုရှိတယ်ဆိုတဲ့ကိစ္စ တစ်ချက်မှ မပါဘူး။ ပိုဆိုးတာက ဒါစဖြစ်တယ်ဆိုတာဟာ ARSA တိုက်တဲ့အတွက် တပ်မတော်အနေနဲ့ ပြန်လည်ကာကွယ်ပြီးတော့ တိုက်ခိုက်တယ်ဆိုတဲ့ အချက်တွေကို လုံးဝမထည့်ထားဘူး။ သို့သော် အခုတော့ တဖြည်းဖြည်းနဲ့ သက်ဆိုင်ရာ နိုင်ငံတွေကလည်း သဘောပေါက်လာကြ

တယ်။ နိုင်ငံတကာပညာရှင်တွေကတောင် သဘောပေါက်လာကြတယ်။

တစ်နည်းအားဖြင့်ဆိုတော့ နဂိုက ဆိုးနေတဲ့ပုံရိပ် Narrative ကို Counter-Narrative နဲ့ပြန်ပြီး ကျွန်တော်တို့ လုပ်လိုက်နိုင်တယ်လို့ ယူဆရပါတယ်။ ဒါနဲ့ပတ်သက်ပြီး အခု နိုင်ငံတကာက သဘောပေါက်လာတယ်။ နိုင်ငံတကာမီဒီယာမှာတောင် မနေ့တစ်နေ့က ဆောင်းပါးတစ်ခုပါလာတဲ့အတွက် ကျွန်တော်တော်တော်လေးကို ဝမ်းသာအားရဖြစ်တယ်။ ဇန်နဝါရီလ ၁၅ ရက်နေ့က ထုတ်ထားတဲ့ The UN Smears Myanmar ဆိုပြီးတော့ အဓိက ကတော့ FFM Report ကနေပြီး ဒီအချက် အလက်တွေကို ထိမ်ချန်ပြီး မြန်မာနိုင်ငံကို



ပြည်ထောင်စုရှေ့နေချုပ်ရုံး
အမြဲတမ်းအတွင်းဝန် ဒေါက်တာသီတာဦး

မတရားစွပ်စွဲထားတယ်။ မြန်မာနိုင်ငံကို အိုးမည်းသုတ်ထားတယ်ဆိုတဲ့ ဆောင်းပါးပဲ ဖြစ်ပါတယ်။ ဖတ်မျှား ဖတ်ဖူးကြသလား မသိဘူး။ အဲဒီအတွက်ကတော့ ကျွန်တော်ပြောချင်တယ်ဆိုတဲ့အချက်က ဒီမှာဘာတွေပါသလဲ၊ အခုကိစ္စဖြစ်တာက ARSA က စတိုက်တဲ့အတွက် တပ်မတော်ကနေ ကာကွယ်ပြီးတော့ ပြန်လည်တိုက်ခိုက်ရင်းကနေ ဖြစ်တယ်ဆိုတဲ့ အချက်ကို ARSA တိုက်ခိုက်မှုကို လုံးဝမထည့်ထားဘူး။

နောက် ကျွန်တော်တို့ရဲ့ တကယ့်အခြေအနေ၊ ရခိုင်မှာ AA နဲ့ဖြစ်နေတဲ့ တိုက်ပွဲအခြေအနေတွေ၊ ကျွန်တော်တို့နိုင်ငံကိစ္စဟာ လွယ်လွယ်ကူကူ အပေါ်ယံကြည့်ရုံနဲ့ မသိနိုင်ဘူး၊ ထဲထဲဝင်ဝင်ကြည့်မှ သိနိုင်တယ်။ အဲဒီတော့ မြန်မာနိုင်ငံက မတရားအစွပ်စွဲခံနေရတယ် ဆိုတဲ့အနေနဲ့ ပြောထားခြင်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် Link လေးလည်း ပေးပါမယ်။ ဒီပရိသတ်ကိုလည်း အဲဒီ Link မှာ ဖတ်ကြည့်ကြပါလို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။

**ဦးကျော်တင်** ။ ။ ကျွန်တော် ဖတ်တော့ နည်းနည်း တချို့အချက်အလက်လေးတွေကို မြင်သွားတာပေါ့နော်။ ဘယ်လိုလဲဆိုတော့ ပထမအချက်အနေနဲ့ ဒီဂမ်ဘီယာနိုင်ငံကလေ၊ မြန်မာပြည်နဲ့ ဘာမှမပတ်သက်တဲ့ ဂမ်ဘီယာနိုင်ငံက ဘာဖြစ်လို့ ဒီ Case ကို ICJ မှာလာပြီး ဖွင့်တာလဲဆိုတာပေါ့နော်။ ဒါရဲ့နောက်ဆက်တွဲ Article မှာလည်း သူရေးထားပါတယ်။ နောက်မှာပါနေတဲ့ OIC ပေါ့။ သူကပဲ ဖန်တီးပြီးတော့ ဒါတွေအားလုံးကို Playbook လုပ်တာပေါ့နော်။ ဒီဂမ်ဘီယာကို မင်းတို့ တရားသွားစွဲ၊ ဒီကိစ္စနဲ့ဆိုင်ပြီးတော့ အဲဒါကို ငါတို့ Fund တွေ ရှာပေးမယ်။ ဒါတွေ အားလုံးက သူကအရင်တုန်းက Planning တွေက လုပ်ထားပြီးသားပါ။

အဲဒါက ခုနက ပြည်ထောင်စုဝန်ကြီး ပြောသလိုပဲ။ ဒီ ARSA အကြောင်းလည်း ဘာမှ



ဥပဒေရေးရာအကြံပေးအဖွဲ့ဝင်
ဦးကျော်တင်

မပြောဘူး။ Mention မလုပ်ဘူး။ ပြီးတော့ မြန်မာပြည်မှာဖြစ်နေတဲ့ ပဋိပက္ခတွေ၊ AA နဲ့ဖြစ်တဲ့ကိစ္စတွေကိုလည်း FFM Report မှာ ဘာမှဖော်ပြခြင်း မလုပ်ပါဘူး။ ပြီးတော့ နောက်တစ်ခုအနေနဲ့ ကြည့်မယ်ဆိုရင် ဒါမြန်မာပြည်ကို အနိုင်ကျင့်တာပေါ့နော်။ OIC အနေနဲ့ အနိုင်ကျင့်တာလည်းရှိတယ်။ ပြီးတော့ UN ကို အသုံးပြုပြီး အနိုင်ကျင့်တာလည်း ရှိတယ်။ အဲဒီနှစ်ချက်ကို ကျွန်တော် အဓိက အချက်အနေနဲ့ ဒီဆောင်းပါးထဲမှာ မြင်လိုက်ပါတယ်။

**ဦးသီဟန်မျိုးညွန့်** ။ ။ ဒီဆောင်းပါး က ပြည်ထောင်စု ဝန်ကြီး ပြောသလိုပဲ။ ဒါကျွန်တော်တို့ရဲ့ Counter-Narrative ပေါ့။ ဘာဖြစ်လို့လဲဆိုတော့ အရင်တုန်းက Single-Narrative ဆိုတဲ့ ကျွန်တော်တို့ဆီမှာ တစ်ဖက်ပြောပဲရှိနေတာပါ။ အခုလည်း အပြင်မှာကြည့်ရင် တစ်ဖက်ပြော များတုန်းဖြစ်ပါတယ်။ ဒါပေမယ့် ဒီလိုမျိုး ဖြည်းဖြည်း၊ ဖြည်းဖြည်းချင်း ကျွန်တော်တို့က Counter-Narrative ကို Build Up လုပ်ဖို့လိုပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ခုနက ကိုကျော်တင် ပြောသွားသလိုပဲ ကျွန်တော်တို့က UN တစ်ခုလုံးကို မပုတ်ခတ်ချင်ပါဘူး။ ဒါပေမယ့် ဘာရှိသလဲဆိုတော့ ကျွန်တော်တို့က ဒီတစ်နိုင်ငံနဲ့ တစ်နိုင်ငံနဲ့ ဆက်စပ် စစ်တိုက်ရင် Warfare ပေါ့ဗျာ။ အခုကျတော့ ကျွန်တော်တို့ မြန်မာနိုင်ငံကြုံတွေ့နေရတဲ့ ဒီ ICJ နဲ့ပဲဖြစ်ဖြစ်၊ ICC နဲ့ပဲ ဖြစ်ဖြစ် ကြုံတွေ့နေရတဲ့ပြဿနာက ကျွန်တော်တို့က Lawfare လို့ ခေါ်လို့ရတယ်။ ဒါက နိုင်ငံတကာဥပဒေ၊ နိုင်ငံတကာမှာရှိတဲ့ Mechanisms သုံးပြီး ကျွန်တော်တို့ မြန်မာနိုင်ငံကို စစ်ဆင်တဲ့ပုံစံမျိုးဆိုတော့ Lawfare ဆိုပြီး ကျွန်တော်တို့အနေနဲ့ အဲဒါမျိုးပြောလို့ရပါတယ်။ ဒါကျွန်တော်တို့ကို အကျဉ်းအကျပ်ရောက်တဲ့ နေရာကို ပို့နေတာပါ။ ဒါတွေက ကျွန်တော်တို့ကို United Nations က လုပ်တယ်လို့ ကျွန်တော်တို့ ပြောလို့မရပါဘူး။

ဒါပေမယ့် United Nations Mechanisms တွေကို အသုံးချပြီး၊ ICC Mechanisms တွေကို အသုံးချပြီး ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်း ဖြစ်ချင်ဖြစ်မယ်၊ အဖွဲ့အစည်းတစ်ခုလည်း ဖြစ်ချင်ဖြစ်မယ်၊ နိုင်ငံ တစ်နိုင်ငံတောင် ဖြစ်ချင်မှ ဖြစ်မယ်၊ ကျွန်တော်တို့ကို သူတို့ ရောက်ချင်တဲ့နေရာကို တွန်းပို့နေတဲ့ပုံစံမျိုး၊ အဲဒါမျိုးကျတော့လည်း ကျွန်တော်တို့အနေနဲ့က ဒါကိုပြန်ပြီး Fight ရမှာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ရဲ့သိက္ခာ၊ မြန်မာနိုင်ငံရဲ့ ဂုဏ်သိက္ခာ၊ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာ ဒါတွေကလည်း ကျွန်တော်တို့ တန်ဖိုးထားရမယ့်ကိစ္စတွေ ဖြစ်ပါတယ်။

ပြီးတော့ ICJ ကို သွားခြင်းအားဖြင့် ကျွန်တော်တို့နိုင်ခဲ့လို့ရှိရင် Counter-Narrative



ဝါရှင်တန်ပြည်နယ် ရှေ့နေကောင်စီ၏
အသိအမှတ်ပြုရှေ့နေ ဦးသီဟန်မျိုးညွန့်

ကို ICJ မှာချပြရင်း၊ ကျွန်တော်တို့ ICJ တရားရုံးမှာပဲ ကျွန်တော်တို့လုပ်ရင်း Counter-Narrative ကို ဒီထက်မက ပိုပြီးကောင်းအောင် ပြန်ပြင်ဖို့ လိုပါတယ်။

**ဦးကျော်တင့်ဆွေ** ။ ။ ကျွန်တော် ဆိုလိုတာက ICJ သွားခြင်းအားဖြင့် ကျွန်တော်တို့ရဲ့ အဖြစ်မှန်တွေကို နိုင်ငံတကာကို ပြောပြလို့ရမယ်။ ခုနက ကုလသမဂ္ဂနဲ့ပတ်သက်ပြီး UN Smears Myanmar ဆိုပြီး ပြောတဲ့အခါကျတော့ ကျွန်တော် ကုလသမဂ္ဂအတွက် စိတ်မကောင်းပါဘူး။ ဘာကြောင့် စိတ်မကောင်းတာလဲဆိုတာ ကုလသမဂ္ဂက ကမ္ဘာမှာ အင်မတန်မှ လိုအပ်နေတဲ့ အဖွဲ့အစည်းဖြစ်တယ်။ အထူးသဖြင့် ကျွန်တော်တို့လို နိုင်ငံငယ်တွေအတွက် ကုလသမဂ္ဂရှိကို ရှိရမယ်။

ဒါကြောင့်မို့ ကျွန်တော်တို့ရဲ့ နိုင်ငံခြားရေးဝါဒမှာလည်း ကုသလမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံရဲ့ အဓိက နိုင်ငံရေးမူဝါဒ တစ်ချက် ဖြစ်တယ်။ အဲဒီတော့ ကုလသမဂ္ဂကို နာမည်ဖျက်နေတာက ခုနက FFM Report မှာပါတဲ့ လူပုဂ္ဂိုလ်တွေရဲ့ ပုဂ္ဂိုလ်ရေး ဆောင်ရွက်ချက်တွေကြောင့် အဲဒီသူတို့ရဲ့ နဂိုကတည်းကိုက တစ်ဖက်စောင်းနင်းဖြစ်နေတဲ့ ရှိရင်းစွဲခံယူချက်တွေနဲ့ လုပ်သွားတဲ့ကိစ္စတွေ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က FFM Report ကို ကျွန်တော်တို့က UN Report လို့ မယူဆပါဘူး။

**ဦးကိုကို** ။ ။ ဒါပေမယ့် ခုနက ပြည်ထောင်စု ဝန်ကြီး ပြောသလို ဒါလေးထွက်လာတာက ဒါဘာပဲပြောပြော ကျွန်တော်တို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင်သွားခဲ့တဲ့ ဒီခရီးစဉ်ရဲ့ လက်ငင်းရရှိတဲ့ အကျိုး၊ ဒါနားလည်မှု။ နားလည်မှုဆိုတာကတော့ ချက်ချင်းကြီးတော့ ခုနက ပြောသလိုပေါ့ ဝုန်းခနဲ၊ ဒိုင်းခနဲ အပြည့်မရနိုင်ဘူးပေါ့။ ဖြည်းဖြည်းချင်း၊ ဖြည်းဖြည်းချင်းပဲ ကျွန်တော်တို့ ယူသွားမယ်။

**စာမျက်နှာ ၁၁ သို့** ◆

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ရပ်တည်ချက်က သူသွားပြီး အခြေအနေကို ရှင်းပြနိုင်ရင် ကျွန်တော်တို့မှာ ဆယ်စုနှစ်နဲ့ရှိခဲ့တဲ့ ပုံရိပ်ဆိုးကြီးက ရှိတယ်။ မြန်မာနိုင်ငံနဲ့ပတ်သက်ရင် အထင်မှား၊ အမြင်မှား လက်ခံထားတဲ့အချက်တွေ ရှိတယ်။ Narrative လို့ ခေါ်ပါတယ်။ အဲဒီ Narrative က ဆယ်စုနှစ်နဲ့ချီပြီး ရှိနေပြီ၊ အဲဒီဟာကို သူသွားပြောမယ်ဆိုရင် နိုင်ငံတကာက အလေးထားနားထောင်မှာဖြစ်တယ်။ ဒါကြောင့်မို့လို့ မသွားဘူးဆိုရင် နိုင်ငံအပေါ်မှာ တာဝန်မကျေရာ ရောက်လိမ့်မယ်လို့ ယူဆပြီး သူသွားခြင်းဖြစ်တယ်။**

◆ စာမျက်နှာ ၁၀ မှ

ဒါပေမယ့် တစ်ခုရှိတာက ကျွန်တော်တို့ အခု ဒီလိုမျိုးစကားဝိုင်းတွေ လုပ်တယ်။ နားလည်အောင်လို့ ကျွန်တော်တို့က ပြည်ထောင်စုဝန်ကြီးတို့ကိုယ်တိုင် မအားလပ်တဲ့ကြားထဲက၊ သူတို့ဆိုလည်း ခရီးတွေသွားနေကြတဲ့ကြားထဲကနေပြီးတော့ ရှင်းပြရင်းတန်းလန်းနဲ့ကိုပဲ တချို့လူတွေကြားထဲမှာ ဝေ့လည်လည်ဖြစ်နေတဲ့ အပိုင်းတွေလည်းရှိတယ်။ ဆွေးနွေးကြတာ၊ ပြောဆိုဆွေးနွေးချင်ကြတာတွေ အမျိုးမျိုးအဖုံဖုံကြားနေရတယ်။ ကြားနေရတဲ့အခါကျတော့ ပြည်သူတွေကျတော့ ဟိုဟာ ဟုတ်နိုးနိုး၊ ဒီဟာ ဟုတ်နိုးနိုး၊ အကုန်လုံးကလည်း ဥပဒေပညာရှင်တွေ၊ ဒီမှာလည်း ဥပဒေပညာရှင်တွေ ပြောကြပြန်ပြီ၊ ဟိုမှာလည်း ဥပဒေပညာရှင်တွေ ပြောကြပြန်ပြီဆိုတော့ ဘယ်ဟာယုံရမလဲလို့ပေါ့၊ ပွင့်ပွင့်လင်းလင်းပြောရရင် ဘယ်ဟာယုံရမလဲ၊ ဘယ်ဟာမှန်မလဲ ဆိုတာမျိုး ဖြစ်နေကြတာတွေလည်း ရှိနေပါတယ်ခင်ဗျ။

**ဦးကျော်တင့်ဆွေ ။** ။ အဲဒါ လေးလည်း ကျွန်တော် ပြောချင်တာရှိပါတယ်။ ကျွန်တော်ပြောချင်တာရှိတယ်ဆိုတာကတော့ အားနာနာနဲ့ပဲ ဥပဒေပညာရှင် သုံးယောက်နဲ့ပတ်သက်ပြီးပဲ ရှေ့မှာပဲ ပြောရမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဥပဒေပညာဆိုတာ အင်မတန်မှ ကျယ်ပြန့်ပါတယ်။ အင်မတန်မှ နက်ရှိုင်းပါတယ်။ ဥပဒေပညာရှင်ဆိုတာ ဥပမာဆိုပါတော့ ဘွဲ့မြင့်လာလေလေ သူတို့ခေါ်တဲ့ Specialization လို့ခေါ်တဲ့ စူးစမ်းပြီးတော့ လုပ်တဲ့အချက်က ကျဉ်းမြောင်းလေလေပဲ။ အဲဒီတော့ နိုင်ငံတကာဥပဒေမှာလည်း အမျိုးစုံရှိတယ်။ Constitution Law ဆိုပါတော့။ အဲဒီပုဂ္ဂိုလ်က Constitution နဲ့ပတ်သက်လို့ ကောင်းကောင်းတတ်တယ်။ Patent law ဆိုပါတော့ Patents တွေ ကောင်းကောင်းတတ်တယ်။ ဦးကျော်တင်ဆိုရင် ဒေါက်တာဂျူဝစ်ဆိုတဲ့ Patents နဲ့ ပတ်သက်ပြီး တကယ့်ပညာရှင်ပါ။ ဦးသီဟန်မျိုးညွှန့်ဆိုရင်လည်း International Trade Law နဲ့ ပတ်သက်တဲ့ ပညာရှင်ပါ။ အမြဲတမ်းအတွင်းဝန် ဒေါ်သီတာဦးက International Criminal Law နဲ့ပတ်သက်ပြီး လေ့လာထားတယ်။

**ကျွန်တော်တို့ ဆွေးနွေးခဲ့သလိုပဲ ဒီကိစ္စဟာ နိုင်ငံ့အရေးပါ။ နိုင်ငံရေး မဟုတ်ပါဘူး။ ဘယ်သူမဆို ရင်ဆိုင်ပြီးတော့ Main Case တကယ့်အမှုကို စဉ်းစားတဲ့အချိန် ရောက်လာရင်လည်း သူနိုင်ကိုယ်နိုင်ပဲ။ သူတို့ Provisional Measures ချတယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ အဲဒီကိစ္စကို ဘယ်လိုတုံ့ပြန်ရမလဲဆိုတာကို၊ ရှေ့နည်းလမ်းတွေကို ဘယ်လိုသွားမလဲဆိုတာကို သေသေချာချာ စဉ်းစားပြီး အင်မတန်မှကျွမ်းကျင်တဲ့ ဥပဒေပညာရှင်တွေနဲ့ တိုင်ပင်ပြီး ရင်ဆိုင်မယ်။ အဲဒီလို ရင်ဆိုင်တဲ့အခါမှာ ပြည်သူတွေရဲ့ အင်အားက အင်မတန်မှ လိုပါတယ်။**

အဲဒီတော့ အားလုံးကို International Criminal Law အကုန်တတ်သလားလို့ ပြောတော့ တတ်တယ်လို့ ပြောလိမ့်မယ်လို့ ကျွန်တော် မထင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ရယ်စရာလေးနဲ့ ကျွန်တော်ပြောပြမယ်။ ကျွန်တော် တတိယအတွင်းဝန်ဘဝက ကျွန်တော်တို့ မိတ်ဆွေထဲမှာ ဥပဒေဘွဲ့သုံးခုရတဲ့ ပုဂ္ဂိုလ်ရှိတယ်။ အဲဒီတော့ ကျွန်တော်တို့အထဲက နိုင်ငံခြားကတစ်ယောက်က Marriage By Proxy လုပ်ချင်တယ်ဆိုတဲ့ အခါကျတော့ ကျွန်တော်တို့ အုပ်ချုပ်ရေးဌာနမှူးကနေ ခေါ်လိုက်တယ်။ ဟော့လာပြောစမ်းဆိုတော့ သူက မပြောနိုင်ဘူး။ ခင်ဗျားဗျာ ဥပဒေဆိုင်ရာ ဘွဲ့သုံးခုလည်း ရသေးတယ်။ ဒါမှမတတ်ဘူးလားဆိုတော့ သူကလည်း သတ္တိရှိတယ်။ ဘယ်လိုပြောသလဲဆိုတော့ ဥပဒေသမားအနေနဲ့ ဥပဒေအားလုံးကို လေ့လာလို့ရပေမယ့် ဥပဒေတစ်ခုတည်းကိုသာ ကျွမ်းကျင်နိုင်တယ်ဆိုပြီး ပြောပါတယ်။ အဲဒါကြောင့်မို့လို့ Constitution Law မှာ ပါရဂူဘွဲ့ရလာလို့ International Criminal Law ကို ကျွမ်းကျွမ်းကျင်ကျင်တတ်ပြီလားဆိုတော့ တတ်တယ်လို့ ပြောနိုင်တဲ့သူက ရှားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ International Criminal Law ဆိုတဲ့ဟာကလည်း ဖြစ်ပေါ်မှုကလည်း အင်မတန်မှ နည်းတဲ့အတွက် နိုင်ငံတကာမှာလည်း တကယ့်ပညာရှင်ဆိုတာ လက်ချိုးရေလို့ ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ကံကောင်းတာက International Criminal Law မှာ နာမည်ကြီးတဲ့ ၁၀ ယောက်လောက်ထဲက နှစ်ယောက်ကို ကျွန်တော်တို့ ငှားရမ်းနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့က တတ်နိုင်သလောက် ပြောတဲ့နေရာမှာ ကျွန်တော်တို့ရဲ့ ပြောကြားချက်တွေကို အဓိကထားတာမဟုတ်ပါဘူး။ ကျွန်တော်တို့ သိထားတာတွေကို ပြောတာမဟုတ်ပါဘူး။ ဥပဒေပညာရှင်တွေ ပြောထားတဲ့အပေါ်မှာ အခြေခံပြီးပြောတာပါ။ အဲဒီလို ပြောတဲ့အခါမှာ ကျွန်တော်က လူပိန်းဖြစ်တဲ့အတွက် သူတို့လောက် လွယ်လွယ်ကူကူ မတတ်နိုင်ဘူးပေါ့လေ။

**ဦးကိုကို ။** ။ **အဲဒီတော့ ကျွန်တော်တို့ စကားဝိုင်းက တော်တော်လေးလည်း ပြီးပြည့်စုံပြီဆိုတော့ ဦးသီဟန်မျိုးညွှန့်အနေနဲ့ နောက်ဆုံးထပ်ပြီး ဆွေးနွေးစရာ ဘာများရှိမလဲခင်ဗျ။**

**ဦးသီဟန်မျိုးညွှန့် ။** ။ နောက်ဆုံး အနေနဲ့ ကျွန်တော် ထပ်ပြီး ဆွေးနွေးချင်တာက ICJ မှာ ကြုံတွေ့နေရတဲ့ဟာ ခုနက ကျွန်တော်ပြောခဲ့တဲ့ Lawfare ဆိုတာကို လျှော့တွက်လို့ မရဘူးနော်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံအတွက် သိပ်ပြီးအရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခု ICJ မှာ တစ်ခု၊ ICC မှာကလည်း တည်ထားတယ်။ ဆိုတော့ ဒီ ICJ မှာ ကျွန်တော်တို့က ဒါမြန်မာနိုင်ငံရေး မဟုတ်တော့ဘူး။ ဒါသည် နိုင်ငံ့အရေးဖြစ်သွားပြီ။ နိုင်ငံ့အရေး ဖြစ်ရုံတင်မကဘူး၊ ဒါက ကျွန်တော်တို့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေအားလုံးရဲ့ အကျိုးစီးပွားကို တိုက်ရိုက်ထိရောက်မယ့်ကိစ္စတစ်ခုလည်း ဖြစ်ပါတယ်။

ဒီလိုမျိုးကိစ္စတစ်ခုမှာ ကျွန်တော်တို့က ICJ မှာပဲ Fight လို့ ချလို့မရဘူး။ ပြည်တွင်းမှာလည်း လုပ်သင့်လုပ်ထိုက်တာတွေလည်း

**Provisional Measures Stage သည် အမှုမတိုင်ခင် လိုလိုမည်မည် ဆောင်ရွက်တဲ့ကိစ္စဆိုတဲ့ဟာကို နားလည်သဘောပေါက်ပြီး Provisional Measures အချခံရရင်လည်း စိတ်ဓာတ်မကျပါနဲ့။ ကျွန်တော် အရင်ကပြောသလိုပဲ ရှုံးတာမဟုတ်ဘူး။ Provisional Measures မချခဲ့ဘူးဆိုရင်လည်း နိုင်ပြီလို့ မတွက်ပါနဲ့ဦး။ အမှုရှိပါသေးတယ်။ ဘယ်သူမဆို ဇန်နဝါရီလ ၂၃ ရက်နေ့မှာ သူတို့ဒီကိစ္စကို ဆုံးဖြတ်ချက်ချရင် ကျွန်တော်တို့အနေနဲ့ ရင်ဆိုင်ပါ့မယ်။ ရင်ဆိုင်နိုင်စွမ်းလည်း ရှိတယ်ဆိုတာကို ကျွန်တော်တင်ပြချင်ပါတယ်**

လုပ်ရမယ်။ လုပ်သင့်လုပ်ထိုက်တာတွေ လုပ်တဲ့အချိန်မှာလည်း အားလုံးနဲ့ပူးပေါင်းပြီး ဘယ်နဲ့ညာနဲ့ ညီညီညာညာ ကောင်းကောင်းရှေ့ချီတက်သွားပြီးတော့၊ အားလုံးပူးပေါင်းပြီးတော့ အောင်မြင်အောင်လုပ်ဖို့ လိုပါတယ်။ အဲဒီလိုအောင်မြင်အောင်လုပ်မှပဲ ICJ မှာလည်း နိုင်မယ်၊ အောင်မြင်အောင်လုပ်နိုင်မှလည်း Genocide ဆိုတဲ့ တကယ့်ကို မကြားသင့်မကြားထိုက်၊ မဟုတ်တဲ့ အနံ့ကြီးလည်း မြန်မာနိုင်ငံနဲ့ ခပ်ဝေးဝေးကို လွှင့်ပစ်လိုက်လို့ရမှာ။

**ဒေါက်တာသီတာဦး ။** ။ နောက်ဆုံး Message လေးပါ။ မြန်မာနိုင်ငံမှာ Genocide မကျူးလွန်ဘူးဆိုတဲ့ အကြောင်းကို ရှင်းအောင် ကျွန်မတို့နိုင်ငံအတွက် သက်သေပြဖို့ တစ်ခုရယ်၊ နောက်တစ်ခုက ကျွန်မတို့နိုင်ငံက ကျူးလွန်ကောင်းကျူးလွန်မယ်ဆိုတဲ့ဟာလေးတွေဖြစ်တဲ့ Crimes Against Humanity လိုမျိုး ပဋိပက္ခကြားထဲမှာ ဖောက်ဖျက်ကျူးလွန်မှုလေးတွေ ရှိနိုင်တယ်။ ဒါပေမယ့် Genocide ကတော့ မဟုတ်ဘူး။ ခုနက ကျွန်မတို့ ဆွေးနွေးတဲ့အထဲမှာ Mechanisms တလွဲသုံးပြီး လုပ်တာရှိပေမယ့် UN ကို လေးစားတယ်။ UN ကို အမြဲတမ်း ပူးပေါင်းဆောင်ရွက်နေတဲ့ နိုင်ငံလည်းဖြစ်တယ်ပေါ့။

**ဦးကိုကို ။** ။ **ရှင်းနေတဲ့ကိစ္စကို နံပါတ် (၁)က ရှုပ်နေအောင် လုပ်ထားသလို ဖြစ်နေတယ်။ အဲဒါကို ကျွန်တော်က ပြန်ရှင်းအောင် နောက်တစ်ခုက မြန်မာစကားပုံမှာလည်း ရှိပါတယ်။ ထပ်ပြောပါရစေ။ အိပ်ချင်ယောင်ဆောင်နေတဲ့လူက နှိုးရခက်တယ်ဆိုတာလိုပါ။ သူတို့က အိပ်ချင်ယောင်ဆောင်နေကြတယ်။ ကျွန်တော်တို့က နှိုးနေတယ်၊ အဲဒီလိုမျိုးခံစားရတယ်။ နောက်ဆုံးပိတ်ပေါ့။ ဦးကျော်တင်အနေနဲ့ ဆွေးနွေးခန်းလေးမှာ ပြောစရာရှိတာလေးတွေ၊ အနားသတ်ဆွေးနွေးစရာရှိတာလေးတွေ ဆွေးနွေးပါ။**

**ဦးကျော်တင် ။** ။ နောက်ဆုံးအနေနဲ့ ပြောချင်တာက မြန်မာပြည်သူပြည်သားတွေ ဇန်နဝါရီလ ၂၃ ရက်နေ့မှာ စိတ်ဝင်စားစရာစောင့်ပြီး ကြည့်နေမှာပါ။ ကျွန်တော် အဓိကပြောချင်တာက ဘာပဲဖြစ်ဖြစ် Main Case က အနိုင်အရှုံးကို ဒီ Stage မှာ ဆုံးဖြတ်မှာ မဟုတ်သေးပါဘူးဆိုပြီး ပြောချင်ပါတယ်။

နောက်တစ်ခုထပ်ပြီး ကျွန်တော် ပြောချင်တာက စောစောကပြောသွားတဲ့ ICJ မှာ စကားလုံးအသုံးအနှုန်းကို ဂရုတစိုက် သုံးပါတယ်။ Indicate နဲ့မပတ်သက်ဘူးဆိုပြီး သေသေချာချာ နိုင်ငံတကာညှိနှိုင်းပြီး ရွေးထားတဲ့ စကားလုံးတွေပါ။

**ဦးကိုကို ။** ။ **နိုင်ငံ့အချင်းချင်းဖြစ်နေတဲ့ ကိစ္စတွေဆိုတာကြောင့် စကားလုံးကအစ အထူးပြုစုံနှုန်းသုံးပြီး အသုံးပြုထားတာပေါ့နော်။ နောက်ဆုံးအနေနဲ့ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ဒီ ၂၃ ရက်နေ့ အမိန့်ချမယ့်ကိစ္စကို ကိုယ်တိုင်ကလည်း ဦးဆောင်ပြီးသွားမှာလည်း ဖြစ်တယ်။ ပြည်သူတွေအားလုံးကလည်း ဒါနဲ့ပတ်သက်ပြီး စိတ်ဝင်တစားရှိတယ်၊ တောက်လျှောက် နားထောင်တာလည်း ရှိတယ်။ ပြည်သူတွေ ကြည့်ရှုနေတဲ့ ရုပ်မြင်သံကြား ဆွေးနွေးပွဲကနေ တစ်ဆင့် အခုနားထောင်နေကြတဲ့ မြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူတွေအားလုံးကို ဘယ်လို Message တွေ ပေးချင်ပါသလဲ။**

**ဦးကျော်တင့်ဆွေ ။** ။ ကျွန်တော်တို့ ပြည်သူတွေကို ကျွန်တော် ပေးချင်တဲ့ Message ကတော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သွားတဲ့အခါမှာ အပြည့်အဝ ထောက်ခံခဲ့တယ်၊ ပြန်လာတဲ့အခါမှာလည်း တကယ့်ကို အရေးရယ်၊ အကြောင်းရယ် ရှိလာတဲ့အခါကျတော့ ဒို့နိုင်ငံအတွက်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဦးဆောင်ပြီး သွားရောက် ဆောင်ရွက်ခဲ့တယ်ဆိုတဲ့ ထောက်ခံတာကိုကြည့်တဲ့အတွက် အင်မတန်မှ အားရပါတယ်။

နောက်တစ်ခု ကျွန်တော်တို့ ဆွေးနွေးခဲ့သလိုပဲ ဒီကိစ္စဟာ နိုင်ငံ့အရေးပါ။ နိုင်ငံရေး မဟုတ်ပါဘူး။ ဘယ်သူမဆို ရင်ဆိုင်ပြီးတော့ Main Case တကယ့်အမှုကို စဉ်းစားတဲ့အချိန် ရောက်လာရင်လည်း သူနိုင်ကိုယ်နိုင်ပဲ။ သူတို့ Provisional Measures ချတယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ အဲဒီကိစ္စကို ဘယ်လိုတုံ့ပြန်ရမလဲဆိုတာကို၊ ရှေ့နည်းလမ်းတွေကို ဘယ်လိုသွားမလဲဆိုတာကို သေသေချာချာ စဉ်းစားပြီး အင်မတန်မှကျွမ်းကျင်တဲ့ ဥပဒေပညာရှင်တွေနဲ့ တိုင်ပင်ပြီးရင်ဆိုင်မယ်။ အဲဒီလို ရင်ဆိုင်တဲ့အခါမှာ ပြည်သူတွေရဲ့ အင်အားက အင်မတန်မှ လိုပါတယ်။

ဒီကိစ္စက နိုင်ငံ့အရေးဖြစ်တဲ့အတွက် နိုင်ငံမှာရှိတဲ့ ပုဂ္ဂိုလ်အားလုံး၊ ပြည်သူ ပြည်သားတွေ၊ တိုင်းရင်းသားတွေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရော၊ နိုင်ငံရေးပါတီတွေရော ဒီကိစ္စက မိမိတို့ နိုင်ငံ့အရေးကိစ္စမှာ ဒို့အားလုံး ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုတဲ့ စိတ်ဆန္ဒမျိုးနဲ့ ဆောင်ရွက်ပေးကြပါလို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။

ဒီကိစ္စအမှုမှာနိုင်ကိုနိုင်မယ်။ Provisional Measures Stage သည် အမှုမတိုင်ခင် လိုလိုမည်မည် ဆောင်ရွက်တဲ့ကိစ္စဆိုတဲ့ဟာကို နားလည်သဘောပေါက်ပြီး Provisional Measures အချခံရရင်လည်း စိတ်ဓာတ်မကျပါနဲ့။ ကျွန်တော် အရင်ကပြောသလိုပဲ ရှုံးတာမဟုတ်ဘူး။ Provisional Measures မချခဲ့ဘူးဆိုရင်လည်း နိုင်ပြီလို့ မတွက်ပါနဲ့ဦး။ အမှုရှိပါသေးတယ်။ ဘယ်သူမဆို ဇန်နဝါရီလ ၂၃ ရက်နေ့မှာ သူတို့ ဒီကိစ္စကို ဆုံးဖြတ်ချက်ချရင် ကျွန်တော်တို့အနေနဲ့ ရင်ဆိုင်ပါ့မယ်။ ရင်ဆိုင်နိုင်စွမ်းလည်း ရှိတယ်ဆိုတာကို ကျွန်တော်တင်ပြချင်ပါတယ်။

**ဦးကိုကို ။** ။ ပြည်ထောင်စု ဝန်ကြီးယခုလို အဆုံးသတ်လေး ပြည်သူကို Message ပေးရင်း အဆုံးသတ်၊ အနားသတ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ စကားဝိုင်းကတော့ တော်တော်များများလေး ပြည့်စုံတဲ့အတွက်ကြောင့် ဒီနေရာမှာပဲ စကားဝိုင်းကို ရပ်နားချင်ပါတယ်။

ထုံးစံအတိုင်း ပြောဆိုဆွေးနွေးခဲ့တာတွေအားလုံး နိဂုံးချုပ်အနေနဲ့ ပြန်ပြောရမယ်ဆိုရင် ဇန်နဝါရီလ ၂၃ ရက်နေ့မှာ ချမှတ်ကောင်း ချမှတ်နိုင်တဲ့ Provisional Measures အပေါ် စိုးရိမ်စိတ်မရှိကြပါနဲ့။ ဒါသည် ဒီအမှုကြီးတစ်ခု၏ နိုင်ခြင်း၊ ရှုံးခြင်း မဟုတ်ပါဘူး။ ဒီကိစ္စသည် အမှုအပေါ်မှာလည်း မည်သို့မျှ လွှမ်းမိုးမှုမရှိပါဘူး။

သို့သော် ပြည်ထောင်စုဝန်ကြီး ပြောသွားတဲ့အထဲမှာ အရေးကြီးဆုံးဖြစ်တဲ့ နိုင်ငံ့အရေးဆိုတဲ့ စကားလုံးလေးတစ်ခု မှတ်သားမိပါတယ်။ အဲဒီတော့ ဘယ်လိုပဲဖြစ်ဖြစ် ပြည်သူတွေအားလုံးရဲ့ အင်အားနဲ့ ပူးပေါင်း ဖြေရှင်းမယ်၊ ရပ်တည်သွားမယ်။ ကျွန်တော့်အနေနဲ့ အဆုံးသတ်ချင်တာကတော့ နိုင်ငံသားတိုင်း နိုင်ငံသားတိုင်းဟာ တာဝန်ရှိပါတယ်။ ကိုယ့်နိုင်ငံရဲ့ အရေးကိစ္စကို ကာကွယ်စောင့်ရှောက်ရမယ့် တာဝန်ရှိပါတယ်။ တာဝန်သိတဲ့ နိုင်ငံသားတွေအနေနဲ့ နိုင်ငံရေးသမားတွေပဲဖြစ်စေ၊ အဖွဲ့အစည်းအသီးသီးမှာ ပါဝင်နေတဲ့ ပုဂ္ဂိုလ်တွေပဲဖြစ်စေ တာဝန်သိတဲ့ အဖွဲ့အစည်းဝင်တွေအနေနဲ့ တကယ့်ကို နိုင်ငံရဲ့အရေးကိစ္စပါ။ တာဝန်သိစိတ်အပြည့်နဲ့ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် ဆရာမြသန်းတင့်ရဲ့ ဝတ္ထုကောင်းလေးတစ်ခု သတိရလိုက်တယ်၊ ဓားတောင်ကိုကျော်၍ မီးပင်လယ်ကို ဖြတ်မည်ဆိုတဲ့ စကားလုံးကို သွားသတိရတယ်။ ကျွန်တော်တို့နိုင်ငံဟာ ဓားတောင်ကိုလည်း မကြောက်ပါဘူး၊ မီးပင်လယ်လည်း မမှုပါဘူး။ တကယ်လိုအပ်တာက ပြည်သူတွေအားလုံးရဲ့ ပူးပေါင်းပါဝင်မှုနဲ့ စည်းလုံးညီညွတ်မှုပါလို့ ပြောရင်းနဲ့ ကျွန်တော်တို့ရဲ့စကားဝိုင်းကို အဆုံးသတ်ချင်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။



ရုရှားသမ္မတ ဗလာဒီမာပူတင်။

## ရုရှားသမ္မတ ပူတင်က ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဥပဒေမူကြမ်း ပါလီမန်သို့ တင်သွင်း

**မော်စကို ဇန်နဝါရီ ၂၁**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် နိုင်ငံ၏ နိုင်ငံရေးအာဏာဖွဲ့စည်းတည်ဆောက်ပုံကို ပြုပြင်ပြောင်းလဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဥပဒေမူကြမ်းတစ်ရပ်ကို ပါလီမန်သို့ တင်သွင်းခဲ့သည်။

သမ္မတပူတင်သည် အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဥပဒေမူကြမ်းကို အောက်လွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့ခဲ့ကြောင်း ရုရှားသမ္မတရုံးက ဇန်နဝါရီ ၂၁ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပြုခဲ့သည့် ပြောင်းလဲမှုများသည် လက်ရှိဖြစ်တည်နေသည့် သမ္မတသက်တမ်းနှစ်နှစ်ဆက် တာဝန်ထမ်းဆောင်မှုကို ကန့်သတ်မည့်အစား သက်တမ်းနှစ်ခုကို တစ်ပေါင်းတည်းခွင့်ပြုခြင်းကဲ့သို့သော သမ္မတအာဏာကို ပြောင်းလဲမည်ဖြစ်သည်။

ပထမဆုံးအကြိမ်အဖြစ် ပြင်ဆင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဥပဒေသစ်တွင် သမ္မတ၏ဂုဏ်ဒြပ်ကို အခြေခိုင်စေသော သမ္မတအကြံပေးအဖွဲ့ဖြစ်သည့် နိုင်ငံတော်ကောင်စီ၏ကဏ္ဍကိုလည်း ပြဋ္ဌာန်းလိမ့်မည်ဖြစ်သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ပြီးခဲ့သည့်ဗုဒ္ဓဟူးနေ့က ၎င်း၏ နိုင်ငံတော်အခြေပြမိန့်ခွန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲမည့် အစီအစဉ်ကို ထုတ်ဖော်ပြောကြားခဲ့သည်။ အသေးစိတ်အချက်အလက်များကို အထူးလုပ်ငန်းအဖွဲ့က လေ့လာမှုများ ပြုလုပ်မည်ဖြစ်ကြောင်းလည်း သမ္မတပူတင်က ပြောကြားခဲ့သည်။

သို့ရာတွင် သမ္မတပူတင်သည် ၎င်း၏ရည်ရွယ်ချက်ကို အမြန်ဆုံးအကောင်အထည်ဖော်ရန် အထူးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းများ မစတင်မီမှာပင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဥပဒေမူကြမ်းကို ပါလီမန်သို့ တင်သွင်းခဲ့သည်။ ပူတင်၏ လက်ရှိသမ္မတ သက်တမ်းသည် ၂၀၂၄ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သည်။ ထိုကာလနောက်ပိုင်းတွင် ပူတင်သည် ၎င်း၏နိုင်ငံရေးအာဏာပြန်လည် အသက်ဝင်လာရန် ပါလီမန်အကြီးအကဲသို့မဟုတ် နိုင်ငံတော်ကောင်စီအကြီးအကဲ ရာထူးနေရာကို တောင်းဆိုသွားဖွယ်ရှိသည်ဟု ရုရှားနိုင်ငံတွင် ထင်မြင်ချက်များ မြင့်တက်လျက်ရှိသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

## ဗင်နီဇွဲလားနိုင်ငံ၌ အာဏာရှင်အုပ်ချုပ်ရေးစနစ် အဆုံးသတ်ရန် မိုက်ပွန်ပီယို တိုက်တွန်း

**ဘိုဂိုတာ ဇန်နဝါရီ ၂၁**

ဗင်နီဇွဲလားနိုင်ငံတွင် လက်ရှိသမ္မတ နီကိုလပ်စ် မာဒူရို၏ အာဏာရှင်အုပ်ချုပ်ရေးစနစ် အဆုံးသတ်ရန်နှင့် ကာလရှည်ကြာဖြစ်ပွားနေသော ပဋိပက္ခများ အဆုံးသတ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက တိုက်တွန်းခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံသားများကို ထိခိုက်နစ်နာစေပြီး ဒေသတစ်ခုလုံးကိုပါ အကျိုးသက်ရောက်မှုရှိစေသော မာဒူရို၏ အာဏာရှင်အုပ်ချုပ်ရေးစနစ်ကို မိမိတို့အနေဖြင့် အဆုံးသတ်ရမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက ကိုလံဘီယာသမ္မတ အိုင်ဗင်ဒူကူးနှင့် အစည်းအဝေးပြုလုပ်မှုအပြီးတွင် ပြောကြားခဲ့သည်။ ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂွာအီဒိုသည် ၎င်းအား ချမှတ်ထားသော ပြည်ပထွက်ခွာခွင့် ပိတ်ပင်ထားခြင်းကို ဖီဆန်ပြီး ဘာရပ်ဆဲတွင် ဥရောပသမဂ္ဂမှ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အကြီးအကဲနှင့် တွေ့ဆုံရန်ရှိပြီး ထိုမှတစ်ဆင့် ဆွစ်ဇာလန်နိုင်ငံဒါးဗို့စ်မြို့တွင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖိုရမ်တက်ရောက်ရန် စီစဉ်ထားသည်။

ဗင်နီဇွဲလားနိုင်ငံ၏ လွတ်မြောက်ရေးအတွက် အထောက်အကူပေးသော ကိုလံဘီယာသမ္မတ ဒူကူးအား မိုက်ပွန်ပီယိုက ချီးကျူးစကားပြောကြားခဲ့သည်။ ဗင်နီဇွဲလားနိုင်ငံအတွင်း ငွေကြေးဖောင်းပွမှု မြင့်မားခြင်းကြောင့် ငွေကြေးတန်ဖိုးများ ကျဆင်းနေသည်။ ကိုလံဘီယာသမ္မတ ဒူကူးက ဗင်နီဇွဲလားနိုင်ငံအပေါ် အမေရိကန်က ပေးအပ်သော ထောက်ပံ့မှုများမှာ အရေးပါပြီး အခြားနိုင်ငံများအနေဖြင့်လည်း မာဒူရို၏ အုပ်ချုပ်ရေးစနစ်နှင့် ဗင်နီဇွဲလားနိုင်ငံတွင် ကျရောက်နေသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပဋိပက္ခအပေါ် တိုက်ပွဲဝင်ကြရန် ပြောကြားခဲ့သည်။ မိမိကိုယ်ကို တိုင်းပြည်၏သမ္မတအဖြစ် ကြေညာထားသော ဂွာအီဒိုအား အမေရိကန်အပါအဝင် နိုင်ငံပေါင်း ၅၀ က ထောက်ခံသည်။ ကိုလံဘီယာသမ္မတနှင့် တွေ့ဆုံပြီးနောက် မိုက်ပွန်ပီယိုက အမေရိကန်အနေဖြင့် ဂွာအီဒိုနှင့်ဗင်နီဇွဲလားပြည်သူများအတွက် သင့်တော်သော ဆောင်ရွက်မှုများကို လုပ်ဆောင်ရမည်ဟု ပြောကြားခဲ့သည်။ လွန်ခဲ့သော သီတင်းနှစ်ပတ်ခန့်က အမျိုးသားလွှတ်တော်အဆောက်အဦအတွင်းသို့ ဂွာအီဒိုနှင့် သူ၏ မဟာမိတ်ဥပဒေပြုအမတ်များ ဝင်ရောက်ရန်ကြိုးစားခြင်းကို လုံခြုံရေးတပ်ဖွဲ့ဝင်များက တားဆီးခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-စိုးသူရ**



အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယို။



## ယူကရိန်းခရီးသည်တင် လေယာဉ်အား ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်ခဲ့ဟု အီရန်အတည်ပြု

**တီဟီရန် ဇန်နဝါရီ ၂၁**

ယခုလအတွင်းက ဖြစ်ပွားခဲ့သည့် ယူကရိန်းလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်အား ပစ်ချခဲ့မှုတွင် အီရန်တပ်ဖွဲ့များက ဒုံးကျည်နှစ်စင်းဖြင့် ပစ်ချခဲ့ခြင်းဖြစ်ကြောင်း အီရန်နိုင်ငံက ဇန်နဝါရီ ၂၁ ရက်တွင် အတည်ပြုပြောကြားသည်။

ယင်းကြီးကျယ်လှသည့် အမှားအယွင်းကြောင့် လူပေါင်း ၁၇၆ ဦး အသက်ဆုံးရှုံးခဲ့ပြီး ယင်းဖြစ်ရပ်အပေါ်၌ အမျက်ဒေါသထွက်ခဲ့သူများ၏ ဆန့်ကျင်ဆန္ဒပြမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်ခဲ့သည်။

ပစ်ချခံရသည့် ယူကရိန်းလေယာဉ်မှ လေယာဉ်ပျံသန်းမှုမှတ်တမ်းများ၏ ဝှက်စာဖော်ထုတ်ရေးအတွက် ပြင်သစ်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့မှ နည်းပညာအရအထောက်အကူပြုမှုများပေးရန် တောင်းဆိုမှုများ လက်ခံရရှိခဲ့ပြီးနောက်တွင် ၎င်းတို့အနေဖြင့် လက်ရှိအခြေအနေ၌ အပြုသဘောဖြင့် တုံ့ပြန်ဆောင်ရွက်မှုများရှိကြောင်း အီရန်မြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့က ပြောကြားသည်။

ဇန်နဝါရီ ၈ ရက် နံနက်အစောပိုင်းတွင် အီရန်နိုင်ငံမြို့တော် တီဟီရန်ရှိ အီမန်ခိုမေနီအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ယူကရိန်းနိုင်ငံမြို့တော် ကိယက်ဗ်သို့ ဦးတည်ပျံသန်းမည့် ယူကရိန်း လေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်သည် အဆိုပါလေဆိပ်မှ ပျံတက်ပြီး မကြာမီအချိန်အတွင်း ဒုံးကျည်ဖြင့်ပစ်ချခံခဲ့ရခြင်းဖြစ်သည်။ ယင်းလေယာဉ်ဘေးအန္တရာယ်ကျရောက်ခဲ့မှုနှင့်ပတ်သက်၍ အီရန်နိုင်ငံအပေါ် နိုင်ငံတကာမှ ဖိအားများမြင့်မားစွာ သက်ရောက်ခဲ့ပြီး ယင်းဖြစ်စဉ်အား အပြည့်အဝနှင့် ပွင့်လင်းမြင်သာမှုရှိစွာ စုံစမ်းစစ်ဆေးမှုများ ဖြစ်ပေါ်စေခဲ့သည်။

ယူကရိန်းခရီးသည်တင်လေယာဉ်အား တိုး-အမ်-၁ အမျိုးအစား ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်ထိမှန်ခဲ့ရကြောင်း စုံစမ်းစစ်ဆေးသူများက ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းတွေ့ရှိခဲ့မှုအား အီရန်မြို့ပြလေကြောင်းအာဏာပိုင်အဖွဲ့က ကနဦးစုံစမ်းစစ်ဆေးတွေ့ရှိချက်အဖြစ် ၎င်းတို့၏ အင်တာနက်ဝက်ဘ်ဆိုက်၌ ဇန်နဝါရီ ၂၀ ရက်တွင် ဖော်ပြခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ဇော်ဝင်း**




ဂုဏ်ရည်အမှတ်တံဆိပ်ရှုဆေး

ဂုဏ်ရည်အမှတ်တံဆိပ်ရှုဆေးသည် ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ ဇက်ကြောတက်ခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ ခေါင်းမူးခြင်း၊ ခေါင်းအုံခြင်း၊ အအေးမိ နှာစေးခြင်း၊ နှာပိတ်ခြင်းတို့အတွက် ဘေးဥပါဒ်ကင်းစွာ အသုံးပြုနိုင်ပြီး ပေါ့ပါးကြည်လင် လန်းဆန်းစေပါသည်။

အမြို့မြို့ ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

"ပေါ့ပါးကြည်လင်လန်းဆန်းဖို့ ဂုဏ်ရည်ရှုဆေး ရှုကြစို့"

ဂုဏ်ရည်ဆေးတိုက်။ ၅၂-၂၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၇၇၇၇ ၃၃၃၄၊ ၀၉ ၇၇၇၇၇ ၃၃၃၅၊ ၀၁ ၃၆၄၃၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀



# သမ္မတ ဒေါ်နယ်ထရမ့်အား စွဲချက်တင်စစ်ဆေးမှု စတင်

**ဝါရှင်တန် ဇန်နဝါရီ ၂၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အား သမိုင်းဝင် စွဲချက်တင်စစ်ဆေးမှုကို အထက်လွှတ်တော်တွင် အင်္ဂါနေ့က စတင်သည်။ ဒီမိုကရက်တစ်အမတ်များက သမ္မတကို အိမ်ဖြူတော်မှ ဖယ်ရှားရန် ကြိုးစားနေပြီး ရီပတ်ဘလစ်ကန်အမတ်များက ဖြစ်နိုင်ပါက သမ္မတတွင် အပြစ်မရှိကြောင်း အမြန်ဆုံးစီရင်ဆုံးဖြတ်ရန် ဆုံးဖြတ်ထားကြသည်။

ယူကရိန်း အရှုပ်တော်ပုံစတင်ပြီးနောက် လေးလအကြာ သမ္မတ ဒေါ်နယ်ထရမ့်ကို ပြန်လည်မဲပေးရွေးချယ်ဖို့၊ မရွေးချယ်ဖို့ ဆုံးဖြတ်ရန်အတွက် အမေရိကန်ပြည်သူများက မဲရုံများသို့မသွားမီ ၁၀လ အလိုတွင် အထက်လွှတ်တော်အမတ် ၁၀၀ သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် သမ္မတထရမ့်အား စွဲချက်တင်စစ်ဆေးမှုစတင်ရန် တရားသူကြီးချုပ် ဂျွန်ရောဘတ်နှင့်အတူ အထက်လွှတ်တော်တွင် စုဝေးကြမည်ဖြစ်သည်။

ဂျူရီအဖွဲ့ဝင်လူကြီးများအဖြစ် ပြီးခဲ့သည့်အပတ်က ကျမ်းသစ္စာကျိန်ဆိုခဲ့ကြသည့် ထိုဥပဒေပြုအမတ်များ၏ အလုပ်သည် အောက်လွှတ်တော်က ပြီးခဲ့သည့်လက အတည်ပြုခဲ့သည့် စွပ်စွဲပြစ်တင်ချက်အပိုဒ်ခွဲနှစ်ခုတွင် စွပ်စွဲထားသကဲ့သို့ သမ္မတ ဒေါ်နယ်ထရမ့်သည် အာဏာအလွဲသုံးခဲ့ခြင်း ရှိ၊ မရှိနှင့် ကွန်ဂရက်လွှတ်တော်ကို နှောင့်ယှက်ဟန့်တားခဲ့ခြင်း ရှိ၊ မရှိ ဆုံးဖြတ်ရန် ဖြစ်သည်။



သမ္မတ ဒေါ်နယ်ထရမ့်သည် ၂၀၂၀ ပြည့်နှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ၎င်းအနိုင်ရဖို့ ကူညီပေးရန်အတွက် ရွေးကောက်ပွဲတွင် ဝင်ရောက်စွက်ဖက်ရန် ယူကရိန်းကို ဖိအားပေးခဲ့သည့်အပြင် ၎င်း၏ အပြုအမူနှင့်ပတ်သက်၍ ကွန်ဂရက်လွှတ်တော်၏ စုံစမ်းစစ်ဆေးမှုကို ကဖျက်ယဖျက်လုပ်ရန် ကြိုးစားခဲ့သည်ဟု ဥပဒေပြုအမတ်များက ဆိုသည်။

၁၈၆၈ ခုနှစ်တွင် အင်ဒရူးဂျွန်ဆင်နှင့် ၁၉၉၉ ခုနှစ်တွင် ဘီလ်ကလင်တန်တို့ စွဲချက်တင်ခံရပြီးနောက် ယခုအကြိမ် စွဲချက်တင်စစ်ဆေးမှုသည် အမေရိကန်သမ္မတတစ်ဦး တတိယအကြိမ် စွဲချက်တင်စစ်ဆေးခံရခြင်း ဖြစ်လာမည်ဖြစ်သည်။ ယခုစွဲချက်တင်စစ်ဆေးမှု၏ တစ်စိတ်တစ်ပိုင်းသည် နိုဝင်ဘာလ ရွေးကောက်ပွဲတွင် ထရမ့်၏ပြိုင်ဘက်ဖြစ်လာဖွယ်ရှိသည့် ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင်ကို စုံစမ်းစစ်ဆေးမှု ပြုလုပ်ပေးရန်အတွက် သမ္မတ ဒေါ်နယ်ထရမ့်က ယူကရိန်းသမ္မတ ဗိုလိုဒီမာ ဇီလန်စကီးကို ဖိအားပေးခဲ့သည်ဆိုသည့် ဇူလိုင် ၂၅ ရက်က ဖုန်းခေါ်ဆိုမှုကို ဗဟိုပြုမည်ဖြစ်သည်။

ယူကရိန်းသမ္မတက အမေရိကန်ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင်ကို စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် မကြေညာမချင်း သမ္မတ ဇီလန်စကီးကို အိမ်ဖြူတော်သို့ အစည်းအဝေးခေါ်မည့်ကိစ္စနှင့် ရုရှားက ကျောထောက်နောက်ခံပြုပေးနေသည့် ခွဲထွက်ရေးသမားများကို ယူကရိန်း၏စစ်ဆင်ရေးအတွက် စစ်ရေးအကူအညီ အမေရိကန်ဒေါ်လာ သန်း ၄၀၀ နီးပါး ထုတ်ပေးရမည့်ကိစ္စကို ဆိုင်းငံ့ထားခြင်းဖြင့် ယူကရိန်းကို ကြိုးကိုင်ချယ်လှယ်သည်ဟု ဒီမိုကရက်တစ်အမတ်များက သမ္မတ ဒေါ်နယ်ထရမ့်ကို စွပ်စွဲသည်။

"သမ္မတက ဘာအမှားမှ မလုပ်ခဲ့ပါဘူး"ဟု သမ္မတ ဒေါ်နယ်ထရမ့်၏ ရှေ့နေများက အထက်လွှတ်တော်သို့ တနင်္လာနေ့က တင်သွင်းခဲ့သည့် စာမျက်နှာ ၁၁၀ ပါ ရှင်းလင်းချက်တွင် တုံ့ပြန်ထားသည်။

သို့သော်လည်း အထက်လွှတ်တော်တွင် ရီပတ်ဘလစ်ကန်အမတ်များက ၅၃-၄၇ ဖြင့် အများစုဖြစ်နေသောကြောင့် သမ္မတ ဒေါ်နယ်ထရမ့်သည် စွဲချက်တင်စစ်ဆေးမှုမှ တရားသေလွတ်မြောက်ရန် သေချာလုနီးပါးရှိသည်။ ၎င်းအား စွဲချက်တင်စစ်ဆေးမှု စတင်ချိန်တွင် သမ္မတ ဒေါ်နယ်ထရမ့်သည် နိုင်ငံခြားတိုင်းပြည်သို့ ရောက်ရှိနေမည်ဖြစ်သည်။ သမ္မတ ဒေါ်နယ်ထရမ့်သည် ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့တွင် ကျင်းပမည့် စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန်အတွက် တနင်္လာနေ့နှောင်းပိုင်းက ထွက်ခွာသွားသည်။ စွဲချက်တင်စစ်ဆေးမှုကာလ မည်မျှကြာမည်ဆိုသည်မှာ ဆုံးဖြတ်ချက်ချမှတ်မှုအပေါ် မူတည်မည်ဖြစ်သည်။

**ကိုးကား-အေအက်ဖ်ပီ**

**ဘာသာပြန်-အောင်ဇော်လင်း**

## အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အီးယူအကြီးအကဲ၊ အီရတ်သမ္မတတို့နှင့် ဒါဗို့စ်မြို့၌ တွေ့ဆုံ

**ဝါရှင်တန် ဇန်နဝါရီ ၂၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့သို့ သွားရောက်သည့် ခရီးစဉ်အတွင်း အီရတ်သမ္မတ၊ ဥရောပသမဂ္ဂ အမှုဆောင်အဖွဲ့အကြီးအကဲတို့နှင့် တွေ့ဆုံခဲ့သည်ဟု အိမ်ဖြူတော်က ယနေ့ ပြောကြားလိုက်သည်။

သမ္မတဘာဟမ်ဆာလေနှင့် တွေ့ဆုံမှုမှာ ဘဂ္ဂဒက်မြို့တော်၌ အီရန်ထိပ်တန်းဗိုလ်ချုပ်ကြီးတစ်ဦးနှင့် အီရန်လိုလားသော အကြီးတန်း အီရတ်တပ်မှူးတစ်ဦးတို့ကို အမေရိကန်နိုင်ငံက သတ်ဖြတ်ခဲ့ခြင်းကြောင့် တင်းမာမှုများဖြစ်ပွားခဲ့ပြီးနောက်ပိုင်း သမ္မတ ဒေါ်နယ်ထရမ့်နှင့် အီရတ်တာဝန်ရှိသူများအကြား ပထမဆုံးအကြိမ် တွေ့ဆုံမှုဖြစ်လာခဲ့သည်။ အီရတ်နိုင်ငံ၌ တပ်စွဲထားသော ထောင်နှင့်ချီသည့် အမေရိကန်တပ်ဖွဲ့များကို နှင်ထုတ်ရန် တောင်းဆိုမှုများပြုလုပ်ခဲ့ပြီးနောက် တိုင်းပြည်၏စီးပွားရေးကို ဖျက်ဆီးပစ်ရန် ရည်ရွယ်သည့် အရေးယူမှုများပြုလုပ်မည်ဟု ခြိမ်းခြောက်ခြင်းကို သမ္မတ ဒေါ်နယ်ထရမ့်က တုံ့ပြန်ခဲ့သည်။

နှစ်စဉ်ကျင်းပနေကျ ကမ္ဘာ့စီးပွားရေးဖိုရမ် တက်ရောက်ရန် ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့သို့ ရောက်ရှိလာပြီး မနက်ဖြန်တွင် ပြန်လည်ထွက်ခွာမည့် သမ္မတ ဒေါ်နယ်ထရမ့်သည် ဥရောပကော်မရှင်အကြီးအကဲ ဆူဆူလာဗွန်ဒါလေမန်းနှင့်လည်း တွေ့ဆုံခဲ့ကြောင်း အိမ်ဖြူတော်က ပြောကြားသည်။ ၎င်းတို့နှစ်ဦး၏ ဆွေးနွေးမှုမှာ အတ္တလန္တိတ်ဖြတ်ကျော်ကုန်သွယ်မှုစစ်ပွဲ ရှောင်ရှားရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများ တိုးချဲ့ရန် ပြင်သစ်နှင့် အမေရိကန်နိုင်ငံတို့က သဘောတူညီပြီးနောက် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ သမ္မတ ဒေါ်နယ်ထရမ့်သည် ပါကစ္စတန်ဝန်ကြီးချုပ် အမ်မရန်ခန်း၊ ဆွစ်ဖက်ဒရေးရှင်းသမ္မတ ဆီမိုနက်တာဆွမ်မာရူဂါ၊ ကာ့ဒ်ခေါင်းဆောင် နီချာဗန်ဘာဇီနီတို့နှင့်လည်း တွေ့ဆုံမည်ဖြစ်သည်။

ယခုနှစ်အတွင်း ရာသီဥတုအရေးပေါ် အခြေအနေနှင့် လူမှုရေးဆိုင်ရာတန်းတူညီမျှမှု မရှိခြင်းအပေါ် အလေးထားဆွေးနွေးမည့် ထိုအစည်းအဝေးများကို ဒါဗို့စ်ညီလာခံပြင်ပအဖြစ် ကျင်းပမည်ဖြစ်သည်။

**ကိုးကား-အေအက်ဖ်ပီ**

**ဘာသာပြန်- ကျော်ထိုက်စိုး**

## အင်ဒိုနီးရှား ရေလုပ်သားငါးဦးကို အစ္စလာမ္မစ်စစ်သွေးကြွအုပ်စုက ပြန်ပေးဆွဲ

**ဂျကာတာ ဇန်နဝါရီ ၂၁**

အင်ဒိုနီးရှား ရေလုပ်သားငါးဦးကို ဖိလစ်ပိုင်နိုင်ငံအခြေစိုက် အာဘူဆေယက်ဖ်စစ်သွေးကြွအုပ်စုက အရှေ့ဘော်နီယိုကမ်းလွန်ပင်လယ်ရှိ ငါးဖမ်းလှေတစ်စင်းပေါ်မှ ပြန်ပေးဆွဲခဲ့ကြောင်း အင်ဒိုနီးရှားတာဝန်ရှိသူများက ယနေ့ ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနသည် အဆိုပါပြန်ပေးဆွဲခံရသည့် ရေလုပ်သားငါးဦးကို ကယ်တင်နိုင်ရေးအတွက် မလေးရှားနှင့် ဖိလစ်ပိုင်အာဏာပိုင်များနှင့်အတူ အနီးကပ်ကြိုးပမ်းလုပ်ဆောင်လျက်ရှိပြီး အခြားသော ရေလုပ်သားများကိုလည်း အဆိုပါဒေသသို့ ဖြတ်သန်းသွားလာခြင်းမပြုရန် တိုက်တွန်းထားကြောင်း သိရသည်။

အစ္စလာမ္မစ်စစ်သွေးကြွအုပ်စုနှင့် ဆက်စပ်မှုရှိသော ဖိလစ်ပိုင်အခြေစိုက်စစ်သွေးကြွများသည် ငါးဖမ်းလှေပေါ်တက်ပြီး လှေပေါ်ရှိ ရေလုပ်သားရှစ်ဦးကို ဖမ်းဆီးခဲ့သော်လည်း ၎င်းတို့အနက် သုံးဦးကိုမူ ပြန်လည်လွှတ်မြောက်ခွင့်ပေးထားကြောင်း သိရသည်။

အစ္စလာမ္မစ်စစ်သွေးကြွဟု ၎င်းတို့ကိုယ်တိုင်က ခေါ်ဆိုသော အာဘူဆေယက်ဖ်စစ်သွေးကြွအုပ်စုသည် ဖိလစ်ပိုင်နိုင်ငံတောင်ဘက်တွင် အခြေချပြီး အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုများတွင် အကြိမ်ကြိမ်ပါဝင်ခဲ့သလို ပြန်ရွေးငွေတောင်းခံရန်အတွက် အနောက်နိုင်ငံမှ ကမ္ဘာလှည့်ခရီးသည်များနှင့် သာသနာပြုဘာသာရေးဆရာများကို ၁၉၉၀ ပြည့်လွန်နှစ်များ အစောပိုင်းကတည်းက ပြန်ပေးဆွဲလျက်ရှိသည့် စစ်သွေးကြွအုပ်စုဖြစ်သည်။

ထို့အပြင် အာဘူဆေယက်ဖ်စစ်သွေးကြွအုပ်စုသည် မလေးရှားနှင့် အင်ဒိုနီးရှားပင်လယ်နယ်နိမိတ်မျဉ်းအနီးရှိ လုံခြုံရေးအားနည်းသော ရေပြင်ဒေသများတွင် ကုန်တင်သင်္ဘောများ၊ ဆွဲသင်္ဘောများနှင့် ငါးဖမ်းသင်္ဘောများကိုလည်း မကြာသေးမီက ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - ဂျေတီ**

## ရုရှား လူနေအဆောက်အအုံ မီးလောင်မှုတွင် ၁၁ ဦး သေဆုံး

**မော်စကို ဇန်နဝါရီ ၂၁**

ယနေ့နံနက်ပိုင်းက ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသ Tomsk မြို့တော်အနီး ပရီချူလမ်စကီးကျေးရွာရှိလူနေအဆောက်အအုံတစ်လုံး မီးလောင်ကျွမ်းခဲ့ရာ လူ ၁၁ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဒေသန္တရမီဒီယာများက ဖော်ပြခဲ့သည်။

မော်စကိုစံတော်ချိန် နံနက် ၇ နာရီ ၃ မိနစ်ခန့်တွင် ၁၁ ဦးမြောက် သေဆုံးသူ၏ ရုပ်အလောင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အရေးပေါ်အခြေအနေများဝန်ကြီးဌာနကို ကိုးကား၍ ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားခဲ့သည်။ ယနေ့နံနက်ပိုင်းက သစ်သားဖြင့် ဆောက်လုပ်ထားသော အဆောက်အအုံတစ်လုံး မီးလောင်ကျွမ်းခဲ့ရာ လူ ၁၁ ဦး သေဆုံးခဲ့ပြီး အခြားနှစ်ဦး အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။ မီးလောင်မှုဖြစ်ပွားရသော အကြောင်းရင်းနှင့်ပတ်သက်သည့် ပြစ်မှုဆိုင်ရာအမှုဖွင့်လှစ်ထားကြောင်း စုံစမ်းစစ်ဆေးရေးမှူးများက ကြေညာခဲ့သည်ဟု အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-ကျော်ထိုက်စိုး**

■




အင်တာပိုအကြီးအကဲဟောင်း မင်ဟောင်ဝေ

## တရုတ်နိုင်ငံသား အင်တာပိုအကြီးအကဲဟောင်း မင်ဟောင်ဝေအား လာဘ်ပေးလာဘ်ယူမှုစွဲချက်များဖြင့် ထောင်ဒဏ် ၁၃ နှစ်ချမှတ်

**ပေကျင်း ဇန်နဝါရီ ၂၁**

၂၀၁၈ ခုနှစ်အတွင်းက တရုတ်နိုင်ငံသို့ အလည်အပတ်ခရီးအဖြစ် ပြန်လည်ရောက်ရှိစဉ်အတွင်း၌ တရုတ်အာဏာပိုင်များက ထိန်းသိမ်းထားခဲ့သည့် အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့ အင်တာပိုအကြီးအကဲဟောင်း တရုတ်နိုင်ငံသား မင်ဟောင်ဝေအား လာဘ်ပေးလာဘ်ယူမှုကျူးလွန်ခဲ့သည့်စွဲချက်များဖြင့် ဇန်နဝါရီ ၂၁ ရက်တွင် ထောင်ဒဏ် ၁၃ နှစ်ကျော် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးဟောင်းလည်းဖြစ်သည့် မင်ဟောင်ဝေသည် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအစီအစဉ်အတွင်း ဖမ်းဆီးထိန်းသိမ်းခြင်းခံရသည့် ကွန်မြူနစ်ပါတီ၏ ကေဒါများအထဲတွင် တစ်ဦးအပါအဝင် ဖြစ်ခဲ့သည်။ သမ္မတ ရှီကျင့်ဖျင်၏ အဂတိလိုက်စားမှုဆန့်ကျင်ရေးအစီအစဉ်အပေါ် ဝေဖန်ပြောကြားသူများ၏ ပြောကြားချက်အရ မင်ဟောင်ဝေအား ပြစ်ဒဏ်ချမှတ်ခြင်းသည် သမ္မတ ရှီကျင့်ဖျင်၏ အဝေးတစ်နေရာ၌ တာဝန်ထမ်းဆောင်နေသည့် နိုင်ငံရေးအရ ဆန့်ကျင်သူများအား ဖယ်ရှားခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။

အင်တာပို၏ အကြီးအကဲဟောင်းဖြစ်သူ မင်ဟောင်ဝေသည် ယင်းတာဝန်ထမ်းဆောင်နေသည့် ပြင်သစ်နိုင်ငံမှ တရုတ်နိုင်ငံသို့ အလည်အပတ်လာရောက်စဉ်အတွင်း အများပြည်သူမြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့ပြီးနောက်ပိုင်းတွင် ၎င်းသည် လာဘ်ငွေများ လက်ခံရယူခဲ့သည်ဟူသည့် စွပ်စွဲမှုများ ထွက်ပေါ်ခဲ့ကာ တရုတ်ကွန်မြူနစ်ပါတီဝင်အဖြစ်မှပါ ထုတ်ပယ်ခံခဲ့ရသည်။

မင်ဟောင်ဝေ၏ ဇနီးဖြစ်သူက သူနှင့် ကလေးနှစ်ဦးတို့မှာ ပြန်ပေးဆွဲခြင်းခံရသည့် ပစ်မှတ်များဖြစ်လာသည်ကို ကြောက်ရွံ့နေရကြောင်း ပြောကြားပြီးနောက်တွင် ယမန်နှစ်အတွင်းက ၎င်းတို့အား ပြင်သစ်နိုင်ငံက နိုင်ငံရေးခိုလှုံခွင့်များ ခွင့်ပြုခဲ့သည်။

အသက် ၆၆ နှစ် ရှိပြီဖြစ်သည့် အင်တာပိုအကြီးအကဲဟောင်းအား ထောင်ဒဏ် ၁၃ နှစ်နှင့် ခြောက်လကျခံစေရန် တရုတ်နိုင်ငံတီယန်ကျင်းမြို့ရှိ တရားရုံးတစ်ရုံးက ဇန်နဝါရီ ၂၁ ရက်တွင် အမိန့်ချမှတ်ခဲ့ပြီး ၎င်းအနေဖြင့် ဒဏ်ငွေ တရုတ်ယွမ် နှစ်သန်း (အမေရိကန်ဒေါ်လာ ၂၉၀၀၀၀) ကိုလည်း ပေးဆောင်ရမည်ဖြစ်သည်။

**ကိုးကား-အေအက်ဖ်ပီ**

**ဘာသာပြန်-ဇော်ဝင်း**

# မြန်မာအမျိုးသမီးများအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ် တစ်သက်စီချမှတ်

**နေပြည်တော် ဇန်နဝါရီ ၂၁**

မြန်မာအမျိုးသမီးများအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအရ ထောင်ဒဏ် တစ်သက်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်နေ မ ....၊ ၁၉ နှစ်နှင့် မ .....၊ ၄၀ နှစ်တို့အား တစ်ရပ်ကွက်တည်းနေ မအေးမိစံ၊ မပိုင်ပိုင်၊ ကိုဖိုးလုံး၊ မထက်ထက်၊ မဌေး၊ မခိုင်၊ မစုတို့က တရုတ်နိုင်ငံရှိ အထည်ချုပ်စက်ရုံတွင် အလုပ်အကိုင်ရှိကြောင်း၊ ဝင်ငွေကောင်းကြောင်း ပြောဆိုစည်းရုံးပြီး မန္တလေး-မူဆယ်-ရွှေလီလမ်းကြောင်းအတိုင်း တရုတ်နိုင်ငံအတွင်းသို့ ခေါ်ဆောင်သွားခဲ့ကာ တရုတ်ဇနီးမယားများအဖြစ် ရောင်းစားခဲ့မှုအား ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုနယ်မြေ ရဲစခန်း(ပ)၂၈၆/၂၀၁၈၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ-၂၄/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့၍ မန္တလေးခရိုင် တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ တရားခံများသည် လူကုန်ကူးမှုကို ဂိုဏ်းဖွဲ့ကျူးလွန်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် တရားခံ မအေးမိစံ၊ မပိုင်ပိုင်၊ ကိုဖိုးလုံး၊ မထက်ထက်၊ မဌေး တို့အား ဇန်နဝါရီ ၁၇ ရက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ-၂၈ အရ ထောင်ဒဏ်တစ်သက်စီ ကျခံစေရန်နှင့် တိမ်းရှောင်တရားခံများအား တရားခံပြေးကြေညာခဲ့ကြောင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**


မင်းဇော်(ခ)ဟိန်းဇော်အား ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက ထားဝယ်မြို့ ဗျောတောဝရပ်ကွက်၊ မြို့ပတ်လမ်းနေ အောင်သူစိုး(ခ) စီနီ ၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက မြိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မြိတ်မြို့ ပါရမီ(၂)ရပ်ကွက် သစ္စာလမ်း မ/၁၆၄၄ နေ မင်းဇော်(ခ) ဟိန်းဇော်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၂၃ ပြား ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

**ပင်လည်ဘူး**

ပင်လည်ဘူး မြို့မရဲစခန်းမှ ဒုရဲအုပ် ကိုကိုနိုင်နှင့်အဖွဲ့သည် ဇန်နဝါရီ ၁၉ ရက်က မူးယစ်ဆေးဝါးသတင်းအရ ပင်လည်ဘူး-ဗန်းမောက်သွားကားလမ်းပေါ် နမ္မားတံတားနှင့် ကသောကျေးရွာလမ်းဆုံတွင် စောင့်ဆိုင်းနေစဉ် ကသောမှ ပင်လည်ဘူးသို့ လမ်းလျှောက်လာသော မောင်ညို(ခ)ထွန်းသိန်းအား ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**အေးမြသက်ထား**

**မုံရွာ**

ဇန်နဝါရီ ၂၀ ရက် ညနေ ၇ နာရီ ၁၅ မိနစ်ခန့်တွင် မုံရွာခရိုင် မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ ရဲအုပ် ညိုသက်ဝင်း ဦးစီးသောအဖွဲ့သည် နယ်ထိန်းရဲအုပ် အောင်ထွန်းဝင်း အဖွဲ့နှင့်ပူးပေါင်း၍ မုံရွာမြို့ ရုံးကြီးရပ်ကွက် ပြည်သူ့အားကစားကွင်းရှေ့တွင် သတင်းအရ စောင့်ဆိုင်းနေစဉ် သန့်ဇင်ထွန်း(ခ)အရိုး မောင်းနှင်လာသော ဆိုင်ကယ်ကို စစ်ဆေးရာ ၎င်းထံ စိတ်ကြွရူးသွပ်ဆေးပြား၂၅ ပြား တွေ့ရှိခဲ့သည်။ ၎င်းအား စစ်မေးရာ အဆိုပါစိတ်ကြွရူးသွပ်ဆေးပြားများကို မုံရွာမြို့ ကွေ့ကြီးရပ်ကွက်နေ တိုးဝေထံမှ ဝယ်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် တိုးဝေထံ သွားရောက်ရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀ ထပ်မံ ဖမ်းရမိသဖြင့် စိတ်ကြွရူးသွပ်ဆေးပြားများ လက်ဝယ်ထားရှိသူ သန့်ဇင်ထွန်း (ခ)အရိုးနှင့် တိုးဝေတို့ နှစ်ဦးအား မုံရွာမြို့မရဲစခန်းက မူးယစ်ဆေးဝါးဥပဒေအရ ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လှအောင်(ကသာ)**

# ပြွန်တန်ဆာမြို့၌ ခြင်ဆေးခွေထွန်းရာမှ နေအိမ်မီးလောင်

**ပြွန်တန်ဆာ ဇန်နဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့တွင် ဇန်နဝါရီ ၂၀ ရက် ည ၉ နာရီခန့်က နေအိမ်မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပြွန်တန်ဆာမြို့ မြို့မ(၂)ရပ်ကွက် ကန်ရှေ့လမ်းနေ ဒေါ်ငယ်(ခ) ဒေါ်သန်းသန်းအေး နေအိမ်၌ ခြင်ဆေးခွေကို အိပ်ရာဘေးထွန်းထားခဲ့ပြီး ဈေးသွားဝယ်ရာမှ အနီးရှိ ခြင်ထောင်အား မီးစွဲ၍ မီးလောင်ခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ ညောင်လေးပင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးသိန်းထိုက်ပါ ၁၄ ဦး၊ ပြွန်တန်ဆာမီးသတ် ဒုဦးစီးမှူး ရဲမင်းနိုင်ပါ ၁၁ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ မီးသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ်သုံးစီး၊ ညောင်လေးပင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းနိုင်၊ ပြွန်တန်ဆာနယ်မြေရဲစခန်းမှူး ရဲအုပ်စိုးသိန်းနှင့် တပ်ဖွဲ့ဝင်များ၊ အနီးပတ်ဝန်းကျင်ရှိ ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၉ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ သုံးပင်ပတ်လည် သွပ်မိုးထရံကာ ပျဉ်ခင်းနေအိမ်တစ်လုံး မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

**သက်လွင် (ညောင်လေးပင်)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၂၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၇၇၁ စီး၊ သွင်းကုန် ၁၇၀၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် အစီး ၂၁၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၀ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက ဖမ်းဆီးမှု တစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ သန်း၊ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက ဖမ်းဆီးမှု နှစ်မှု၊ ခန့်မှန်းတန်ဖိုး ကျပ် ၁၆ ဒသမ ၂၀ သန်း စုစုပေါင်း ဖမ်းဆီးမှု သုံးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁ ဒသမ ၂ သန်းကို ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၂၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက စစ်ဆေးမှုများ ဆောင်ရွက်စဉ် စံလောင်း- ပန်ဆုံရှောင်ကွင်းလမ်းအတွင်းသို့ မောင်းနှင်ထွက်ပြေးသွားသော SUZUKI EVERY ယာဉ်တစ်စီးအား လိုက်လံဖမ်းဆီးရာ ဟိုတုံရွာအနီး ရပ်တန့်ထားသည့် အဆိုပါယာဉ်ပေါ်တွင် အံ့ဝှက်ပြုလုပ်ပြီး တရားမဝင် သယ်ဆောင်လာသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးအရွယ်အစားမျိုးစုံ ၁၂၄ ကီလိုဂရမ်နှင့် ပစ္စည်းသယ်ဆောင်လာသည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၂၀ သန်းကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ခင်ဦးမြို့နယ်၌ ယာဉ်တိုက်မှုကြောင့် အမျိုးသားတစ်ဦးသေဆုံး

**ခင်ဦး ဇန်နဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်တွင် ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက ယာဉ်တိုက်မှုကြောင့် အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၁ ရက်က ခင်ဦးမြို့နယ် ကုန်းကြီးရဲကင်းစခန်းမှ ဒုရဲအုပ် ထွန်းလင်းသည် ရဲကင်းမှူးတာဝန်ထမ်းဆောင်နေစဉ် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ရွှေဘို-မြစ်ကြီးနားလမ်း ညောင်ကန်ဇရပ်မြောက်ဘက်တွင် အမျိုးသားတစ်ဦး ယာဉ်တိုက်မိသည့်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း(စုံစမ်းဆဲ)ကို အရေးယူနိုင်ရေးအတွက် ခင်ဦးမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မိုးသောက်(ရွှေဘို)**

# သီပေါ ပုံဖမ်းရွာအနီး ယာဉ် ငါးစီး ဆင့်တိုက်မှုဖြစ်

**သီပေါ ဇန်နဝါရီ ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ပုံဖမ်းကျေးရွာအနီး မန္တလေး၊ သီပေါ၊ လားရှိုး၊ မူဆယ်ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၁၂၁/ပ-၁) ကြား၌ ယမန်နေ့မွန်းလွဲ ၁ နာရီက မန္တလေးမှ လားရှိုးသို့ ဖရဲသီးများတင်ဆောင်၍ ယာဉ်မောင်းရဲဝင်းစိုး မောင်းနှင်သော ၁၂ ဘီးယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လားရှိုးမှ မန္တလေးသို့ ပြောင်းအိတ်များတင်ပြီး ဇော်ဝင်းနိုင် မောင်းနှင်သော ခြောက်ဘီးယာဉ်အား မျက်နှာချင်းဆိုင် တိုက်မိခဲ့သည်။

အဆိုပါယာဉ်နှစ်စီးတိုက်မှုကြောင့် ၎င်းယာဉ်နှစ်စီး နောက်မှလိုက်ပါလာသော လူစီးယာဉ်ငယ် ငါးစီးဆင့်တိုက်မိခဲ့သည်။ ၁၂ ဘီးယာဉ်မောင်း ရဲဝင်းစိုးမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး ၎င်းအား ဖမ်းဆီးရမိရေး သီပေါမြို့မရဲစခန်းက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# ရန်ကုန်တိုင်းဒေသကြီးဂုဏ်ဆောင် အသက် ၁၇ နှစ်အောက် အမျိုးသားဘောလုံးအသင်းအား ဂုဏ်ပြု



**ရန်ကုန် ဇန်နဝါရီ ၂၁**

၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၇ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမဆုဖလားရရှိခဲ့သော ရန်ကုန်တိုင်းဒေသကြီးဘောလုံးအသင်းအားဂုဏ်ပြုပွဲနှင့် ၂၀၂၀ ပြည့်နှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်တိုင်းဒေသကြီး ဘောလုံးအသင်းအား ဩဝါဒစကားပြောကြားခြင်းကို ဇန်နဝါရီ ၂၀ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လူငယ်မျိုးဆက်များ အားကစားကို စိတ်ဝင်စားခြင်းအားဖြင့် ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုကြောင်း၊ ယခု လူငယ်တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်နှင့် teamwork တစ်ခုလုံး၏ စွမ်းဆောင်ရည်ကို ပေါင်းစည်းပြီး ကြိုးစားကစားခဲ့၍ အောင်မြင်မှုကို ရယူနိုင်ခဲ့ကြောင်းနှင့် နေပြည်တော်၌ ကျင်းပမည့် ၂၀၂၀ ပြည့်နှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်တိုင်းဒေသကြီးဘောလုံးအသင်းအနေဖြင့်လည်း ပြိုင်ပွဲတွင် အောင်မြင်မှုရလဒ်များရပြီး ပြန်လာနိုင်ပါစေကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်အား ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၇ နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် ပထမဆုဖလားရရှိခဲ့သော ရန်ကုန်တိုင်းဒေသကြီးဘောလုံးအသင်းက ဆုဖလားအပ်နှင်းပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေများ ပြန်လည်ချီးမြှင့်ပေးအပ်ခဲ့သည်။ **ဆန်းကျော်ဦး (ပြန် /ဆက်)**

# စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး စည်းဝေး

**လှိုင်းဘွဲ ဇန်နဝါရီ ၂၁**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းများ လျာထားရည်မှန်းရန်အတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ စီမံကိန်းအဆိုပြု လျာထားချက်များ စိစစ်အတည်ပြုရေးဆွဲနိုင်ရေးအတွက် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ အတွင်းရေးမှူး ဒေါ်မြင့်စန္ဒာအောင်က ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် စီမံကိန်းရည်မှန်းချက် အဆိုပြုချက်ရေးဆွဲတင်ပြ တောင်းခံခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီအဖွဲ့ဝင်များက ဌာနဆိုင်ရာများမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် စီမံကိန်း ရည်မှန်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အသီးသီးဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# ကျောက်တန်းမြို့နယ် တမံကြီးကျေးရွာ၌ စီမံကိန်းလုပ်ငန်းခွဲများ စတင်ဆောင်ရွက်

**ကျောက်တန်း ဇန်နဝါရီ ၂၁**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း (စတုတ္ထနှစ်စက်ဝန်း) ကို အကောင်အထည်ဖော်နေသည့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ပီလခတ်ကျေးရွာအုပ်စု တမံကြီးကျေးရွာတွင် ငွေကျပ် ၆၄ သိန်းဖြင့် ပေ ၈၀ ပတ်လည်ရှိ ကျေးရွာခန်းမဆောင် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းနှင့် အလျား ၃၆၅ ပေ၊ အကျယ် ရှစ်ပေ၊ ဒု ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ငွေကျပ် ၅၃ သိန်းဖြင့် တမံကြီးကျေးရွာ စီမံကိန်း အထောက်အကူပြုကော်မတီက ယနေ့စတင်ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

အဆိုပါလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် လူထုစည်းရုံးရေးမှူး ဒေါ်ခင်မာလာမင်းနှင့် လက်ထောက်နည်းပညာမှူး ဒေါ်နှင်းသက်အေးတို့က ကြီးကြပ် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စိုးဝင်း (ကျောက်တန်း)**



ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့



# မူဆယ်မြို့ (နန်းတော်ဂိတ်) ၌ အပူချိန်တိုင်းစက် တပ်ဆင်

**မူဆယ် ဇန်နဝါရီ ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ မြန်မာ-တရုတ်နှစ်နိုင်ငံ အဝင်/အထွက်ဂိတ် (နန်းတော်ဂိတ်)၌ လူနာများ၏ အပူချိန်ကို တိုင်းတာသည့် (Thermal Scan)စက် အသစ်တစ်ခုကို ဇန်နဝါရီ ၁၅ ရက်တွင် မူဆယ်မြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက တပ်ဆင်ထားကာ နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ စောင့်ကြည့်ကြီးကြပ်နေပြီဖြစ်သည်။

မဲခေါင်မြစ်ဝှမ်းဒေသ ကျန်းမာရေးလုံခြုံမှုစီမံချက်အရ (Thermal Scan) စက်ကို မူဆယ်မြို့ နယ်စပ်ဂိတ် (နန်းတော်ဂိတ်)တွင် တပ်ဆင်ခြင်းဖြစ်ပြီး နယ်စပ်ဂိတ် (နန်းတော်ဂိတ်)မှ အဝင်/အထွက်ပြုသည့် လူနာများ၏ ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို မူဆယ်မြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိသည်။

"အရင် (Thermal Scan) စက်ကို မတပ်ဆင်ခင်မှာတော့ ကူးစက်ရောဂါများကို စောင့်ကြပ်ကြည့်ရှုနေတဲ့အချိန်မှာ (Non Contact Thermometer) နဲ့ပဲ လူနာတွေကို စောင့်ကြပ်ကြည့်ရှုရတာပါ၊ အခုကတော့ (Thermal Scan) စက် တပ်ဆင်လိုက်ပြီဖြစ်တဲ့အတွက် ကူးစက်ရောဂါစောင့်ကြည့်ခြင်းကိုလည်း ပိုမိုအောင်မြင်လာမယ်" ဟု မူဆယ်မြို့ ပြည်သူ့ဆေးရုံအုပ် ဒေါက်တာမျိုးဇော်က ပြောကြားသည်။

မြန်မာနိုင်ငံ၌ မဲခေါင်မြစ်ဝှမ်းဒေသ ကျန်းမာရေးလုံခြုံမှုစီမံချက်တွင်ပါဝင်သည့် မြို့နယ်ခြောက်မြို့နယ်တွင် မူဆယ်မြို့လည်းပါဝင်သည်။ (Thermal Scan)စက်ကို တပ်ဆင်ခြင်းအားဖြင့် တခြားနိုင်ငံများမှ ဝင်ရောက်လာမည့် ကူးစက်ရောဂါများကို လွယ်ကူစွာသိရှိနိုင်ပြီး လူနာတစ်ဦး၏ အပူချိန် (၃၈ ဒီဂရီ) ကျော်လွန်ပါက (Thermal Scan) စက်မှ အချက်ပြလာမည်ဖြစ်သည်။ လူနာများကိုတွေ့ရှိပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကူးစက်ရောဂါများကို အချိန်မီထိန်းချုပ်နိုင်မည်ဖြစ်သည်။

မူဆယ်မြို့တွင် မြန်မာ-တရုတ်နယ်စပ်ဖြတ်ကျော်ဂိတ် စုစုပေါင်းသုံးခုရှိပြီး ဂိတ်အမှတ်(၄) ဟု လူသိများသည့် ဟိုဆောင်ဂိတ်သစ်ကိုလည်း ထပ်မံဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် နယ်စပ်ဂိတ် (နန်းတော်ဂိတ်) တစ်ခု၌သာ (Thermal Scan) စက်ကို တပ်ဆင်ထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံရှိ တရားဝင်နယ်စပ်ဂိတ်များ၌ (Thermal Scan) စက်များကို အကုန်တပ်ဆင်နိုင်ပါက ပြည်ပနိုင်ငံများမှ ကူးစက်လာနိုင်မည့်ရောဂါများကို ကြိုတင်ကာကွယ်ရာတွင် ပိုမိုထိရောက်လွယ်ကူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

# ကိုယ်လက်အင်္ဂါစွန့်လွှတ် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ထောက်ပံ့ကြေးပေးအပ်

**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်ခဲ့စဉ် ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့ကြသော မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇန်နဝါရီ ၁၉ ရက် နံနက် ၉ နာရီက ကျိုက်ခေါက်ဘုရားလမ်းရှိ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် တိုင်းပြည်အတွက် ကိုယ်လက်အင်္ဂါစွန့်လွှတ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကျော်မိုးကြည်(ငြိမ်း)နှင့် အမှုဆောင်များက ထောက်ပံ့ကြေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သက်ခိုင် (သန်လျင်)**

## သတင်းစုံကဏ္ဍာ

### ဂုဏ်ထူးဆောင်နာယကကြီးများအား ဂုဏ်ပြု

**ပုသိမ်**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ယခင်နေရှင်နယ်ဗဟိုအမျိုးသားအထက်တန်းကျောင်း ရာပြည့်အကြိုကို ဂုဏ်ပြုလျက် အမှတ် (၂) အထက်တန်းကျောင်း ကျောင်းသားဟောင်းများအဖွဲ့က အသက် ၈၀ နှင့် ၉၀ ကျော် ဂုဏ်ထူးဆောင်နာယကကြီးများအား ဇန်နဝါရီ ၁၈ ရက်က အိမ်တိုင်ရာရောက် ဂုဏ်ပြုပူဇော်ခဲ့ကြသည်။

ဂုဏ်ထူးဆောင်ကျောင်းသားဟောင်းများအဖွဲ့ နာယကကြီးများဖြစ်ကြသည့် သူရဦးတင်ဦး၊ အမျိုးသားစာပေပညာရှင်ဆုရ ဆရာကြီး မင်းယုဝေနှင့် အဝေးရောက် ကျောင်းသားဟောင်းများအဖွဲ့ အတွင်းရေးမှူး ဆရာဦးသက်နိုင်၊ ပုသိမ်မြို့ပေါ်ရှိ ဆရာကြီးဦးအောင်ခ၊ ဆရာကြီးဦးခင်မောင်ရီ၊ ဆရာကြီးဦးအေးလွင်၊ ဆရာကြီး ဦးလှမြင့်တို့အား နေအိမ်အရောက် လက်ဆောင်ပစ္စည်းများဖြင့် ဂုဏ်ပြုကန်တော့ခဲ့ကြကြောင်း သိရသည်။ **ပုသိမ်လှကြည်**

### ဆန်ဆိုင်းတွင် ကျောက်စီရေမြောင်းပြုလုပ်

**တာချီလိတ်**

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်နေသည့် ဆန်ဆိုင်း(က) ရပ်ကွက် (၁၂) လမ်း အရှည်ပေ ၅၀၊ အကျယ် ခြောက်ပေရှိ ရေမြောင်း ကျောက်ရိုးစီခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂၀ ရက်က မြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ခံအင်ဂျင်နီယာ အင်ဂျင်နီယာမှူး ဦးကျော်မိုးခိုင်နှင့် တာဝန်ရှိသူများ ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရသည်။ **ဝေယံလင်း**

### ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ကျောက်တံခါး**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းနှင့်(AVIP) သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီက ကျောက်တံခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်ကျေးလက်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်က ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကြောင်းနှင့် (AVIP) သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးရွာ ၁၅ ရွာမှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများထံ တစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ စီဖြင့် စုစုပေါင်းသိန်းပေါင်း ၁၅၀၀ လွှဲပြောင်းပေးအပ်ကာ (AVIP) သင်တန်းများကို ပို့ချပေးခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်း ပုံတူကြေးသွန်းရုပ်တု မြို့သစ်မြို့၌ စိုက်ထူ

**မြို့သစ် ဇန်နဝါရီ ၂၁**

လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်း ပုံတူကြေးသွန်းရုပ်တုအား မန္တလေးမြို့မှ သယ်ဆောင်လာခဲ့ရာ မြို့သစ်မြို့ရှိ လွတ်လပ်ရေးပန်းခြံဝင်းအတွင်း ဇန်နဝါရီ ၂၀ ရက် ည ၈ နာရီတွင် ရောက်ရှိစိုက်ထူနိုင်ခဲ့သည်။

အဆိုပါ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပုံတူကြေးသွန်းရုပ်တုကို မန္တလေးမြို့မှ စတင်သယ်ဆောင်လာရာတွင် ကျောက်ပန်းတောင်း၊ ချောက်၊ ရေနံချောင်း၊ မကွေး၊ နတ်မောက်မှ မြို့သစ်မြို့သို့ သယ်ဆောင်လာရာလမ်းတစ်လျှောက်ရှိ မြို့တိုင်းမြို့တိုင်းမှ မိဘပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းပုံတူကြေးသွန်းရုပ်တု၏ အမြင့်မှာ ကိုးပေ ရှစ်လက်မဖြစ်ပြီး ရုပ်တု၏ ခုံအမြင့် အလျား ၁၃ ပေ၊ အနံ ၁၁ ပေနှင့် အမြင့်ခြောက်ပေရှိကာ ကုန်ကျငွေမှာ သိန်း ၁၅၀ ကျော်ဖြစ်ပြီး ဗိုလ်ချုပ်ပုံတူရုပ်တုဖွင့်ပွဲအခမ်းအနားကို ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ဖြစ်သည့် ဖေဖော်ဝါရီ ၁၃ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ဇော် (မြို့သစ်)**





## တောင်ငူတွင် ကလေးများ စာပေဆွေးနွေးပွဲ ကျင်းပ

**တောင်ငူ ဇန်နဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ပထမအကြိမ် ကလေးစာဖတ်သူများ၏ စာပေဆွေးနွေးပွဲကို တောင်ငူမြို့ ဗိုလ်ချုပ်အောင်ဆန်းစာကြည့်တိုက် ရှေ့ရှိ မြက်ခင်းပြင်၌ ဇန်နဝါရီ ၁၈ ရက် ညနေပိုင်းက ကျင်းပသည်။

လူထုဦးလှ၏ တိုင်းရင်းသားရိုးရာပုံပြင်စာအုပ်နှင့် ဗဟုသုတရရှိစေမည့်စာအုပ်များကို စာကြည့်တိုက်အသင်းဝင် ကလေးငယ် ၁၅ ဦးတို့က တစ်လကြိုတင်ဖတ်ရှုလေ့လာစေပြီး စာရေးသူ၏ရည်ရွယ်ချက်၊ ဖတ်ရှုပြီးစာအုပ်မှရရှိသည့် သင်ခန်းစာ အကျဉ်းနှင့် မိမိတို့၏ ထင်မြင်ယူဆချက်များကို ဆွေးနွေးခဲ့ကြသည်။

**ကျော်လှ(တောင်ငူ)**

## ကလေးများ ဉာဏ်ရည်ဖွံ့ဖြိုး ခွန်အားတိုးစေရေး နွားနို့တိုက်ကျွေး

**ဝန်းသို ဇန်နဝါရီ ၂၁**

ကျောင်းနေအရွယ်ကလေးငယ်များ ဉာဏ်ရည်ဖွံ့ဖြိုး ခွန်အားတိုးစေရန် ရည်ရွယ်၍ School milk programme အရ နွားနို့နှင့် ကြက်ဥတိုက်ကျွေးခြင်းကို ဇန်နဝါရီ ၂၀ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ဇီးဖြူပင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ပြုလုပ်ခဲ့သည်။

မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးမှူး ဦးတင်လှိုင်ဝင်းက ကျောင်းနေအရွယ်ကလေးများ နွားနို့သောက်သုံးရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်မွေး/ကုဦးစီးဌာနမှ ဝန်ထမ်းများ၊ နွားနို့အလှူရှင်ဦးဌေးဝင်း၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများက ကျောင်းသားကျောင်းသူ ၉၈ ဦးတို့အား နွားနို့နှင့် ကြက်ဥ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**ကျော်မြိုင်**

# ဖားကန့်ကလေးစာပေပွဲတော်မှ မှတ်မှတ်ရရ စကားသံများ

**ကချင်ပြည်နယ် ဖားကန့်မြို့၌ ဇန်နဝါရီ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ကျင်းပခဲ့သော ကလေးစာပေပွဲတော်၊ စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲမှ အမှတ်ရစရာ စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။**

**ဦးခင်မောင်မြင့်(ခ)ဦးချို**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**

ကလေးစာပေပွဲတော်ဟာ ကလေးတွေကို လွတ်လပ်စွာ သူတို့ရဲ့စိတ်ကူးယဉ်မှုလေးတွေကို အကောင်အထည်ဖော်ခွင့်ပေးထားတာပါ၊ စိတ်ကူးလေးတွေကို ရေးဆွဲတတ်ဖို့၊ သူတို့ ဖြစ်ချင်တာလေးတွေ ကတာခုန်တာ၊ သီချင်းဆိုတာတွေက အစ၊ နောက်ပြီး ဒီပွဲတော်ကနေ အမြင်အများကြီးဖွင့်ပေးပြီးတော့ လောကကြီးမှာမိမိလိုအပ်တဲ့ အကြောင်းအရာတွေကို သိမြင်လာဖို့ ဆက်လက်ကြိုးစားချင် စိတ်တွေဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။

**မအိသဇင်၊ စတုတ္ထတန်းကျောင်းသူ**

သမီးက ဒီပွဲတော်မှာ ဆေးရောင်ခြယ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်တာပါရှင့်၊ ဒီလိုပွဲမျိုး တစ်ခါမှမကြုံဖူးတော့ အလွန်ပျော်ရပါတယ် ၊ နောက်နှစ်တွေမှာလည်း ဒီလိုပွဲတော် ဆက်လုပ်ပေးစေချင်ပါတယ်။

**ဦးအောင်ကြီး**
**(အ.ထ.က-ခွဲ) ကျောင်းအုပ်ဆရာကြီး**

"တစ်နှစ်ပတ်လုံး ကိုယ့်ကျောင်းနဲ့ကိုယ်နေကြတဲ့ ကလေးတွေက အခု ဒီမှာလာစုပြီး တွေ့ကြဆုံကြ ပြိုင်ပွဲတွေယှဉ်ပြိုင်ကြနဲ့ မျက်စိပွင့်၊ နားပွင့် အသိပညာ ဖလှယ်ခွင့်တွေ ရကြပါတယ်။



ဦးခင်မောင်မြင့်(ခ)ဦးချို
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်



မအိသဇင်
စတုတ္ထတန်းကျောင်းသူ



ဦးအောင်ကြီး
(အ.ထ.က-ခွဲ) ကျောင်းအုပ်ဆရာကြီး




## ကျီခါးမြို့ ကလေးစာပေပွဲတော် ဖွင့်ပွဲကျင်းပ

**ကျီခါး ဇန်နဝါရီ ၂၁**

ချင်းပြည်နယ်အစိုးရအဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျီခါးမြို့ ကလေးစာပေပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၈ ရက် နံနက် ၁၀ နာရီက ကျီခါးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ စည်ကားစွာ ကျင်းပသည်။

ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွှန်းမင့်ထန်နှင့် ပြည်နယ်ပညာရေးမှူး ဒေါ်နှင်းကြည်တို့က အမှာစကားပြောကြားပြီး ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ပုမ်ခန့်နွမ်က ကလေးစာပေပွဲတော် ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ကလေးစာပေပွဲတော်ပြိုင်ပွဲကျင်းပနေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ဌွန်**
**(ပြန်/ဆက်)**

# မန္တလေးမြို့ မဟာမုနိဘုရားပွဲတော်တွင် ဈေးရောင်းပွဲတော် ထည့်သွင်းကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၂၁**

မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီး၏ (၆၁) ကြိမ်မြောက်ဗုဒ္ဓပူဇနိယပွဲတော်တွင် တပို့တွဲလဈေးရောင်းပွဲတော်ကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ထံမှ သိရသည်။

အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၈၁ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက်မှစတင်၍ တပို့တွဲလပြည့်ကျော် ၈ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး ဇာတ်၊ အငြိမ့်သဘင်များနှင့်အတူ ဆိုင်ခန်းပေါင်း ၂၀၀ ခန့် ပါဝင်သည့် ဈေးရောင်းပွဲတော်ကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဘုရားကြီးပွဲတော်မှာ တပို့တွဲလပြည့်ကျော် ၅ ရက်ကနေ ၈ ရက်အထိ ရန်ကုန်စံပြသဘင် ဟန်ဇာမိုးဝင်းဇာတ်သဘင်တို့နဲ့အတူ ရုပ်ရှင်သရုပ်ဆောင် ဂီတအနုပညာရှင်များစွာပါဝင်တဲ့ ဖျော်ဖြေမှုတွေနဲ့ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် လပြည့်နေမှာတော့ ထမနဲထိုးပြီး ဘုရားဖူးဧည့်သည်တွေကို စတုဒိသာလှူဒါန်း ကျွေးမွေးသွားမှာပါ" ဟု ဂေါပကအဖွဲ့ဝင် ဦးသန်းလွင်က ပြောကြားသည်။

တပို့တွဲလဈေးရောင်းပွဲတော်တွင် မြန်မာ့ရိုးရာ အစားအစာများ၊ လက်မှုပစ္စည်းများ၊ လူသုံးကုန်၊ အလှကုန်၊ စားသောက်ကုန်နှင့် ဆေးဝါး စသည့် အရောင်းဆိုင်ပေါင်း ၂၀၀ ခန့် ပါဝင်ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

မဟာမုနိဘုရားဗုဒ္ဓပူဇနိယပွဲတော်တွင် တပို့တွဲလဆန်း ၁၂ ရက်မှ တပို့တွဲလပြည့်နေ့အထိ ရဲမိုး ရန်ကုန်ဇာတ်သဘင်အဖွဲ့၊ တပို့တွဲလပြည့်ကျော် ၁ ရက်မှ တပို့တွဲလပြည့်ကျော် ၂ ရက်အထိ ဟားငါးကောင် ရန်ကုန်အငြိမ့်သဘင်၊ တပို့တွဲလပြည့်ကျော် ၅ ရက်မှ တပို့တွဲလပြည့်ကျော် ၈ ရက်အထိ ရန်ကုန်စံပြသဘင် ဟန်ဇာမိုးဝင်းဇာတ်သဘင်အဖွဲ့တို့၏ ဧည့်ခံဖျော်ဖြေတင်ဆက်မှုများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

# ပူတာအိုတွင် မျက်စိအခမဲ့ စမ်းသပ်စစ်ဆေးပေးပြီး မျက်မှန်များလှူဒါန်း



**ပူတာအို ဇန်နဝါရီ ၂၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် Myanmar Kindness Foundation တို့ ပူးပေါင်းမှုဖြင့် အမေရိကန်အခြေစိုက် Rotary Clubs မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိအခမဲ့စမ်းသပ်စစ်ဆေးပေးပြီး မျက်မှန်များ လှူဒါန်းပေးခြင်းကို ဇန်နဝါရီ ၂၀ ရက် နံနက် ၈ နာရီက ပူတာအိုမြို့နယ် လီဆူစာပေနှင့် ယဉ်ကျေးမှုကွင်း၌ ကျင်းပသည်။

"ကျွန်တော်တို့ ပူတာအိုမြို့နယ်မှာ အမေရိကန်အခြေစိုက် မျက်စိအထူးကုဆရာဝန်များရဲ့ မျက်စိအခမဲ့စမ်းသပ်စစ်ဆေးပေးခြင်းကို ဇန်နဝါရီ ၂၀ ရက်မှ ၂၃ ရက်အထိ အခမဲ့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီနေ့ ပူတာအိုမြို့နယ် လီဆူစာပေနှင့် ယဉ်ကျေးမှုကွင်းမှာကျတော့ အခုထိ (မွန်းတည့် ၁၂ နာရီထိ) ၃၅၀ လောက် ဆောင်ရွက်ပေးသွားပြီးဖြစ်ပါတယ်။ ထပ်ပြီးတော့လည်း လူများရင်များသလို ညနေပိုင်းအထိ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု ပူတာအိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးရွှေက ပြောကြားသည်။

မျက်စိအခမဲ့စမ်းသပ်စစ်ဆေးမှုတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နေသော Rotary Club Of Yangon မှ ဒေါ်ဟေမာအောင်က "မျက်စိအထူးကုဆရာဝန်လေးဦးက မျက်စိစစ်ဆေးမှုများပြုလုပ်ပေးပြီးတော့ မျက်မှန် အနီးမှုန်၊ အဝေးမှုန် တပ်ဆင်ရန် လိုအပ်သူများကို မျက်မှန်များ လှူဒါန်းပေးသွားမှာဖြစ်ပါတယ်။ မျက်စိရေတိမ်၊ တခြားမျက်စိနဲ့ပတ်သက်တဲ့ ရောဂါရှိသူ၊ မျက်စိခွဲစိတ်ဖို့လိုသူများကိုကျတော့ မြစ်ကြီးနားဆေးရုံနဲ့အခြား မြန်မာနိုင်ငံမှ မျက်စိအထူးကုဆရာဝန်များနဲ့ ချိတ်ဆက်ပြီးတော့ ကုသဖို့အတွက် လမ်းညွှန်မှုပေးသွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

အဆိုပါ အမေရိကန်အခြေစိုက် Rotary Clubs မှ Dr.V.E Falkenhain ဦးဆောင်သော မျက်စိအထူးကုဆရာဝန်လေးဦးနှင့် မျက်မှန်အလှူရှင်ကူညီပေးသူ လေးဦးပါဝင်သောအဖွဲ့သည် ဇန်နဝါရီ ၂၀ ရက်တွင် ပူတာအိုမြို့နယ် လီဆူစာပေနှင့် ယဉ်ကျေးမှုဝင်းခန်းမတွင်လည်းကောင်း၊ ဇန်နဝါရီ ၂၁ ရက်တွင် ပမ္မတီးကျေးရွာ အမှတ်(၅) အေဂျီဘုရားကျောင်းဝင်း၌လည်းကောင်း၊ ဇန်နဝါရီ ၂၂ ရက်တွင် မာမူးလဲ့ကျေးရွာ အမှတ် (၅) အေဂျီဘုရားကျောင်းဝင်း၌လည်းကောင်း၊ ဇန်နဝါရီ ၂၃ ရက်တွင် မာမိန်-၁ ခရစ်တော်၏ အသင်းတော်ဘုရားကျောင်းဝင်း၌လည်းကောင်း ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယင်းလေးရက်တာကာလတွင် မျက်စိဝေဒနာရှင် ၂၀၀၀ ခန့်အား အခမဲ့ မျက်မှန်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

# လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဘီးလင်းမြို့၌ဖွင့်

**ဘီးလင်း ဇန်နဝါရီ ၂၁**

မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ဘီးလင်းမြို့နယ် အလူးကလေးကျေးရွာ သုခကာရီကျောင်းတိုက်၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်ဝါက သင်တန်းဆင်းများအနေဖြင့် သင့်တင့်သော ငွေအရင်းအနှီးရှိရုံဖြင့် ဤသင်တန်းမှသင်ကြားပေးသည့် နည်းပညာကိုအသုံးချ၍ အသေးစားလုပ်ငန်းငယ်များထူထောင်နိုင်ခြင်းဖြင့် သွင်းကုန်အစားထိုး လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်မည်ဖြစ်၍ အလုပ်အကိုင်ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် အဝတ်လျှော်၊ လက်ဆေး၊ ပန်းကန်ဆေးဆပ်ပြာဆီအမျိုးမျိုး၊ ဆပ်ပြာခဲအမျိုးမျိုး၊ ဆပ်ပြာခရင်၊ ရေချိုးဆပ်ပြာရည်၊ မှန်ကြည်ဆေး၊ လျှော်မွှေးဆီ၊ လက်သန့်ဆေးနှင့် သဘာဝသစ်ရွက်သစ်ဖုများကို အသုံးပြု၍ မျက်နှာသစ်ဆပ်ပြာအမျိုးမျိုးနှင့် ခေါင်းလျှော်ရည်အမျိုးမျိုး စသည့်လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် နည်းပညာများကို အခမဲ့သင်ကြားကြောင်းနှင့် သင်တန်းကာလမှာ ဇန်နဝါရီ ၂၀ ရက်မှ ၂၄ ရက်ထိဖြစ်ပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၆ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**မောင်ရွှေဝင်း (ပြည်)**

# ခရမ်းချဉ်သီးဈေး မနှစ်ကထက် ဈေးနှုန်းကျဆင်း

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည် (တမံ) ပတ်ဝန်းကျင်ကျေးရွာများသည် ခရမ်းချဉ်အမြောက်အမြား စိုက်ပျိုးကြသည့် ကျေးရွာများဖြစ်ကာ ခရမ်းချဉ်စိုက်တောင်သူများ ခရမ်းချဉ်ပေါ်ချိန် ဈေးနှုန်း မနှစ်ကထက် ကျဆင်းနေခြင်းကြောင့် ခရမ်းချဉ်စိုက်တောင်သူများ တွက်ခြေမကိုက်ဖြစ်နေကြကြောင်း မုန့်ကုန်းကျေးရွာ ခရမ်းချဉ်စိုက်တောင်သူ ဦးမင်းညိုက ပြောကြားသည်။

ကြက်မောက်တောင်ဆည် ပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် ဆည်အထက်ဘက် လဲဂွကျေးရွာ၊ လက်ပံ့အိုင့်ရွာ၊ ဆပ်ပြာကျင်းရွာ၊ ဆည်အရှေ့ဘက်ကျေးရွာများဖြစ်သည့် ညောင်ဖြူပင်ရွာ၊ မုန့်ကုန်းရွာ၊ ညောင်ချိုင်းရွာ၊ အမှတ်-၃ ရွာများနှင့် ကြက်မောက်တောင်ဆည် အောက်ဘက်ကျေးရွာများဖြစ်သည့် ကိုင်းရွာ၊ ညောင်ပင်သာ၊ စည်ပင်သာကျေးရွာ၊ မကျီးတိုင်းရွာ၊ အိုးအိုင်ကျေးရွာတို့သည် မြေအောက်ရေတူးဖော်ပြီး သီးနှံခင်းများအား ရေသွင်းစိုက်ပျိုးသည့်ကျေးရွာများဖြစ်ကာ မိသားစု တစ်ဖက်တစ်လမ်းမှ ဝင်ငွေကာမိစေရန် ခရမ်းချဉ်ကို စိုက်ပျိုးကြကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

"မနှစ်က ခုလိုခရမ်းချဉ်သီးပေါ်ချိန် တစ်ပိဿာကျပ် ၁၀၀၀ ရောင်းချရခြင်းကြောင့် တောင်သူများ တွက်ခြေကိုက်ကြကြောင်း၊ ယခုနှစ်တွင် တစ်ပိဿာကျပ် ၅၀၀ သာ ရောင်းချရခြင်းကြောင့် ပျိုး(မျိုး) ထောင်စရိတ်၊ မြေဆီစရိတ်၊ ထွန်ရှည်းခ၊ လုပ်အားခ၊ ရေသွင်းရာတွင် ဒီဇယ်၊ ဓာတ်ဆီဖိုးများဖြင့် စိုက်ပျိုးစရိတ်ကာမိရုံသာရှိကြောင်း ဆပ်ပြာကျင်းကျေးရွာ ခရမ်းချဉ်စိုက်တောင်သူ ဦးဇော်ချင်းက ပြောကြားသည်။

**ကိုထိန် (ငါ့သရောက်)**

## သတင်းစုံကဏ္ဍ

### ဓမ္မစကူးသင်တန်းဆင်းလက်မှတ် ပေးအပ်

**ရန်ကုန်**

မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း ပျော်ဘွယ်သုခမ္မာဓမ္မစကူးသင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲနှင့် ရက်မှန်ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို အဆိုပါဘုန်းတော်ကြီးကျောင်းတိုက်၌ ဇန်နဝါရီ ၂၀ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

ပျော်ဘွယ်သုခမ္မာဘုန်းတော်ကြီးကျောင်းတွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်ကစတင်၍ ဓမ္မစကူးသင်တန်းများဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ကျောင်းထိုင်ဆရာတော်က သင်တန်းဆင်းလက်မှတ်များနှင့် ရက်မှန်ဂုဏ်ပြုဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

### ဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့

**ပွင့်ဖြူ**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့် အထက် ဘိုးဘွားများအား တစ်လလျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် သုံးလတစ်ကြိမ် လူမှုရေးပင်စင် ထောက်ပံ့ငွေများ ထောက်ပံ့ပေးလျက်ရှိရာ ၂၀၁၉ ခုနှစ် (အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလ) အတွက် လူမှုရေးပင်စင် ထောက်ပံ့ငွေများကို ဇန်နဝါရီ ၁၅ ရက်မှစတင်ကာ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက အိမ်တိုင်ရာရောက် ကွင်းဆင်းထောက်ပံ့ပေးလျက်ရှိသည်။

ပွင့်ဖြူမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်အပါအဝင် ကျေးရွာအုပ်စု ၅၆ အုပ်စုတွင် လူမှုရေးပင်စင်အကျိုးခံစားခွင့်ရှိသည့် အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွား ၈၆၃ ဦးရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် ( ညောင်ဦး )**

### ရေးသူ၊ ဖတ်သူ ဆွေးနွေးပွဲနှင့် စာဖတ်ဝိုင်းကျင်းပ

**မန္တလေး**

ဆရာသိုက်ထွန်းသက်၏ ဂျီသြမေတြီဂေါဝိန်(ဝတ္ထုတိုများ) စာအုပ်ကို ရေးသူ၊ ဖတ်သူ ဆွေးနွေးပွဲနှင့် စာဖတ်ဝိုင်းအဖြစ် ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ နာရီက မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကျင်းပသည်။

စာရေးသူ ဆရာသိုက်ထွန်းသက်က ဂျီသြမေတြီဂေါဝိန်စာအုပ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဆရာဟိန်းသန့် (အင်းဝ)၊ ဆရာလွတ်လပ်ငြိမ်းတို့က စာအုပ်နှင့်ပတ်သက်၍ ဦးဆောင်ဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ဆရာသိုက်ထွန်းသက်က ပြန်လည်ဖြေကြားသည်။

**ခင်ခင်ဝင်း(ပညာရေး)**

### ကြက်သွန်နီ အဝယ်သွက်သော်လည်း ဈေးအေး

**ရေနံချောင်း**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်ထွက် ကြက်သွန်ဈေးကျနေကြောင်း တောင်သူများနှင့် ဈေးကွက်မှ သိရသည်။

"ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၁၃၀၀ ဝယ်တယ်။ ဒီတစ်ပတ်တော့ ကြက်သွန်နီတစ်ပိဿာ ကျပ် ၇၀၀ ပဲဝယ်တယ်။ ဈေးကျပါတယ်" ဟု ကျွဲကူးကျေးရွာမှ တောင်သူအမျိုးသမီးတစ်ဦးက ပြောသည်။ ပွဲစားများက ပေါက်ဈေးပေးပြီးလှောင်ထားကြောင်း သိရသည်။

**ဆန်းညွန့်**
**(ရေနံချောင်း)**



ရန်ကင်းမြို့နယ်အတွင်း မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာရရှိရေး၊ မုဒိမ်းမှုမဖြစ်ပွားရေးအတွက် ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီက ရန်ကင်း အ-လ-က (၂) တွင် ပြုလုပ်ရာ ရန်ကင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့်ဦး ဟောပြောစဉ်။

သန်းမောင် (ရန်ကင်း)

အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီသည် ပြည်သူများမှတင်ပြလာသော တိုင်ကြားစာများကို သုံးသပ်လေ့လာ၍ ကော်မတီ၏စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများထံ ပေးပို့ညှိနှိုင်းပြီး ပြည်သူများ၏ လိုလားချက်များ၊ နစ်နာမှုများအား ကူညီဖြေရှင်းပေးမှုများကို ယခုတစ်ပတ်လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ပါသည်။

# ပြည်သူလူထုကို တရားမျှတစွာ အကာအကွယ်ပေးမယ့် အုပ်ချုပ်ရေးစနစ်ဖြစ်လာဖို့ သက်ဆိုင်ရာများအနေနဲ့ ဥပဒေ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဆောင်ရွက်ပေးဖို့ ကော်မတီက အကြံပြုချက်တွေ ပေးပို့ဆောင်ရွက်လျက်ရှိပါတယ်။

အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း

## အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ၏ ဆောင်ရွက်ချက်များ

ရှင်မင်း
ဓာတ်ပုံ-ကေကေ

ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒဆိုသည့်အတိုင်း အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီအနေဖြင့် ပြည်သူတို့က လွှတ်တော်သို့တင်ပြလာသည့် တိုင်ကြားစာများအပေါ် ကူညီဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီသည် ပြည်သူများမှ တင်ပြလာသော တိုင်ကြားစာများကို သုံးသပ်လေ့လာ၍ ကော်မတီ၏စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများထံ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရန် ပေးပို့ညှိနှိုင်းခြင်းဖြင့် ပြည်သူများ၏လိုလားချက်များ၊ နစ်နာမှုများကို ကူညီဖြေရှင်းပေးလျက်ရှိသည်။

ထိုသို့ ကော်မတီ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**ဦးလှမြင့်(ခ) ဦးလှမြင့်သန်း**
**(ဥက္ကဋ္ဌ၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ)**
**(မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၁)မှ**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)**

ကော်မတီကဆောင်ရွက်ရတဲ့တာဝန် ငါးခုရှိပါတယ်။ တင်ပြလာတဲ့တိုင်စာတွေကို မှန်ကန်မှု ရှိ၊ မရှိစိစစ်ဆေးဖို့၊ မှန်ကန်မှုမရှိတဲ့ တိုင်ကြားစာတွေကို လိုအပ်သလိုပြန်ကြားပေးဖို့၊ ပြည်သူ့အကျိုးစီးပွားကို ထိခိုက်စေတဲ့ကိစ္စရပ်တွေဖြစ်တယ်လို့ လေ့လာတွေ့ရှိရင် လွှတ်တော်ကို မေးခွန်းတွေမေးမြန်းတာ၊ အဆိုတင်သွင်းတာတွေလုပ်ဖို့၊ တရားရုံးက ဆုံးဖြတ်ခြင်းမပြုရသေးတဲ့ကိစ္စတွေမှအပ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းဖြေရှင်းပေးရတာတွေ၊ အကြံပြုပေးတာတွေ ရှိပါတယ်။ နောက်ဆုံးအချက်က ပြည်သူလူထုကို တရားမျှတစွာ အကာအကွယ်ပေးမယ့် အုပ်ချုပ်ရေးစနစ်ဖြစ်လာဖို့၊ အဲဒီအုပ်ချုပ်ရေးစနစ် အကောင်အထည်ဖော်ဖို့အတွက် သက်ဆိုင်ရာများအနေနဲ့ ဥပဒေ အလုန် ထိန်းကျောင်းခြင်းတာဝန်ကို ကော်မတီက လွှတ်တော်ကိုယ်စား တစ်စိတ်တစ်ပိုင်းအနေနဲ့ ထမ်းဆောင်နေပါတယ်။ ဒါဟာ ကော်မတီရဲ့ အဓိကတာဝန် ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီကို တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် တစ်ဦး၊ ပြည်နယ်နဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦး စုစုပေါင်း ၁၅ ဦးနဲ့ ဖွဲ့စည်းထားပြီး ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးမှအပ ကျန် ၁၃ ဦးကို တိုင်ကြားလာတဲ့ အကြောင်းအရာအစု သုံးမျိုးခွဲကာ အုပ်စုသုံးစုခွဲဝေ တာဝန်ပေးထားပါတယ်။ အစုအဖွဲ့(၁) က တရားစီရင်ရေးနှင့် တရားရုံးဆိုင်ရာကိစ္စများ၊ အစုအဖွဲ့ (၂)က ဝန်ထမ်းရေးရာ ကိစ္စများ၊ အစုအဖွဲ့ (၃)က အထွေထွေကိစ္စများဆိုပြီး ခွဲခြားသတ်မှတ် တာဝန်ခွဲဝေဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှာ စတင်ဖွဲ့စည်းခဲ့တဲ့ အချိန်ကစပြီး ရရှိလာတဲ့ တိုင်ကြားစာပါ အကြောင်းအရာတွေကတော့ အကြောင်းအရာအစုံပဲ ဖြစ်ပါတယ်။ မြေယာကိစ္စက အများဆုံးပါ။ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၃၀ ရက်အထိကို လွှတ်တော်ဥက္ကဋ္ဌထံ လိပ်မူပေးပို့လို့ ကျွန်တော်တို့ဆီလွှဲပြောင်းပေးတဲ့ တိုင်ကြားစာပေါင်း ၄၆၆၁ စောင်ရှိပါတယ်။ အစည်းတွေက ပြန်ကြားဖို့ကျန်နေတာ ၂၉ စောင် ရှိပါတယ်။

သမ္မတရုံးဝန်ကြီးဌာနအပါအဝင် ကော်မတီကိုပြန်ကြားဖို့ ကျန်နေတဲ့စာက ၁၃၅ စောင်ရှိပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနက ၆၈ စောင်ပြန်ကြားဖို့ အများဆုံးကျန်နေပါတယ်။ ဒုတိယအများဆုံးပြန်ကြားဖို့ ကျန်နေတာက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ၂၁ စောင်ဖြစ်ပါတယ်။ တတိယပြန်ကြားဖို့ကျန်တာက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဖြစ်ပြီး ၁၆ စောင်ဖြစ်ပါတယ်။ သူတို့ဆီက ဘယ်လိုဆောင်ရွက်ထားတယ်ဆိုတာ ပြန်ကြားလာမှ ကော်မတီကတိုင်ကြားသူတွေထံ အကြောင်းကြားပါတယ်။

ဒီလိုပဲ တိုင်းဒေသကြီးနဲ့ပြည်နယ်က ပြန်ကြားဖို့ကျန်နေတာတွေလည်း ရှိပါတယ်။ စုစုပေါင်း ၆၂၃ စောင် ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ၁၁၈ စောင် အများဆုံးဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးက ၁၀၉ စောင်နဲ့ စစ်ကိုင်းတိုင်းဒေသကြီးက ၉၁ စောင် ဖြစ်ပါတယ်။ ဒီဟာတွေအပေါ်မှာထပ်ပြီး Remind လုပ်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ကော်မတီမှာ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်ကနေ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၃၀ ရက်အထိ ရွက်ပေးသလဲ။ အီးမေးလ်နဲ့ပေးပို့မှုတွေ ရှိသလား ဒါမျိုးတွေမေးပါတယ်။ ကျွန်တော်တို့ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကို ဖြေကြားပေးပါတယ်။ ပြီးတော့ သူကတိုင်ကြားစာထဲမှာ လဝကမှတ်ပုံတင်ကိစ္စကို တိုင်ကြားမှုရှိသလားမေးပါတယ်။ ဒီလိုမေးမြန်းလာမယ်ထင်လို့ တိုင်ကြားစာတွေကို သေချာစိစစ်ထားပါတယ်။ ကျွန်တော်တို့ကော်မတီကို လဝကနဲ့ပတ်သက်ပြီး တိုင်ကြားစာမရှိပါဘူး။ လက်တွေ့အပြင်မှာပြောကြတာ အများကြီးရှိပါတယ်။

ဒါပေမယ့် ရခိုင်ပြည်နယ်မှာဆိုရင် အိန္ဒိယနွယ်ဖွားတွေ၊ မူဆလင်တွေတင်မဟုတ်ပါဘူး။ တိုင်းရင်းသားတွေက မွေးဖွားတဲ့သူတွေတောင် နိုင်ငံသားစိစစ်ရေးကတ်ရဖို့ ခက်ခဲနေတာ ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တချို့က အဘိုး အဘွားနာမည်မသိတာ၊ အချက်အလက်တွေမမှတ်မိတာမျိုး၊ အဘိုးလောက်သိပေမယ့် အဘွားမသိတာမျိုးတွေကြောင့် အခက်အခဲတွေရှိနေကြောင်း ရှင်းပြခဲ့ပါတယ်။

ပြီးတော့ UN အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်က ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကို ပြင်စေချင်တဲ့အကြောင်း ဆွေးနွေးပါတယ်။ ကျွန်တော်တို့ကလည်း ပြန်ပြီးရှင်းပြပါတယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားဖြစ်မှုက တစ်မျိုးတည်းရှိပြီး ၁၉၄၈ ခုနှစ် နိုင်ငံသားဖြစ်မှု ဥပဒေအရ နိုင်ငံသားဖြစ်မှုကလည်း တစ်မျိုးတည်းရှိတယ်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားဖြစ်မှုက နှစ်မျိုးရှိပါတယ်။ သို့သော် ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှု ဥပဒေအရ နိုင်ငံသားဖြစ်မှုက သုံးမျိုးဖြစ်သွားတယ်။ သူကအရင်ကိုယ်စားလှယ်နဲ့မတူဘဲ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်တွင်းအခြေအနေမှန်ကို သိပုံရတယ်ထင်လို့၊ ကျွန်တော်တို့အနေနဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ဖို့ကြိုးစားနေတဲ့အချိန်မှာ အထူးသဖြင့် အနောက်နိုင်ငံတွေအနေနဲ့ ကျွန်တော်တို့သွားနေတဲ့လမ်းကို အဟန့်အတားဖြစ်စေတဲ့ အလုပ်မျိုး မလုပ်မိဖို့၊ ကျွန်တော်တို့နိုင်ငံရဲ့ ပကတိအခြေအနေမှန်ကို သေသေချာချာလေ့လာဖို့လိုတယ်လို့ သူ့ကို ရှင်းလင်း ပြောပြဆွေးနွေးခဲ့ပါတယ်။ သူ့အနေနဲ့လည်း ကျွန်တော်တို့နိုင်ငံအနေနဲ့ တွေ့ကြုံနေတာတွေ၊ အခက်အခဲတွေကို အများကြီးနားလည်တဲ့အကြောင်း၊ ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေကို ပြင်ဖို့လိုတဲ့အကြောင်း ပြန်ပြောပါတယ်။ ကျွန်တော်တို့ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ရပါဦးမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ပြီးမှ ဒီဥပဒေတွေနဲ့ပတ်သက်ပြီး စဉ်းစားရမယ်လို့ ပြန်ပြီးဆွေးနွေးခဲ့ပါတယ်။

စာမျက်နှာ ၁၉ သို့ ★



အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဥက္ကဋ္ဌ ဦးလှမြင့်(ခ) ဦးလှမြင့်သန်းနှင့် အဖွဲ့ဝင်များ တက်ရောက်ကြစဉ်။

လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဆောင်ရွက်ပေးဖို့ကော်မတီက အကြံပြုချက်တွေ ပေးပို့ဆောင်ရွက်လျက်ရှိပါတယ်။

ကော်မတီရဲ့ လုပ်ပိုင်ခွင့်ကတော့ လိုအပ်မယ်ဆိုရင် လွှတ်တော်ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်နဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေက ဖြေကြားနိုင်မယ့် ပုဂ္ဂိုလ်တွေကို မေးမြန်းပိုင်ခွင့်ရှိပါတယ်။ ကျွန်တော်တို့ကော်မတီအနေနဲ့ ကော်မတီကို ပေးပို့တိုင်ကြားလာတဲ့ တိုင်ကြားစာပါကိစ္စတွေဟာ အများပြည်သူအကျိုးကို ထိခိုက်စေမယ့် အကြောင်းအရာတွေဖြစ်နေမယ်ဆိုရင် ကွင်းဆင်းစစ်ဆေးပြီး လေ့လာစိစစ်မှုတွေ ဆောင်ရွက်ပိုင်ခွင့်ရှိပါတယ်။ ကွင်းဆင်းစစ်ဆေးမှုကနေ တွေ့ရှိချက်နဲ့ အကြံပြုချက်တွေကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ ပြန်လည်အစီရင်ခံ တင်ပြရပါတယ်။ တိုင်ကြားစာတွေအပေါ် ပြန်ကြားစာပေးပို့ရတာလည်း ရှိပါတယ်။ ဒါတွေက ကျွန်တော်တို့ကော်မတီက လုပ်ပိုင်ခွင့်ရှိတာတွေပါ။

ကော်မတီကဆောင်ရွက်နေတဲ့တာဝန်တွေနဲ့ပတ်သက်ပြီး အတိအလင်းပြောရရင် လွှတ်တော်ရဲ့တာဝန်သုံးရပ်ထဲက နစ်ခုဖြစ်တဲ့ ပြည်သူကို ကိုယ်စားပြုခြင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ တရားစီရင်ရေးမဏ္ဍိုင်ကို ထိန်းညှိခြင်း၊ အပြန် ကျွန်တော်တို့ကော်မတီကို လိပ်မူပေးပို့တဲ့ တိုင်ကြားစာက ၅၁၂၁ စောင် စုစုပေါင်း ၉၇၈၂ စောင် လက်ခံရရှိခဲ့ပါတယ်။

လယ်ယာမြေနဲ့ အခြားမြေတွေသိမ်းဆည်းခြင်းနဲ့ ပတ်သက်တဲ့ တိုင်ကြားစာတွေအပေါ်မှာ ကျွန်တော်တို့ကော်မတီအနေနဲ့ လက်ခံဆောင်ရွက်လို့ မရပါဘူး။ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ကော်မတီကို ပို့ရပါတယ်။ တိုင်ကြားစာတွေထဲမှာ သတ်မှတ်ချက်နဲ့မကိုက်ညီလို့၊ မပြည့်စုံလို့ အရေးယူလို့မရတဲ့ တိုင်ကြားစာပေါင်း ၃၈၀၇ စောင် ရှိပါတယ်။ တိုင်ကြားသူတွေထံ ပြန်ကြားပေးတဲ့စာက ၇၇၀ စောင်ရှိပါတယ်။ ကွင်းဆင်းစစ်ဆေးမှုက ၅၉ စောင် ရှိပါတယ်။ ကွင်းဆင်းစစ်ဆေးတဲ့အကြိမ်က ၂၆ ကြိမ် ဖြစ်ပါတယ်။

ကွင်းဆင်းစစ်ဆေးခဲ့တဲ့ ပြည်နယ်တွေက ကရင်၊ မွန်နဲ့ ရခိုင်ပြည်နယ်တို့ဖြစ်ပြီးတော့ တိုင်းဒေသကြီးတွေက ရန်ကုန်၊ ပဲခူး၊ မန္တလေး၊ စစ်ကိုင်းနဲ့ ဧရာဝတီတို့ဖြစ်ပါတယ်။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၊ ဝန်ကြီးဌာနတွေနဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်တွေကို ပေးပို့ခဲ့ရာမှာ အဲဒီအဖွဲ့ ကော်မတီအစည်းအဝေးပေါင်း ၉၁ ကြိမ် ကျင်းပခဲ့ပါတယ်။

ကွင်းဆင်းစစ်ဆေးတဲ့အပြင် တိုင်ကြားစာတွေနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် (I-18) ရေးရာဆောင် အပေါ်ထပ်မှာ ကြားနာမှုငါးကြိမ် ပြုလုပ်ခဲ့ပါတယ်။

ကော်မတီက လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ၂၀၁၇ ခုနှစ်မှာ နှစ်ကြိမ်၊ ၂၀၁၈ ခုနှစ်မှာ နှစ်ကြိမ်၊ ၂၀၁၉ ခုနှစ်မှာတစ်ကြိမ် အမျိုးသားလွှတ်တော်ကိုတင်ပြနိုင်ခဲ့ပါတယ်။

နောက်ပြီး ကော်မတီကို နိုင်ငံတကာအဖွဲ့အစည်းတွေကနေ လာရောက်တွေ့ဆုံတာတွေရှိပါတယ်။ Scholar Wilson Asia Foundation Center ၊ WFD အစီအစဉ်နဲ့ ယူကေအထက်လွှတ်တော်အမတ် Mr.Lord Malcolm Brue၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs.Christine Schraner Burgener တို့နဲ့ တွေ့ဆုံမှုတွေ ရှိပါတယ်။

ဒီလိုတွေ့ဆုံမှုမှာ သူတို့အနေနဲ့ စိတ်ဝင်တစား မေးမြန်းတာတွေလည်း ရှိပါတယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နဲ့ တွေ့ဆုံတဲ့အခါ ကျွန်တော်တို့ကော်မတီကို ဘယ်လိုတိုင်ကြားစာမျိုးတွေရောက်ရှိသလဲ၊ တိုင်ကြားစာတွေအပေါ် ဘယ်လိုဆောင်

**၂၀၁၉ ခုနှစ် နိုဝင်ဘာ ၃၀ ရက်အထိကို လွှတ်တော်ဥက္ကဋ္ဌထံ လိပ်မူပေးပို့လို့ ကျွန်တော်တို့ဆီ လွှဲပြောင်းပေးတဲ့ တိုင်ကြားစာပေါင်း ၄၆၆၁ စောင်ရှိပါတယ်။ ကျွန်တော်တို့ ကော်မတီကို လိပ်မူပေးပို့တဲ့ တိုင်ကြားစာက ၅၁၂၁ စောင် စုစုပေါင်း ၉၇၈၂ စောင် လက်ခံရရှိခဲ့ပါတယ်။**

★ စာမျက်နှာ ၁၈ မှ



အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Schraner Burgener တို့ တွေ့ဆုံဆွေးနွေးကြစဉ်။

အလားတူပဲ ယူကေအထက်လွှတ်တော်အမတ်ကလည်း တိုင်ကြားစာနဲ့ပတ်သက်ပြီး အများကြီး ဆွေးနွေးပါတယ်။ ကျွန်တော်တို့ဘက်ကလည်း သူတို့ဆီမှာ တိုင်ကြားစာတစ်စောင်ကို အချိန်ဘယ်လောက်ယူသလဲ မေးမြန်းကြည့်ပါတယ်။ သူတို့က နှစ်ရက်၊ သုံးရက်ပဲကြာတယ်လို့ ပြောပါတယ်။ ကျွန်တော်တို့ဆီမှာ အမြန်ဆုံး နှစ်လ၊ သုံးလလောက်ကြာပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ဆီမှာ အားလုံးအီးမေးလ်သုံးတဲ့စနစ် မရှိသေးဘူး။ အားလုံးအီးမေးလ်သုံးကြရင်တော့ မြန်သွားမယ်လို့ ထင်မြင်ကြောင်း ပြန်လည်ရှင်းပြခဲ့ပါတယ်။

တိုင်ကြားစာကော်မတီရဲ့ စိစစ်တွေ့ရှိချက်နဲ့ အကြံပြုချက်တွေအရ ၂၀၁၉ ခုနှစ် ဇွန် ၃၀ ရက်အထိ ပြည်ထဲရေးဝန်ကြီးဌာနက အရာထမ်းနဲ့ အမှုထမ်း စုစုပေါင်း ၁၀ ဦးကို အရေးယူခဲ့ပြီး နေပြည်တော်ကောင်စီက တစ်ဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အမှုထမ်း သုံးဦး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အရာထမ်းနဲ့ အမှုထမ်း စုစုပေါင်း ငါးဦး၊ ပညာရေးဝန်ကြီးဌာနက အမှုထမ်းနှစ်ဦး၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က အရာထမ်းနဲ့အမှုထမ်း စုစုပေါင်းလေးဦး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့က အမှုထမ်းတစ်ဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဝန်ထမ်းတစ်ဦးနှင့် ရှေ့နေတစ်ဦးတို့ကို ဥပဒေတွေနဲ့အညီ အရေးယူခဲ့ပါတယ်။

ဝန်ထမ်းအဖြစ်က ထုတ်ပယ်ခံရသူတစ်ဦးကို ကရုဏာကြေးနဲ့ ပင်စင်ပြန်ရအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးစစ်ချက်လွဲလို့ ကျောင်းဆက်တက်ခွင့်မရတဲ့ တက္ကသိုလ်ကျောင်းသားတစ်ဦးကို ကျောင်းဆက်တက်ခွင့်ရအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဝါးဘိုးချောင်းကျေးရွာက တောင်သူတွေရဲ့မြေကို ကုမ္ပဏီက သိမ်းဆည်းတဲ့ကိစ္စမှာ တောင်သူတွေဆန္ဒနဲ့အညီ လျော်ကြေးငွေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း သစ်ခိုးထုတ်တဲ့ကိစ္စ တိုင်ကြားလာလို့ ကော်မတီရဲ့အကြံပြုချက်အရ နေပြည်တော်ကောင်စီက စိစစ်ဆောင်ရွက်ခဲ့ရာမှာ လူပုဂ္ဂိုလ်ငါးဦးကို ထောင်ဒဏ်အပြစ်ပေးနိုင်ခဲ့ပြီး ဖိုမ်ခံကားငါးစီးနဲ့ သစ်တင်ယာဉ်ခြောက်ဘီးကားတစ်စီးကို သိမ်းဆည်းနိုင်ခဲ့ပါတယ်။

ကော်မတီက ကွင်းဆင်းစစ်ဆေးရာမှာ မမှန်မကန်တိုင်တဲ့ကိစ္စ သုံးခုတွေ့ခဲ့ရပါတယ်။ ပြည်သူထဲက နစ်နာမှု တကယ်ရှိရင် အချက်အလက်၊ အထောက်အထားအပြည့်အစုံနဲ့ သေသေချာချာ၊ နာမည်မှန်၊ လိပ်စာမှန်၊ နိုင်ငံသားစိစစ်ရေးကတ်နံပါတ်အမှန်တွေနဲ့ တိုင်စေချင်ပါတယ်။ တချို့တိုင်ကြားစာရေးတဲ့သူတွေက တိုင်စာကို အဖုံးအကောင်းစားတွေနဲ့ လုပ်ကြပါတယ်။ အဲဒီလိုလုပ်စရာမလိုပါဘူး။ တံဆိပ်ခေါင်းကပ်စရာလည်း မလိုပါဘူးဆိုတာကို ပြည်သူကို ပြောပြချင်ပါတယ်။

**ဦးဝင်းကြိုင် (အတွင်းရေးမှူး၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ)**
**(ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)**

ကျွန်တော်တို့ကော်မတီကို ပြည်သူတွေအများဆုံး တိုင်ကြားပေးပို့တဲ့ တိုင်ကြားစာကတော့ လယ်ယာမြေနဲ့ အခြားမြေ သိမ်းဆည်းခံရမှုတွေ ဖြစ်ပါတယ်။ လယ်ယာမြေနဲ့ အခြားမြေတွေ သိမ်းဆည်းခံရတာရှိတယ်။ လယ်ယာမြေနဲ့ပတ်သက်တဲ့ စီမံခန့်ခွဲမှုအပိုင်းမှာ လွဲမှားလို့ နစ်နာတဲ့အတွက် တိုင်ကြားတာတွေရှိတယ်။ အဓိကကတော့ လယ်ယာမြေနဲ့ပတ်သက်တဲ့ တိုင်ကြားစာက အများဆုံးပါ။

တခြားတိုင်ကြားစာတွေကတော့ ပုဂ္ဂလိကနစ်နာလို့၊ ဆုံးရှုံးလို့ တစ်ဦးနှင့်တစ်ဦး တိုင်ကြားစာ၊ တရားစီရင်ရေးနဲ့ပတ်သက်တဲ့ တိုင်ကြားစာတွေလည်း ရှိပါတယ်။ ဝန်ကြီးဌာနနဲ့ပတ်သက်ပြီး တိုင်ကြားတာတွေလည်း ရှိပါတယ်။ ဒါတွေက တိုင်ကြားစာနဲ့ ပတ်သက်တာတွေပါ။

ဒီလိုတိုင်ကြားစာတွေနဲ့ ပတ်သက်ပြီး ကော်မတီအနေနဲ့ ဆောင်ရွက်ပေးလို့မရတဲ့ တိုင်ကြားစာမျိုးတွေရှိပါတယ်။ တိုင်ကြားလိုတဲ့အကြောင်းအရာနဲ့ ပတ်သက်တဲ့ အချက်အလက် အပြည့်အစုံမပါတာမျိုး၊ တိုင်ကြားပေးမယ့် ကာယကံရှင်ရဲ့ လက်မှတ်မပါတာမျိုးတွေရှိရင် ဆောင်ရွက်ပေးလို့ မရပါဘူး။

ပြည့်စုံတဲ့တိုင်ကြားစာတွေကိုတော့ ကျွန်တော်တို့ဘက်က သေချာစိစစ်ပြီးတော့ တိုင်ကြားစာနဲ့ပတ်သက်ပြီး ဆောင်ရွက်ပေးလို့ရအောင် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတွေ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေဆီကို တိုက်ရိုက်ပေးပို့ပါတယ်။

ဒီနေရာမှာ အားနည်းချက်က ဘာလဲဆိုရင် ကျွန်တော်တို့ဆီကပေးပို့လိုက်တဲ့ အမှုတွေနဲ့ပတ်သက်လို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက မြန်မြန်ဆန်ဆန် ပူးပေါင်းပါဝင်မှု အားနည်းတာကို တွေ့ရပါတယ်။ ပူးပေါင်းဆောင်ရွက်မှုရှိပါတယ်။ ဒါပေမယ့် တုံ့ပြန်မှုကအားနည်းတယ်။ ကျွန်တော်တို့လိုလားတဲ့ ရာခိုင်နှုန်းမရဘူး။

ပြည်သူတွေအနေနဲ့ တိုင်ကြားစာပေးပို့မယ်ဆိုရင် သတ်မှတ်ထားတဲ့ စည်းကမ်းချက် ၁၁ ချက်ရှိပါတယ်။ ကော်မတီက အရေးယူဆောင်ရွက်ခြင်းမပြုတဲ့ တိုင်ကြားစာ ၁၁ မျိုး ရှိတယ်။ ပထမဦးဆုံးအချက်က နိုင်ငံတော်သမ္မတထံ လိပ်မူပြီးတော့ ကျွန်တော်တို့ကော်မတီကို မိတ္တူပေးပို့ရင် အရေးယူဆောင်ရွက်လို့ မရပါဘူး။ နှစ်အချက်က နိုင်ငံတော်သမ္မတ၊ တခြားဝန်ကြီးဌာနတွေနဲ့ လိပ်စာတစ်ပြိုင်တည်း ပေးပို့ရင်လည်း ဆောင်ရွက်လို့ မရပါဘူး။ သုံးအချက်က တရားရုံးမှာ ရင်ဆိုင်ဆဲ၊ ဆောင်ရွက်ဆဲအမှုတွေကိုလည်း ဆောင်ရွက်ပေးလို့ မရပါဘူး။ လေးအချက်က ကာယကံရှင်ကိုယ်တိုင် တရားစွဲဆိုရမယ့် ကိစ္စတွေ၊ အချင်းချင်းဖြစ်တဲ့ တရားမနစ်နာမှု၊ ငွေကြေးကိစ္စ၊ ကိုယ်တိုင်တရားလိုပြုလုပ်ပြီး တရားစွဲဆိုရမယ့် ကိစ္စတွေ၊ ကျူးကျော်တဲ့ကိစ္စမျိုးတွေ တိုင်ကြားတဲ့အခါ ကာယကံရှင်ကိုပြန်ပြီး တရားရုံးမှာ တရားစွဲဆိုဆောင်ရွက်ဖို့ ညွှန်ကြားရတာမျိုးတွေ ရှိပါတယ်။

နောက်တစ်ချက်က တိုင်ကြားစာမှာ တိတိကျကျ အကြောင်းအရာမပါဘဲ ယေဘုယျဆန်ဆန် ရေးသားထားတာ၊ ဘယ်အကြောင်းကြောင့် နစ်နာမှုဖြစ်တာလဲဆိုတာ မပေါ်လွင်တာမျိုးတွေကို အရေးယူဆောင်ရွက်လို့မရပါဘူး။ ပြီးတော့ စိတ်ထဲမှာထင်ရာမြင်ရာတွေ ရေးသားတာမျိုး၊ သိသာရန် ပေးပို့ပါသည်ဆိုပြီး ရေးသားပေးပို့တာမျိုးတွေ ဒါတွေမှာ အရေးယူဆောင်ရွက်ပေးလို့မရပါဘူး။

နောက်တစ်ခုက တိုင်ကြားသူလက်မှတ်၊ အမည်၊ မှတ်ပုံတင် တိတိကျကျမပါတဲ့ ပစ်စာတွေကိုလည်း ဆောင်ရွက်ပေးလို့ မရပါဘူး။ အကြံပြုစာတွေအပေါ်မှာလည်း ဆောင်ရွက်လို့ မရပါဘူး။

ပြီးတော့ သိမ်းဆည်းခံလယ်ယာမြေနဲ့ပတ်သက်ပြီး ကျွန်တော်တို့ကော်မတီက တိုက်ရိုက်ဆောင်ရွက်ပေးလို့ မရပါဘူး။ လယ်ယာမြေနဲ့ အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးဗဟိုကော်မတီကို ဒုတိယသမ္မတ ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ ဗဟိုကော်မတီလည်း ရှိနေတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ ဝန်ကြီးချုပ်တွေ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ စိစစ်ရေးကော်မတီတွေလည်း ရှိပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့ကော်မတီအနေနဲ့ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုကို တိုက်ရိုက် အရေးယူခြင်း မရှိပါဘူး။ နောက်ဆုံးအချက်က ပွဲစားသဏ္ဌာန် ကြားထဲကလူတစ်ဦးက ရေးပေးတဲ့စာမျိုးတွေ၊ ကိုယ်စားလှယ်လွှဲစာမပါဘဲ ရေးသားပေးပို့တာတွေကို ဆောင်ရွက်ပေးလို့ မရပါဘူး။

ပြည့်စုံတဲ့ တိုင်ကြားစာတွေအပေါ်မှာတော့ ကော်မတီအနေနဲ့ သေချာစိစစ်ပြီးတော့ နစ်နာမှုတွေမဖြစ်အောင် ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ကော်မတီအနေနဲ့ တိုင်ကြားစာတစ်စောင်ရောက်လာပြီဆိုရင် ဝင်စာစာရင်းသွင်းပါတယ်။ တစ်နေ့စာတစ်နေ့တင်ပြလာတဲ့ ဝင်စာတွေကို ကဏ္ဍတွေခွဲဝေပါတယ်။ ပြီးရင် ကော်မတီဝင်တွေမှာ သတ်မှတ်ခွဲခြားထားတဲ့တာဝန်တွေရှိပါတယ်။ ကိုယ့်တာဝန်နဲ့သက်ဆိုင်တဲ့ ကိစ္စရပ်တွေကို သက်ဆိုင်ရာကော်မတီဝင်တွေက သေချာစိစစ်ပြီး စိစစ်တွေ့ရှိချက်တွေကို ရေးသားပေးပါတယ်။ ပြီးရင် သက်ဆိုင်ရာအဖွဲ့အစည်းတွေဆီကို အကြံပြုချက်နဲ့ ပေးပို့ပါတယ်။

သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တွေက ကျွန်တော်တို့ပေးပို့တဲ့ တိုင်ကြားစာတွေနဲ့ပတ်သက်ပြီး မြန်မြန်ဆန်ဆန်ဖြစ်အောင် အရေးကြီးရင် ကြီးသလို Remind လုပ်ပါတယ်။ ဒါမှမဟုတ် လွှတ်တော်မှာ မေးခွန်းအဖြစ် မေးမြန်းပေးတာမျိုးလည်း ရှိပါတယ်။ တိုင်ကြားစာတွေနဲ့ပတ်သက်ပြီး ကွင်းဆင်းစစ်ဆေးတာမျိုးတွေ ရှိတယ်။

ဒီတိုင်ကြားစာတွေနဲ့ပတ်သက်ပြီး ကြားနာမှုလုပ်တာတွေလည်း ရှိပါတယ်။ ကျွန်တော်တို့ကော်မတီ စတင်ဆောင်ရွက်ချိန်ကစပြီး အခုအချိန်အထိကြားနာမှု ငါးကြိမ် လုပ်ခဲ့ပါတယ်။ အဓိကကတော့ ပြည်သူတွေအနေနဲ့ ကိုယ့်မှာ အမှန်တကယ်နစ်နာမှုဖြစ်ပေါ်နေပြီဆိုရင် ကျွန်တော်တို့ကော်မတီက ဥပဒေနည်းလမ်းနဲ့အညီ ဖြစ်ရေး ညှိနှိုင်းကူညီဆောင်ရွက်ပေးနေပါတယ်။ ရာနှုန်းပြည့် မကူညီနိုင်သေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လက်ရှိအချိန်က ပြုပြင်ပြောင်းလဲရေးတွေ ဆောင်ရွက်နေတဲ့ အချိန်မှာ ဝန်ကြီးဌာနတွေ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအနေနဲ့ တာဝန်တွေ များပြားတဲ့အတွက် ပြန်လည်တုံ့ပြန်ရတာ နှောင့်နှေးတာလို့ထင်ပါတယ်။ ဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေက လျင်မြန်သွက်လက်စွာနဲ့ တိုင်ကြားစာတွေအပေါ်မှာထိထိရောက်ရောက်ပြန်ကြားလာရင် ကျွန်တော်တို့အနေနဲ့ ဒီထက်ပိုပြီး ကူညီနိုင်မယ်လို့ ယူဆပါတယ်။



အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်သို့ ကွင်းဆင်းလေ့လာ စိစစ်ကြားနာမှု ပြုလုပ်စဉ်။

## နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၏ (၉)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံကြီး၌ ကျင်းပခဲ့ကြောင်း သိရသည်။

**အားပေးစကားပြောကြား**

အခမ်းအနားတွင် တပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး လှိုင်ကျော်မြင့်နှင့်တပ်ဖွဲ့ဝင် ၆၅ ဦးက စုပေါင်းသွေးလှူဒါန်းကြရာ အမှတ်(၁) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်မြင့်တိုးနှင့်



တာဝန်ရှိသူများက သွေးလှူဒါန်းသည့် အရာရှိ/အခြားအဆင့် တပ်ဖွဲ့ဝင်များ အား အားပေးစကားပြောကြားခဲ့ ကြောင်း သိရသည်။

ရဲပြန်ကြား

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
အခြေခံပညာဦးစီးဌာန နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော
ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(ရေကြည်မြို့)
၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ( ၂၄ ၊ ၂၅ )ရက် ၊ ( သောကြာ ၊ စနေ )နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
ပြည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
တောတသီရိခန်းမ ၊ အ.ထ.က ၊ ရေကြည်မြို့။

# ၁၈ နှစ်အရွယ် ဘရာဇီးကွင်းလယ်ကစားသမား ရေနီယာဂျီးဆပ်ကို ပြောင်းရွှေ့ကြေးပေါင် ၂၆ သန်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်း ခေါ်ယူ

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းဟာ အသက် ၁၈ နှစ်အရွယ်ရှိ ဘရာဇီးကွင်းလယ်ကစားသမား ရေနီယာဂျီးဆပ်ကို ပြောင်းရွှေ့ကြေးပေါင် ၂၆ သန်းနဲ့ ခေါ်ယူလိုက်ပြီ ဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား ရေနီယာဂျီးဆပ်ဟာ စပိန်လာလီဂါထိပ်တန်းကလပ် ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ခြောက်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့နှစ် ဇူလိုင် ၃၁ ရက်မှာ ဘရာဇီးကလပ် ဖလာမန်းဂိုးအသင်းနဲ့ စတင်ပွဲထွက် ကစားခွင့်ရရှိခဲ့သူဖြစ်ပါတယ်။

ရေနီယာဂျီးဆပ်ဟာ ဘရာဇီးကလပ် ဖလာမန်းဂိုးအသင်းနဲ့အတူ ပြီးခဲ့တဲ့ဘောလုံးရာသီက ဘရာဇီးလိဂ်ဖလားကို ရယူဆွတ်ခူးပေးနိုင်ခဲ့သူ ဖြစ်ပါတယ်။ ကွင်းလယ်ကစားသမား ရေနီယာဂျီးဆပ်ဟာ ၂၀၁၈ ခုနှစ်က ကျင်းပခဲ့တဲ့ အသက် ၁၆ နှစ်အောက် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဒူဘိုင်းအသင်းရဲ့ ထိပ်တန်းဂိုးသွင်းရှင်ဖြစ်ခဲ့ပြီး ဒီဇင်ဘာလအတွင်းက ကာတာမှာကျင်းပခဲ့တဲ့ ကမ္ဘာ့ကလပ်အသင်းများ ဖလားပြိုင်ပွဲမှာ ဖလာမန်းဂိုးအသင်းနဲ့အတူ ပါဝင် ကစားခွင့်ရရှိခဲ့သူဖြစ်ပါတယ်။

ရေနီယာဂျီးဆပ်ဟာ အဲဒီပြိုင်ပွဲရဲ့ နောက်ဆုံး ဗိုလ်လုပွဲစဉ်မှာ လီဗာပူးအသင်းနဲ့ ထိပ်တိုက်တွေ့ဆုံ ခဲ့ချိန်မှာတော့ ပါဝင်ပွဲထွက်ကစားခွင့် မရရှိခဲ့ပါဘူး။



## အင်ဒရာနှင့် ရန်ကုန်အသင်းတို့ကစားမည့် AFC CUP ခြေစစ်ပွဲ ပွဲကြိုသတင်းစာရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၂၁

၂၀၂၀ AFC CUP ပြိုင်ပွဲခြေစစ်ပွဲအဖြစ် ဘရူနိုင်းကလပ် အင်ဒရာအသင်းနှင့် မြန်မာကလပ် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး ယင်းပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက ဘရူနိုင်းနိုင်ငံ၌ ကျင်းပရာ နှစ်ဖက်အသင်းနည်းပြချုပ်နှင့် အသင်းခေါင်းဆောင်တို့ တက်ရောက်ခဲ့သည်။

အင်ဒရာအသင်းနှင့် ရန်ကုန်အသင်းတို့သည် ဇန်နဝါရီ ၂၂ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီ ၄၅ မိနစ်တွင်ဘရူနိုင်းနိုင်ငံ၌ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ ခြေစစ်ပွဲကို နှစ်ကျော့ကစားရမည်ဖြစ်ပြီး ရန်ကုန်အသင်းသည် နောက်ဆုံးအဆင့်သို့ တက်ရောက်ခွင့်ရရန် ဘရူနိုင်းကလပ်ကို ကျော်ဖြတ်ရမည် ဖြစ်သည်။

ရန်ကုန်အသင်းနည်းပြချုပ် ဦးတင်မောင်ထွန်းက '' နှစ်ကျော့ကစားရမှာဖြစ်တဲ့အပြင် ပထမအကျော့ကို အဝေးကွင်းမှာကစားရမှာ ဖြစ်တာကြောင့် ကျွန်တော်တို့အတွက် အခွင့်အရေးပိုရှိပြီး အကောင်းဆုံးအသုံးချသွားမှာပါ''ဟု ပြောသည်။

အင်ဒရာအသင်းနည်းပြချုပ် အမီရာလာနီက ''ကျွန်တော်တို့အသင်းအတွက် AFC CUP ပြိုင်ပွဲမှာ ပထမဆုံးယှဉ်ပြိုင်ခွင့်ရတာ ဖြစ်ပါတယ်။ ဘရူနိုင်းဘောလုံးလောကအတွက်လည်း သမိုင်းတစ်ခုဖြစ်ပါတယ်။ ဒီပွဲမှာ ရလဒ်ကောင်းဖို့ ရာနှုန်းပြည့်ပြင်ဆင်ထားပါတယ်''ဟု ပြောသည်။ ရှိုင်းထက်ဇော်



# တိုက်စစ်မှူး ဆာမက်တာကို ပေါင်သန်း ၁၀ ဖြင့် အက်စ်တွန်ဗီလာအသင်း ခေါ်ယူ

ဂျန့်အသင်းမှ တန်ဇန်းနီးယားတိုက်စစ်မှူး ဆာမက်တာကို အက်စ်တွန်ဗီလာအသင်းက ပြောင်းရွှေ့ကြေးပေါင်သန်း ၁၀ နဲ့ ခေါ်ယူလိုက်ပြီ ဖြစ်ပါတယ်။ အသက် ၂၇ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဆာမက်တာဟာ အက်စ်တွန်ဗီလာအသင်းနဲ့ လေးနှစ်ခွဲသက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုပြီး ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

ဆာမက်တာဟာ အခုနှစ်ဘောလုံးရာသီမှာ ဂျန့်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ်မှာ သွင်းဂိုး ၁၀ ဂိုးအထိသွင်းယူပေးနိုင်ခဲ့ပြီး ဂျန့်အသင်းနဲ့ လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာလည်း ဂျန့်အသင်းအတွက် တစ်ဂိုးသွင်းယူပေးခဲ့ပါတယ်။

တိုက်စစ်မှူး ဆာမက်တာဟာ ပရီမီယာလိဂ်မှာ ကစားခွင့်ရရှိခဲ့တဲ့ တန်ဇန်းနီးယားနိုင်ငံရဲ့ ပထမဆုံးကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။ အက်စ်တွန်ဗီလာအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်သုံးပွဲမှာ တိုက်စစ်မှူးမပါဘဲ ကစားခဲ့ရတာဖြစ်ပါတယ်။ အသင်းအတွက် အားထားရတဲ့ ဘရာဇီးတိုက်စစ်မှူး ဝက်စ်လေဟာ အခု ၂၀၂၀ ပြည့်နှစ်ရဲ့ နှစ်သစ်အစ အက်စ်တွန်ဗီလာအသင်းနဲ့ ဘန်လေအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်မှာ ဒူးဒဏ်ရာရရှိခဲ့တာကြောင့် ရာသီကုန်အထိ အနားယူရမှာလည်း ဖြစ်ပါတယ်။

အက်စ်တွန်ဗီလာအသင်းရဲ့ နောက်ထပ်တိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ ဂျိုနက်သန်ကိုဂျီယာကလည်း ကာတာကလပ်အယ်လ်ဂါရာဖာအသင်းဆီကို ပြောင်းရွှေ့သွားခဲ့တာလည်းဖြစ်ပါတယ်။ ဒါကြောင့် တိုက်စစ်ပိုင်းအားဖြည့်တဲ့အနေနဲ့ ဂျန့်အသင်းရဲ့ တိုက်စစ်မှူး ဆာမက်တာကို ခေါ်ယူခဲ့တာလည်း ဖြစ်ပါတယ်။

ငွေကြယ် – ရေးသားသည်

## အနုပညာ

# ဝိညာဉ်ဖြစ်နေတဲ့ မိခင်တစ်ဦးအဖြစ် တွေ့မြင်ရမယ့် ကင်တေဟီး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ကင်တေဟီးဟာ သုံးနှစ်ခန့် ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ရုပ်သံဇာတ်လမ်းတွဲတစ်ခုမှာ ပါဝင်ထားတာ ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာ ကင်တေဟီးရဲ့ ဇာတ်ကောင်ဟာ ဝိညာဉ်ဖြစ်နေတဲ့ မိခင်တစ်ဦး ဖြစ်ပြီး သူ့ရဲ့ရင်သွေးကို ဝိညာဉ်ဘဝနဲ့ စောင့်ရှောက်နေတာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကင်တေဟီးဟာ tvN ရုပ်သံလိုင်းမှ ရိုက်ကူးထုတ်လုပ်သွားမယ့် “HI BYE, MAMA!” လို့ အမည်ရတဲ့ ဇာတ်လမ်းတွဲမှာ ပါဝင်ထားတာ ဖြစ်ပါတယ်။ အဆိုပါ ဇာတ်လမ်းတွဲဟာ ပြီးခဲ့တဲ့ သုံးနှစ်တာကာလအတွင်း ပထမဆုံးရိုက်ကူးတဲ့ ကင်တေဟီးရဲ့ ရုပ်ရှင်ဖြစ်ပါတယ်။ ကင်တေဟီးဟာ ရိန်းနဲ့ လက်ထပ်ခဲ့ပြီးနောက် ရင်သွေးလေးနှစ်ဦး ဖွားမြင်ခဲ့ပြီး လတ်တလောမှာမှ ရုပ်သံဇာတ်လမ်းတွဲနဲ့ ပရိသတ်ရှေ့ ပြန်လည်ပေါ်ထွက်လာခဲ့တာ ဖြစ်ပါတယ်။

“HI BYE, MAMA!”မှာ ကင်တေဟီးဟာ ချာယူရီအဖြစ် ပါဝင်ထားတာပါ။ ချာယူရီဟာ ယာဉ်တိုက်မှုတစ်ခုအတွင်း ကွယ်လွန်ခဲ့ပြီး ဝိညာဉ်အဖြစ် မိသားစုဆီ ပြန်လည်လာရောက်ခွင့် ရရှိခဲ့ပါတယ်။ သမီးဖြစ်သူကို စောင့်ရှောက်ရင်း သမီးအနားမှာ ၄၉ ရက်ကြာ နေထိုင်ခွင့်ရခဲ့သူလည်း ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာ မိခင်မေတ္တာကို တွေ့မြင်ခံစားရမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။



ဒီဇာတ်လမ်းတွဲမှာ ပါဝင်ဖြစ်ခဲ့တာနဲ့ ပတ်သက်ပြီး ကင်တေဟီးက သူ့အနေနဲ့ သမီးလေးကို မွေးဖွားခဲ့ပြီးဖြစ်တာကြောင့် ချာယူရီရဲ့ဇာတ်ကောင်စရိုက်ကို အပြည့်အဝနားလည်ကြောင်း၊ ချာယူရီအဖြစ် ပါဝင်သရုပ်ဆောင်ရာမှာလည်း သူ့ရဲ့ ခံစားချက်အချို့ကို လည်း ထည့်သွင်းခဲ့ကြောင်း၊ အချို့နေရာတွေမှာ သူ့ရဲ့ အပြောအဆို၊ အပြုအမူတွေကို သဘာဝကျကျ ထည့်သွင်းသရုပ်ဆောင်ခဲ့ကြောင်းလည်း ကင်တေဟီးက ပြောကြားခဲ့ပါတယ်။

အဆိုပါဇာတ်လမ်းတွဲကို လာမယ့် ဖေဖော်ဝါရီလအတွင်း စတင်ထုတ်လွှင့်သွားမှာ ဖြစ်ကြောင်းလည်း သိရပါတယ်။

# အသက်အန္တရာယ်နဲ့ အကြိမ် ၂၀၀ ခန့် ကြုံတွေ့ခဲ့ရကြောင်း ဂျက်ကီချန်းပြောကြား

ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ဂျက်ကီချန်းက စတန့်မင်းသားနဲ့ ကိုယ်ခံပညာမင်းသားတစ်ဦးအဖြစ် ၄၃ နှစ်ကျော် ကျင်လည်ခဲ့တဲ့အတောအတွင်း သူ့အနေနဲ့ အသက်အန္တရာယ်နဲ့ အကြိမ် ၂၀၀ ကျော် တွေ့ကြုံခဲ့ရကြောင်း မီဒီယာတွေရဲ့မေးမြန်းချက်ကို ပြန်လည်ဖြေကြားခဲ့တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျက်ကီချန်းဟာ အန္တရာယ်ရှိတဲ့ စွန့်စားခန်းတွေမှာလည်း ကိုယ်တိုင်သရုပ်ဆောင်လေ့ရှိသူပါ။ အသက် ၁၇ နှစ်အရွယ်ကတည်းက စတန့်ပြကွက်တွေမှာ ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။ နောက်ဆုံးအနေနဲ့ တရုတ်ရုပ်ရှင် “VANGUARD”မှာ ပါဝင်သရုပ်ဆောင်ထားပါတယ်။

ဂျက်ကီချန်းကို အေးရှားဝမ်းဒေ့ါကွန်းက အီးမေးလ်မှတစ်ဆင့် ဆက်သွယ်ကာ အနုပညာသက်တမ်းတစ်လျှောက် အသက်အန္တရာယ်နဲ့ တွေ့ကြုံခဲ့ရတဲ့ အကြိမ်အရေအတွက်ကို မေးမြန်းခဲ့ရာ မင်းသားက “အကြိမ်ကြိမ်ဖြစ်ခဲ့ပါတယ်။ တစ်ခါတလေ ရုပ်ရှင်တစ်ကားထဲမှာတောင် အကြိမ်များစွာ ကြုံခဲ့ရပါတယ်။ ငယ်ရွယ်တဲ့အချိန်မှာ ပိုပြီးကြုံခဲ့ရလေ့ရှိပါတယ်။ ဒါကြောင့် အကြိမ် ၂၀၀ ကျော်လောက်တော့ရှိပါတယ်”ဟု တရုတ်လို ပြန်လည်ရေးသားပေးပို့ခဲ့တယ်လို့ သိရပါတယ်။

# နှစ်သစ်မှာ ပိုမိုပျော်ရွှင်လိုကြောင်း လီဆာပြောကြား

ကျော်ကြားတဲ့ ကေပေ့ါပ်တေးသံရှင်တစ်ဦးဖြစ်သူ လီဆာဟာ ကေပေ့ါပ်အမျိုးသမီးတေးဂီတအဖွဲ့ BLACK PINK ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ သူဟာ ELLE KOREA ရဲ့ ဖေဖော်ဝါရီလထုတ်မဂ္ဂဇင်းမှာ မျက်နှာဖုံးရှင်အဖြစ် ဖော်ပြခြင်းခံခဲ့ရပြီး အဆိုပါမဂ္ဂဇင်းမှာပါဝင်တဲ့ သူ့ရဲ့အင်တာဗျူးမှာ ၂၀၂၀ ပြည့်နှစ်အတွင်း ပိုမိုပျော်ရွှင်လိုကြောင်း ဖြေကြားခဲ့တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လီဆာက ယင်းမဂ္ဂဇင်းမှာပါဝင်တဲ့ အင်တာဗျူးမှာ အခြားသောအဖွဲ့ဝင်တွေရဲ့အကြောင်း၊ သူ့ကိုပျော်ရွှင်စေတဲ့အကြောင်းအရာတွေနဲ့ နှစ်သစ်မှာ သူလိုချင်တဲ့အရာကိုလည်း ထည့်သွင်းပြောကြားထားတယ်လို့ သိရပါတယ်။ လီဆာက သူ့ရဲ့ကြောင်လေးကို ဖက်လိုက်တဲ့အချိန်မှာ ပျော်ရွှင်မှုတွေ ပြန်လည်ခံစားရကြောင်းနဲ့ နှစ်သစ်မှာ သူလိုချင်တဲ့အရာ အထွေအထူးမရှိပေမယ့် ၂၀၂၀ ပြည့်နှစ်မှာ ပိုမိုပျော်ရွှင်လိုကြောင်းလည်း ပြောကြားထားပါတယ်။ ဒါ့အပြင် အင်တာဗျူးမှာ လီဆာက BLACK PINK အဖွဲ့ဝင်တွေအကြောင်း ထုတ်ဖော်ပြောကြားထားပြီး သူက ဖျော်ဖြေရေးစင်မြင့်ပေါ် မတက်မီမှာ ကြောက်ရွံ့တတ်သူတစ်ဦးဖြစ်ပေမယ့် အခြားသောအဖွဲ့ဝင်တွေကိုကြည့်ကာ အားအင်တွေရရှိခဲ့ကြောင်းလည်း ဖြေကြားထားတယ်လို့ သိရပါတယ်။

လီဆာဟာ ELLE KOREA ရဲ့ ဖေဖော်ဝါရီလထုတ် မဂ္ဂဇင်းမျက်နှာဖုံးဓာတ်ပုံတွေမှာ ပန်းပွင့်တွေအကြား ရောက်ရှိနေတဲ့ဟန် ရိုက်ကူးထားတာကိုလည်း တွေ့ရပါတယ်။ လီဆာက သူ့အနေနဲ့ ဘဝမှာ ယခုလောက်များပြားတဲ့ ပန်းပွင့်တွေကို မမြင်ဖူးကြောင်းနဲ့ ဒါဟာ သူမျှော်လင့်ထားတာထက် သာလွန်နေကြောင်း မျက်နှာဖုံးဓာတ်ပုံတွေနဲ့ ပတ်သက်ပြီး ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။



အေးပြည့် – စုစည်းသည်

## (၉)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးသန်းငွေး(ခ)သန်းငွေးအောင်**

**အသက်(၅၄)နှစ်**

၂၂-၁-၂၀၁၁ ရက်တွင် နွေးထွေးသောမေတ္တာ ကြီးမားသောအရိပ်တို့ကို ပေးစွမ်းခဲ့သော ဖခင်ကြီး မိသားစုနှင့် ရုတ်တရက်ခွဲခွာခဲ့သည်မှာ (၉)နှစ်ပြည့်ခဲ့ပါပြီ။ ကွယ်လွန်သူအတွက် ရည်စူး၍ နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ကုသိုလ်ကောင်းမှုအစုစုကို တတ်အားသရွေ့ ပြုလုပ် အမျှဝေရင်း ကျေးဇူးတရားများကို ထာဝရရင်မှာ အောက်မေ့လျက်. . .

**ကျန်ရစ်သူ**
**ဇနီး ဒေါ်သက်သက်ငွေး**
**သားသမီးမြေးတစ်စု**

---

## (၁၀)နှစ်ပြည့်ကုသိုလ်ပြုအမျှဝေခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ စာသင်ကျောင်း၊ ဇရပ်၊ တန်ဆောင်း ဒါယိကာမကြီး**

**ဒေါ်ကြည်ကြည်ဝင်း(မိတ္ထီလာ)၊ အသက်(၇၉)နှစ်**

**(၂၂-၁-၂၀၁၀) မှ (၂၂-၁-၂၀၂၀)**

မေမေရဲ့ ဂုဏ်ကျေးဇူးတွေကို အောက်မေ့တသရင်း နေ့စဉ်၊ လစဉ်၊ နှစ်စဉ်မပျက် ပြုလုပ်တဲ့ကောင်းမှုကုသိုလ်များ၊ ဇန်နဝါရီလမှာ အထူးပြုလုပ်တဲ့ ကောင်းမှုကုသိုလ်အစုစုတို့ကို အမျှပေးဝေပါတယ်။ မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပြီး နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ပါစေ။

**ခင်ပွန်း-ဦးချစ်ဆွေ**
**သမီးများ-ဘေဘီ၊ တင်တင်ဝင်း၊ မော်မော်ချစ်၊ အေးအေးချစ်**
**အေးရိပ်သာမိသားစု**

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တ သုမန မဟာထေရ်

**သိက္ခာတော်(၇၀)ဝါ၊ သက်တော်(၉၀)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁၇)ရပ်ကွက်၊ သီရိမင်္ဂလာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၏ ဦးစီးပဓာနနာယက ဆရာတော် (ခမည်းတော်ဦးပိန်-မယ်တော် ဒေါ်ညို)တို့၏သားတော် ဘဒ္ဒန္တသုမန မဟာထေရ်မြတ်သည် (၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်)၊ ၂၀-၁-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁၂:၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်)၊ ၂၆-၁-၂၀၂၀ (တနင်္ဂနွေနေ့)တွင် အထက်ပါကျောင်းတိုက်၌ အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဒါယကာ/ဒါယိကာမများ

---

## (၄) နှစ်ပြည့် လွမ်းဆွတ်သတိရ အမျှပေးဝေခြင်း

**ဒေါ်မိုးမိုးမြင့် (၂၂-၁-၂၀၁၆-၂၂-၁-၂၀၂၀)**

ပျော်ရွှင်စရာမိသားစုဘဝထဲက ထာဝရထွက်ခွာသွားတာ ၂၂-၁-၂၀၂၀ ရက်မှာ (၄)နှစ်ပြည့်ခဲ့ပေမယ့် အန်တီမိုးရဲ့ သိတတ်လိမ္မာမှု၊ နူးညံ့သိမ်မွေ့မှု၊ သဘောထားပြည့်ဝမှု၊ ချစ်ခင်ယုယတတ်မှုတွေကို နေ့စဉ်နှင့်အမျှ ခံစားသတိရနေခဲ့ပါတယ်။ လူ့ဘုံဘဝက မိသားစုတွေ အလှူအတန်းပြု ကုသိုလ်ကောင်းမှု အစုစုကို မြင့်မြတ်တဲ့ဘဝကနေ သာဓုအနုမောဒနာခေါ်ဆိုပြီး ထိုထက်မြင့်မြတ်တဲ့ဘုံဘဝကို ရောက်ရှိပါစေ။

**ဖေဖေ – ဦးတိုးလေး(ပဲခူးလျှပ်စစ် ထမင်းဆိုင်)**
**မေမေ – ဒေါ်သိန်းမြင့်**
**ခင်ပွန်း – ရဲမှူး ခင်ဇော် (လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှူး)**
**သမီး – မနှင်းအိလင်း (Grade-8) အထက (၃) ပဲခူး**
**အစ်ကို – ကိုကျော်ကျော်စိုး (ခ) ဘိုတောက် (ခေတ္တ ကိုရီးယား)**
**မောင်လေး – ကိုနေလင်း – မဖြူဖြူဝင်း (ပဲခူးမြို့)**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ဒေါရ(စ်)စိန်(၈၆)နှစ်

**အထက်တန်းကျောင်းအုပ်ကြီး(ငြိမ်း)**

ဗန်းမော်မြို့နေ (ဦးစိန်-ဒေါ်ရှင်)တို့၏ သမီး၊ (ဦးအောင်မြင့်ထွန်း)၏ ဇနီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ နွယ်နီ(၁)လမ်း၊ (ဃ)ရပ်ကွက်၊ အမှတ်(၄၅၃/၄၅၄)(2A)နေ ဦးကျော်မျိုးဝင်း-ဒေါ်စုမြတ်သန္တာ(ခ)ဒေါ်ချိုမာမြင့်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မောင်ထက်ပြည့်စုံအောင်-မခင်လေးဝေ၊ Mr.Pang Hong Man-မအိဖူးရတနာ တို့၏ အဘွား၊ မောင်ဝေယံ၊ Mr.Jimmy(ခ)မောင်လင်းသန့် တို့၏ အဘေး ဒေါ်ဒေါရ(စ်)စိန်သည် ၁၇-၁-၂၀၂၀ (သောကြာနေ့) နံနက် ၁၁:၃၀ နာရီတွင် ကျောက်တန်းမြို့၊ ဆင်ကန်မြောက်ပိုင်း ရပ်ကွက်၊ မာန်ပြေလမ်း၊ အမှတ် (၀/၉၅၈) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ကျောက်တန်းမြို့နေအိမ်၌လည်းကောင်း၊ ၂၆-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ မြောက်ဥက္ကလာပနေအိမ်၌ လည်းကောင်း ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် မိတ်ဆွေ/သူငယ်ချင်းအပေါင်းအသင်းများအား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ကြီးမြန်
သစ်ပင်
စိုက်ပျိုး
လျှင်
စွမ်းအင်
လည်း
ရ
ပြည်
လည်း
လှ

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအုပ်စိုး**

**အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း**

**အသက်(၉၀)**

သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ ယခင် အုပ်ချုပ်မှုဒါရိုက်တာ(ငြိမ်း) ဦးအုပ်စိုးသည် ၂၀-၁-၂၀၂၀ ရက် နံနက် ၁၁:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ**
**သစ်တောဖက်စပ်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ကျင်လွမ်**

**အသက်(၈၉)နှစ်**

ဦးအောင်ကျော်မိုး (ပြည့်ဖြိုးအောင်ကုမ္ပဏီလီမိတက်)-ဒေါ်သန်းသန်းအေးတို့၏ မိခင်ကြီး ဒေါ်ကျင်လွမ် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**မိဘဂုဏ်ရည်မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီးအောင်ကြည်(ငြိမ်း)**

**အသက်(၈၇)နှစ်**

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်းဝင်၊ အမှတ်(၁၈၄)၊ သက်ကြီးကန်တော့ခံပုဂ္ဂိုလ်ဖြစ်သူ ဒုတိယဗိုလ်မှူးကြီးအောင်ကြည်(ငြိမ်း) အသက်(၈၇) နှစ် သည် ၁၉-၁-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၄:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်လှလှဦး**

**အသက်(၇၅)နှစ်**

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးမြင့်ခိုင်-ဒေါ်ခင်ယုလှိုင်တို့၏မိခင်ကြီး ဒေါ်လှလှဦးသည် ၁၅-၁-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**OTS(97)မှ သူငယ်ချင်းမိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအုပ်စိုး**

**အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း**

**အသက်(၉၀)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အထက်ဗဟိုလမ်း၊ အမှတ်(၁၈)နေ ဒေါ်စိန်ငွေး၏ ချစ်လှစွာသောခင်ပွန်းဖြစ်သူ ဦးအုပ်စိုးသည် ၂၀-၁-၂၀၂၀ ရက် နံနက် ၁၁:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အထွေထွေမန်နေဂျာ(သစ်ထုတ်ရေး)နှင့် ဝန်ထမ်းမိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအုပ်စိုး**

**အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း**

**အသက်(၉၀)**

ဆရာကြီး ဦးအုပ်စိုး (အထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း) သည် ၂၀-၁-၂၀၂၀ (တနင်္လာနေ့)နံနက် ၁၁:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၄၊ လက်ထောက်မန်နေဂျာ(ရောင်း/စက်)**
**မြန်မာ့သစ်လုပ်ငန်း၊ အလုပ်ဝင်အရာထမ်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအုပ်စိုး**

**အသက် (၉၀)**

**အထွေထွေမန်နေဂျာ (ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း**

**နာယက၊ မြန်မာ့သစ်လုပ်ငန်းဝန်ထမ်းဟောင်းများအသင်း**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဦးအုပ်စိုး (အထွေထွေမန်နေဂျာ -ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)သည် ၂၀-၁-၂၀၂၀ ရက် နံနက် ၁၁:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာ့သစ်လုပ်ငန်းဝန်ထမ်းဟောင်းများအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဓာတ်မှန်ဆရာဝန်ကြီး ဒေါက်တာခင်မာရှိန် (ပါမောက္ခ-ဌာနမှူး၊ ဆေးတက္ကသိုလ်၊ မကွေး)၏ ချစ်လှစွာသောဖခင်ကြီး ဦးဝမ်ရှိန် (မော်လမြိုင်) အသက် (၈၉)နှစ် (လက်ထောက်အထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)သည် ၁၇-၁-၂၀၂၀ ရက် နံနက် ၇:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဓါတ်မှန်ပညာအဖွဲ့**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ခင်အုန်း**

**အသက် (၈၅) နှစ်**

သူငယ်ချင်း ဒေါက်တာဆင့်ဆင့်ထွန်း (တွဲဖက်ပါမောက္ခ၊ Biochemistry Department၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်) ၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ခင်ခင်အုန်းသည် ၁၉-၁-၂၀၂၀ (တနင်္ဂနွေနေ့) တွင် ကွယ်လွန်ကြောင်းကြားသိရ၍ သူငယ်ချင်း မိသားစုနှင့် ထပ်တူထပ်မျှ စာနာဝမ်းနည်းကြေကွဲရပါသည်။

**ဆေးတက္ကသိုလ် (၁)**
**(၁၉၈၇-၁၉၉၈ Batch)မှ**
**အတန်းသားသူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီးအောင်ကြည် (ငြိမ်း) (၈၇) နှစ်**

**ညွှန်ကြားရေးမှူး (ငြိမ်း)၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂၄-F)၊ သန့်ဇင်လမ်းနေ ဦးဝင်းကျော်ခိုင်-ပါမောက္ခဒေါက်တာ ခင်သီတာအောင် (ပါမောက္ခ/ဌာနမှူး၊ ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ်-၁)၏ ချစ်လှစွာသောဖခင်ကြီးသည် ၁၉-၁-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၄:၅၁ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရောဂါဗေဒဆရာဝန်များအဖွဲ့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီးအောင်ကြည် (ငြိမ်း) (၈၇) နှစ်**

**ညွှန်ကြားရေးမှူး (ငြိမ်း)၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂၄-F)၊ သန့်ဇင်လမ်းနေ ဦးဝင်းကျော်ခိုင်-ပါမောက္ခဒေါက်တာခင်သီတာအောင် (ပါမောက္ခ/ဌာနမှူး၊ ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ်-၁)၏ ချစ်လှစွာသောဖခင်ကြီးသည် ၁၉-၁-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၄:၅၁ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဓာတ်ခွဲမိသားစု**

---

## အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အကွက် (၂၈၄၊ ၂၈၅)၊ ဇုန်(၄)၊ စက်မှုဇုန်တွင်တည်ရှိသော **ဝင်းဝင်းဖယောင်းတိုင်လုပ်ငန်း** သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား မိမိတို့ တစ်ဦးတည်းမူပိုင်အဖြစ် ပြုလုပ်သုံးစွဲရန်အတွက် ၁၂-၁၀-၁၉၉၂ မှစ၍ မှတ်ပုံတင်သွင်းကြေညာစာချုပ်ဖြင့် မှတ်ပုံတင်သွင်းခဲ့သည့် မူလတီထွင်ဖန်တီးသူ အမှတ်တံဆိပ်မူပိုင်ရှင် ဖြစ်ပါသည်။

**မှတ်ပုံတင်စာချုပ်အမှတ် -၁၉/၉၂**
**(နေ့စွဲ- ၁၂-၁၀-၁၉၉၂)**

အထက်ဖော်ပြပါ အမှတ်တံဆိပ်အား ဖယောင်းတိုင်အမျိုးမျိုး ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်း၊ ဆိုင်များ ဖွင့်လှစ်ခြင်း စသည်တို့တွင် အရောင်အမျိုးမျိုး၊ အရွယ်အစားဆိုဒ်အမျိုးမျိုး ပြုလုပ်ကပ်နှိပ် ယှဉ်တွဲကာ လုပ်ငန်းသုံးအမှတ်တံဆိပ်အဖြစ် အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မိမိတို့မူပိုင်အဖြစ် အသုံးပြုနေသော အဆိုပါအမှတ်တံဆိပ်အား အတုဖြစ်စေ၊ ဆင်တူယိုးမှား သံတူကြောင်းကွဲဖြစ်စေ မည်သူမဆို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြုလုပ်သုံးစွဲလက်ဝယ်ထားရှိခြင်းမပြုလုပ်ပါရန်နှင့် အထက်ဖော်ပြပါ အမှတ်တံဆိပ်မူပိုင်ရှင်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ သုံးစွဲခြင်းများတွေ့ရှိပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါအမှတ်တံဆိပ်အမည်အမှတ်အသားများကို မူလတီထွင် ဖန်တီးသူမှ မူပိုင်အဖြစ် သုံးစွဲလျက်ရှိကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝင်းဝင်းဖယောင်းတိုင်လုပ်ငန်း-ဦးစိုးနိုင် [၃/လဘန(နိုင်)၀၀၃၉၆၉]၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့် (LL.B,D.B.L,D.I.L,D.M.L)** | **ဒေါ်ဇင်မာအေး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇)** | **အထက်တန်းရှေ့နေ(စဉ်-၅၁၃၉၅)** |

**The Solution Power Law Firm**

**အမှတ်(၂၁)၊ မြေညီထပ်၊ (၁၃)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၀၃၇၀၁၁၆၊ ၀၉-၇၉၅၉၂၁၉၃၂**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမင်းမင်းကျော် (စစ်တွေ)**

(B.C.Tech, 8th Batch UCSY)

**အသက်(၄၃)နှစ်**

သူငယ်ချင်း မင်းမင်းကျော် သည် ၂၁-၁-၂၀၂၀ (အင်္ဂါနေ့) နံနက် ၄:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၉၃-၉၄ အထက(၂)၊ စစ်တွေ**
**သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ကျောင်း၊သိမ်၊ရဟန်းအမ

**ဒေါ် ခင်စောမူ** (B.Com;C.P.A)

ညွှန်ကြားရေးမှူး(ငွေစာရင်းဌာနခွဲ)၊ စိုက်ပျိုးရေးဦးစီးဌာန

**အသက်(၅၈)နှစ်**

ဒေါ်ခင်စောမူ(82ECO)သည် ၂၁.၁.၂၀၂၀(အင်္ဂါနေ့)၊နံနက်(၁း၀၀)နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၂-ခုနှစ်၊စီးပွားရေးတက္ကသိုလ် ကျောင်းသား/သူများ

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးဝင်းဇော်အောင် (ခ) ဦးတူး**

**အသက် (၅၆) နှစ်**

**ဥက္ကဋ္ဌ-ငွေအိမ်မင်းကုမ္ပဏီလီမိတက်**

ငွေအိမ်မင်းကုမ္ပဏီလီမိတက်၏ဦးစီးဦးဆောင် ဥက္ကဋ္ဌကြီး ဦးဝင်းဇော်အောင်(ခ)ဦးတူးသည် ၂၀-၁-၂၀၂၀ (တနင်္လာနေ့) ည ၆:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ငွေအိမ်မင်းကုမ္ပဏီ ဝန်ထမ်းမိသားစုအားလုံးအတွက် ဖော်ပြ၍ မရနိုင်လောက်အောင် ဆုံးရှုံးမှုတစ်ခုကဲ့သို့ ခံစားရပါသည်။ ဝန်ထမ်းမိသားစုအားလုံးမှ ဦးဝင်းဇော်အောင်မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းမိသားစု**
**ငွေအိမ်မင်းကုမ္ပဏီလီမိတက်**

---

**သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏**

**ကြေးမုံ ယနေ့ ဖတ်စရာ**

**ပြည်ထောင်စုရွေ့နေချုပ်ရုံးအနေဖြင့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေး ကော်မရှင်၏ အစီရင်ခံစာပါ အကြံပြုချက်များကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည်**

စာမျက်နှာ » ၇

--------------

**လွတ်လပ်သောစုံစမ်းစစ်ဆေးရေး ကော်မရှင်၏ အပြီးသတ်အစီရင်ခံစာနှင့် စပ်လျဉ်း၍ တပ်မတော်၏ သဘောထား ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်**

စာမျက်နှာ » ၇

--------------

**သမ္မတ ဒေါ်နယ်ထရမ့်အား စွဲချက်တင် စစ်ဆေးမှု စတင်**

စာမျက်နှာ » ၁၃

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် USIP တို့ပူးပေါင်း၍ အမုန်းစကားနှင့် သတင်းအတု၊ သတင်းအမှားများ တားဆီးကာကွယ်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် United States Institute of Peace (USIP) တို့ပူးပေါင်းပြုလုပ်သည့် အမုန်းစကားနှင့် သတင်းအတု၊ သတင်းအမှားများ တားဆီးကာကွယ်ရေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲအရာရှိများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နည်းပညာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ United States Institute of Peace (USIP) မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း အမုန်းစကားနှင့် သတင်းအတု၊ သတင်းအမှားများ တားဆီးကာကွယ်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။



# မြန်မာနိုင်ငံတိုင်းရင်းသူအလှမယ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ဆန်ခါတင်ပြိုင်ပွဲဝင် တိုင်းရင်းသူအလှမယ်များ မိတ်ဆက်

**ရန်ကုန် ဇန်နဝါရီ ၂၁**

မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရိုးရာယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးပွဲတော်ဖြစ်သည့် သွေးချင်းတို့ရဲ့ပွဲတော်ဆီ မြန်မာနိုင်ငံတိုင်းရင်းသူအလှမယ်ပြိုင်ပွဲ (Miss Ethnic Myanmar 2020) တွင် ပါဝင်ယှဉ်ပြိုင်မည့် ဆန်ခါတင်ပြိုင်ပွဲဝင် တိုင်းရင်းသူအလှမယ်များ ကြိုဆိုခြင်းနှင့် မီဒီယာများမိတ်ဆက်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် ညပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းအတွင်းရှိ Myanmar Sport Hotel ၌ ပြုလုပ်သည်။

''Miss ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်တဲ့သူတွေက တိုင်းရင်းသားဒေသအသီးသီးမှာရှိတဲ့ တကယ့်တိုင်းရင်းသူတွေပါ။ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနဲ့ Title ဆုတွေနဲ့ ထားရှိတယ်ဆိုပေမယ့် တကယ့်အဓိကရည်ရွယ်ချက်က တိုင်းရင်းသူတွေရဲ့ တစ်ဦးနဲ့တစ်ဦးချစ်ခြင်းမေတ္တာ၊ သူတို့ရဲ့ရင်းနှီးမှုကို တည်ဆောက်သလို တိုင်းရင်းသားတစ်ဦးနဲ့တစ်ဦး ယဉ်ကျေးမှုကို ရင်းနှီးဖို့ ရည်ရွယ်ခြင်းဖြစ်ပါတယ်။

စာမျက်နှာ ၈ ကော်လံ ၄ သို့ ❍

# ထိုင်းလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲအတွက် မြန်မာအမျိုးသမီးအသင်း လေ့ကျင့်

**မန္တလေး ဇန်နဝါရီ ၂၁**

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ၂၀၂၀ တိုကျိုအိုလံပစ်တတိယအဆင့် ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ထိုင်းလက်ရွေးစင်အသင်းနှင့် ခြေစမ်းမည်ဖြစ်ပြီး ယင်းခြေစမ်းပွဲအတွက် ဇန်နဝါရီ ၂၀ ရက်မှစ၍ မန္တလေးမြို့၌ စတင်လေ့ကျင့်လျက်ရှိသည်။

မြန်မာအမျိုးသမီးအသင်း အိုလံပစ်ခြေစစ်ပွဲအတွက် အပြီးသတ်ပြင်ဆင်မှုများပြုလုပ်ရန် ထိုင်းအသင်းနှင့် ဇန်နဝါရီ ၂၅ ရက်၊ ၂၈ ရက်တို့တွင်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် ဇန်နဝါရီ ၂၁**

ယနေ့ မြန်မာစံတော်ချိန် နံနက် ၄ နာရီ ၁၄ မိနစ် ၂၈ စက္ကန့်အချိန်တွင် ဟားခါးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၅၆ မိုင်ခန့် ကွာဝေးသော၊ မြန်မာနိုင်ငံပြည်တွင်း (မင်းကင်းမြို့၏အနောက်ဘက် လေးမိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၂ ဒသမ ၈၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၄၄ ဒီဂရီ၊ အနက် ၄၇ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ကြေးမုံ

